shwenantthar
publishing house

ပဉ္စနိကာယ

(ပိဋကတ်သုံးပုံပါဋိတော်ကျမ်းများမိတ်ဆက်)

၆၀ ၃

ဘိက္ခု သကျလောကပဏ္ဍိတ

shwenanthar
publishing house

ပဥ္စနိကာယ

ပါဠိတော်ကျမ်းများမိတ်ဆက်

ဘိက္ခု သကျလောကပဏ္ဍိတ

ရက်စွဲပါ နှိုးဘဲ့ ...
အမှတ်ပါ ...
ဗဟုသုတနှင့်ထွန်းကားပြုနိုင်ရေးပြုစုရုံးမှ
ယူဇနာ ... ဈေးကြည့်တိုက်

စာမူဖွင့်ပြုအမှတ်	
၆၀၀၂၁၅၅၁၁၁	
မျက်နှာဖုံးဖွင့်ပြုအမှတ်	
၆၀၀၂၉၆၆၀၆၁	
စာအုပ်ပြင်ဆင်ဖွဲ့စည်းမှု	
ဝိကာမီဒီယာ	**ဒို့တာဝန်အရေးသုံးပါး**
ထုတ်ဝေသူ	ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
ဦးသစ်လွင်	တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
ဂန္ဓာဂေါ်မြိုင်စာပေ	အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး
၁၁၃၊ ရွှေပြည်သာလမ်း။	**ပြည်သူ့သဘောထား**
	ပြည်ပအားကိုးပဆိန်ရိုး အဆိုးမြင်ဝါဒီများ၏ ဆန်ကျင်ကြ။
ပုံနှိပ်သူ	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို
ဦးဝင်းကျော်ထွန်း	နောင်ယုတ်မာကာဆိုးသွမ်းများ၏ ဆန်ကျင်ကြ။
မုံရွှေးပုံနှိပ်တိုက်၊	နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်တက်နောင်ယုတ်သော
၁၄၀၊ ၄၅လမ်း၊ ရန်ကုန်။	ပြည်နိုင်ငံများ၏ ဆန်ကျင်ကြ။
	ပြည်တွင်းပြည်ပအမှုက်သမားများ၏ ဘုံရန်သူအဖြစ် သတ်မှတ်ခေါ်ဆိုကြ။
မျက်နှာဖုံးဖလင်	**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**
စတားကာလာရီပရိ	နိုင်ငံတော်တည်ငြိမ်ရေး ရပ်လွှားအားချစ်ဝေးယားရေးနှင့် တရားဥပဒေစိုးမိုးရေး
အတွင်းဖလင်	အမျိုးသားပြန်လည်ရင်းလုံးညီညွတ်ရေး
	ဒီမိုကရေစီလမ်းပေါ်အခြေခံဥပဒေအသစ် ပြုစပြင်ဖော်ထုတ်ရေး
ကာလာကင်း	ပြုပြင်ပြင်ဆင်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့်အညီ
	ဒေတာဘေ့စ်ပြုစုတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။
ဈေးနှုန်း	**စီးပွားရေးဦးတည်ချက်(၄)ရပ်**
၁၀၀၀	စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
	ဆက်စပ်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဝန်ထုပ်:	လူမှုကွက်စီးပွားရေးစနစ် ဖိပြင်ဖွဲ့ဖြစ်ပေါ်လာရေး။
၁၀၀၀ ကျပ်	ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများစိတ်ဝင်စိုက်
ထုတ်ဝေသည့်ကာလ	စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
၂၀၁၀၊ အောက်တိုဘာ	နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဝန်တိုးနိုင်မှုမပမ်းအားသည်
(ပထမအကြိမ်)	နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ဆက်လက်ဝယ်တွင် ရှိရေး။
	လူမှုရေးဦးတည်ချက်(၄)ရပ်
	တစ်ပျိုးသားလုံးဆီစိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့် မားရေး။
	အမျိုးဂုဏ်ဓာတိဂုဏ်မြင့် မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
	အမျိုးသားရေးလက္ခဏာများ ပင်ပျက်ပျက်ခင်အောင် ထိန်းသိမ်းတင့်လျားရေး။
	မျိုးချစ်စိတ်ဓာတ်ရင့်သန်ထက်မြက်ရေး။
	တစ်ပျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့် မားရေး။

သက္ကလောကပဏ္ဍိတ ဘိက္ခု ၂၉၄ • ၃
ပဋ္ဌာန်ကာယ(ဝိဇ္ဇာတော်သုံးပုံပါဠိတော်ကျမ်းများစိတ်ဆက်)
ဘိက္ခု သက္ကလောကပဏ္ဍိတ - ရန်ကုန်
ဂန္ဓာဂေါ်မြိုင်စာပေ - ၂၀၁၀
၁၁၀ - စာ ၊ ၁၃ • ၂၁ x ၂၀ • ၈၃ စင်တီ
(၁) ပဋ္ဌာန်ကာယ(ဝိဇ္ဇာတော်သုံးပုံပါဠိတော်ကျမ်းများစိတ်ဆက်)

မာတိကာ

- ဗုဒ္ဓဝင်အကျဉ်း ၅
- အိန္ဒိယနိုင်ငံပါဠိစာပေသမိုင်း ၈
- သီဟိုဠ်နိုင်ငံပါဠိစာပေသမိုင်း ၂၃
- မြန်မာနိုင်ငံပါဠိစာပေသမိုင်း ၃၂
- သံဂါယနာမှတ်တမ်းတင်ပွဲများ
- သမိုင်းအကျဉ်းချုပ် ၄၁
- ပါဠိတော်ကျမ်းများမိတ်ဆက် ၄၅
  - (က) ဝိနယပိဋကကျမ်းများ ၄၅
  - (ခ) သုတ္တန္တပိဋကကျမ်းများ ၅၄
  - (ဂ) အဘိဓမ္မာပိဋကကျမ်းများ ၉၀
- ပါဠိတော်ကျမ်းများနောက်
  ပေါ်ပေါက်ခဲ့သောအဖွင့်ကျမ်းအမျိုးမျိုး ၉၇

နောက်ဆက်တွဲ

  - (က) ပါဠိတော်ကျမ်းများစာရင်း ၁၀၀
  - (ခ) အဋ္ဌကထာအဖွင့်ကျမ်းများစာရင်း ၁၀၃
  - (ဂ) ဋီကာအဖွင့်ကျမ်းများစာရင်း ၁၀၇

အမှာစကား

"အယူသမ္မာ၊ တော်ဖြောင့်စွာလျှင်၊ ပညာရှိပေါင်း သူမြတ်လောင်းတို့၊
လမ်းကြောင်းကျင့်နည်း နိဿရည်းကို၊ ဆည်းဆည်းပူးပူး ဘုရားဖူးသို့၊
ကြားဖူးနားဝမျှားအပ်စွဲရှင့်၊ သုတလောက်ငံ၊ စုံပြည့်လျှံအောင်၊ နာခံမှတ်သား
မပြတ်ကြားနှင့်၊ သင်ကြားကြံမေး ဆွေးနွေးဆောင်ပြ။ ရတိုင်းစုလော့"

မန်လည်ဆရာတော်(၁၂၀၃ - ၁၂၇၂)

"ဘုရားတရား ဤနှစ်ပါးတွင်၊ တရားမြင်၊ ချစ်ရှင်ကိုလည်း တွေ့သတည်း။
တရားမမြင်၊ ဘုရား၀င်၊ ချစ်ရှင်မတွေ့! ယောင်ဝေ့ဝေ့"။

လယ်တီဆရာတော်(၁၂၀၇ - ၁၂၇၅)

ဝန်ခံစကား

မိမိသည် ဗုဒ္ဓစာပေပညာရှင်၊ သုတေသနပညာရှင်၊ သမိုင်းပညာရှင်၊ မည်သည့် ပညာရှင်မှလည်း မဟုတ်ပါ။ ထို့အပြင် စာရေးဆရာလည်း မဟုတ်ပါ။ ဒီစာအုပ်ရဲ့ တစ်ဝက်က 'ကူးယူဖော်ပြ' ထားပြီး၊ တစ်ဝက်က ပညာရှင်ကြီးများ၏မှုကို ကျေးဇူး ယူပြီး 'တု' ထားတာပါ။ ထိုထိုပညာရှင်များနှင့် တီးမိခေါက်မိပြီးသူများအတွက် မရည်ရွယ်ရဲ့၊ ပါဠိစာပေကို လုံးဝ မရင်းနှီးသေးတဲ့ ဒါယကာများ၊ ပါဠိတော်ကျမ်းတွေ သင်ခွင့်မရသေးတဲ့ ကိုရင်၊ သိက္ခာရှင်များ သူတို့အတွက် မိတ်ဆက်ပါ။
အဲဒေတာ့ ဘာပြောမလဲ 'တံ သုဏာထ-နာကြကုန်၊ ဖတ်ကြကုန်သတည်းပေါ့'။
မရည်ရွယ်တဲ့ အမှားတစ်ခုခုပါသွားရင် မိမိရဲ့မပြည့်စုံမှုနဲ့ ညံ့ဖျင်းမှုသာဖြစ်ကြောင်း ကြိုတင်ဝန်ခံပါတယ်။ ။

(ဘိက္ခု သက္ကလောကပဏ္ဍိတ)

ဗုဒ္ဓဝင်အကျဉ်း

ဘီစီ ၆ ရာစုအချိန်သည် အိန္ဒိယလူမျိုးတို့၏ အတွေးအခေါ် အယူအဆများ တိုးတက်နေသောအချိန်ဖြစ်သည်။ ရှေးခေတ်က လက်ခံခဲ့သော ဘာသာရေးအယူအဆများကို ဝေဖန်သုံးသပ်လာကြသည်။အစဉ်အလာယူဆချက်များအပေါ် သံသယဖြစ်လာကြသည်။ ဝေဒအယူအဆဖြစ်သော ယဇ်ပူဇော်ခြင်းနည်းများဖြင့် ချမ်းသာသုခရနိုင်မည် ဆိုခြင်းကို လက်ခံလိုစိတ် မရှိကြတော့ပေ။ သို့ဖြစ်၍ အတွေးခေါ်ပိုင်းကို ဦးစားပေးလိုက်စားလာကြသည်။ အမှန်တရားကို ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ ရှာဖွေကြ၏။ တောထွက်၍ အားထုတ်ရှာဖွေကြ၏။

ထိုသို့ပြုကျင့်ခြင်းဖြင့် အဖိုးတန်ခဲဖွယ် အမြောက်အများကို အကုန်အကျခံ၍ ယဇ်ပူဇော်ရခြင်းတည်းဟူသော ဒုက္ခအပေါင်းမှလည်း ကင်းဝေးလာရ၏။ အမှန်တရားကို ကိုယ်တိုင်ကျင့်ကြံအားထုတ်ခြင်း အတွက် ကိုယ်ကျင့်တရားသည် အဓိကအရေးကြီးသော သော့ချက်တစ်ခုဖြစ်ကြောင်းကိုလည်း သိရှိလာကြသည်။ ဤအယူအဆ ပြောင်းလဲချက်များသည် ဗုဒ္ဓမတိုင်မီ ဥပနိသျှအတွေးအခေါ်များတွင်လည်း တွေ့ရှိရပေသည်။

ဗုဒ္ဓလောင်းလျှာဖြစ်သော သိဒ္ဓတ္ထကို ခရစ်မပေါ်မီ ဘီစီ ၆ရာစု တွင် အိန္ဒိယပြည် အရှေ့မြောက်ဘက် ဟိမဝန္တာတောင်ခြေရှိ ကပိလ ဝတ်ပြည်၌ ဖွားမြင်ခဲ့သည်။ ခမည်းတော်မှာ ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနဖြစ်၍ မယ်တော်မှာ မဟာမာယာဖြစ်သည်။ မဟာမာယာ သည် သိဒ္ဓတ္ထကိုဖွားမြင်ပြီး ၇ ရက်အကြာတွင် ကွယ်လွန်ခဲ့သည်။အရွယ် ရောက်သောအခါ မောင်နှမဝမ်းကွဲတော်စပ်သော ဒေဝဒဟတ်ပြည့်ရှင် ဘုရင့်သမီးတော်ယသော်ဓရာနှင့် လက်ထပ်ထိမ်းမြားခဲ့သည်။

သိဒ္ဓတ္ထသည် အသက်၁၆ နှစ်အရွယ်မှ အသက် ၂၉ နှစ်အရွယ် အထိ ၁၃ နှစ်တိုင်တိုင် မိဖုရားများစွာဖြင့် လောကစည်းစိမ်ကို ခံစား နေထိုင်ခဲ့သည်။ ရာဟုလာအမည်ရှိ သားတော်တစ်ယောက် ထွန်းကားခဲ့ သည်။ အသက် ၂၉ နှစ်တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်းတည်းဟူသော နိမိတ်ကြီးလေးပါးကိုမြင်တွေ့ရ၍ သတိသံဝေဂရပြီး တောထွက်ခဲ့သည်။ သိဒ္ဓတ္ထသည် ၆ နှစ်ပတ်လုံး ဒုက္ကရစရိယာတည်းဟူသော ပြင်းထန်ဆင်းရဲ သောအကျင့်ကို ကျင့်ကြံအားထုတ်ခဲ့သည်။ ထို့နောက်တွင်မှ ပြင်းထန် လွန်းသောအကျင့်ကို စွန့်ပယ်ကာ မရှိမပဋိပဒါဟူသော အလယ်အလတ် လမ်းစဉ်သို့ ကူးပြောင်းအားထုတ်ခဲ့သည်။

ထိုသို့ ၆ နှစ်ကြာသောအကျင့်၏အဆုံးတွင် ဆရာမရှိဘဲ သိမြင် ၍ သဗ္ဗညုတညာဏ်ကိုရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဗုဒ္ဓအဖြစ် သို့ ရောက်ရှိချိန်တွင် အသက်အားဖြင့် ၃၅ နှစ်သာ ရှိသေးသည်။ ၃၅နှစ်မှ သည် သက်တော် ၈၀ အထိ ၄၅ နှစ်ကာလပတ်လုံး ဗုဒ္ဓသည် တစ်နေရာ မှ တစ်နေရာသို့ လှည့်လည်၍ တရားများကို ဟောကြားတော်မူခဲ့သည်။ ဗုဒ္ဓဟောကြားခဲ့သောတရားများကို ပိဋကတ်သုံးပုံဟု ဖွဲ့စည်းခေါ်ဝေါ် သည်။ အချို့ကလည်း နိကာယ်ငါးရပ်အဖြစ် ငါးစုဖွဲ့စည်းယူကြသည်။ မြတ်ဗုဒ္ဓသည် သစ္စာတရားကို မိမိကိုယ်တော်တိုင် အကြွင်းမရှိ သိမြင် တော်မူသည်။ သတ္တဝါများကိုလည်း သိမြင်စေတော်မူခဲ့သည်။ ဤသို့ ၄၅ နှစ်လုံးလုံး သတ္တဝါတို့၏အကျိုးအတွက် တရားဓမ္မများကို လှည့်လည် ဟောကြားတော်မူပြီး သက်တော် ၈၀ အရွယ်တွင် ပရိနိဗ္ဗာန်ပြုတော်မူ ခဲ့လေသည်။

ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အယူအဆများ ကွဲလွဲကြ၍ ဂိုဏ်း အမျိုးမျိုး ပေါ်ပေါက်လာရပေသည်။ ထင်ရှားသော ဂိုဏ်းကြီးနှစ်ဂိုဏ်းမှာ ဟိနယာန(သို့မဟုတ်)ထေရဝါဒဂိုဏ်းကြီးနှင့် မဟာယာနဂိုဏ်းကြီးတို့ဖြစ်ကြသည်။ ထေရဝါဒသည် သီရိလင်္ကာ၊မြန်မာနှင့်ထိုင်းနိုင်ငံတို့တွင်ပြန့်ပွားလျက် မဟာယာနဂိုဏ်းသည် မြောက်ပိုင်းနိုင်ငံများဖြစ်သော တိဗက်၊ တရုတ်နှင့်ဂျပန်နိုင်ငံတို့တွင် ပျံ့ပွားလာကြောင်း တွေ့ရှိရသည်။

* * * * *

၊ ၈၁ ၊

အိန္ဒိယနိုင်ငံ ပါဠိစာပေသမိုင်း

ပါဠိစာပေသည် အလွန်ကျယ်ဝန်းသော စာပေကြီးတစ်ရပ် ဖြစ်ရကား ၎င်း၏သမိုင်းကို အကျယ်ရေးသားရန် မဖြစ်နိုင်ပေ။ အရေးကြီးသည့် အစိတ်အပိုင်းများကိုသာ အကျဉ်းချုပ်၍ ရေးသားဖော်ပြလိုက်ပေသည်။

"ပါဠိစာပေ"ဟူသောစကားဖြင့် ပါဠိဘာသာ(ဝါ)မာဂဓဘာသာဖြင့် ရေးသားထားသမျှသော စာပေအားလုံးကိုပင် ဆိုလိုသည်။ သို့ရာတွင် ပါဠိနှင့် တိုင်းရင်းသားဘာသာ ရောစပ်၍ ရေးသားအပ်သည့် နိဿယကဲ့သို့သောကျမ်းစာမျိုးနှင့်ပါဠိပိဋကတ်ကိုအမှီပြု၍တိုင်းရင်းသားဘာသာဖြင့် ရေးသားအပ်သည့် ကျမ်းဂန်မျိုးတို့ကိုလည်း ပါဠိစာပေ၌ပင် ထည့်သွင်း ရေတွက်အပ်ပေသည်။ ပါဠိစာပေ၌ အကျုံးဝင်သော ကျမ်းဂန်များကို အမျိုးအစားအားဖြင့် ခွဲဝေကြည့်လျှင် . . .

- ပါဋိတော်
- အင္ဂုတ္တရ
- ဋီကာ
- အနုဋီကာ
- မဓု
- လက်သန်း
- ဂဏ္ဌိ
- ယောဇနာ
- ဒီပနီ
- နိဿယ
- အရကောက် စသည်ဖြင့်များစွာ ရှိလေသည်။

* ***ပါဋိတော်*** ဟူသည်မှာမြတ်စွာဘုရားရှင်သာမုဏ္ဍိသိကဒေသနာ အဖြစ်ဖြင့် ဟောတော်မူအပ်သော တရားတော်များနှင့်သာဝက စသည်တို့ဟောသောတရားတော်များကိုပြသောစကားရပ်တို့ကို ဆိုလိုပေသည်။

* ***အင္ဂုတ္တရ*** ဟူသည်မှာ ပါဋိတော်၏အနက်အဓိပ္ပာယ်ကို ဖွင့်ပြသောကျမ်းဖြစ်လေသည်။ ဤကျမ်းမျိုးတွင် ပါဋိတော်၏ပုဒ်အနက်ကို သာမဂဘဲ ပါဋိတော်နှင့်ဆက်စပ်၍ သိသင့်သိထိုက်သော ခက်ခဲနက်နဲသော အဆုံးအဖြတ်များ၊ ပုံပြင်သက်သေများကိုပါ ထည့်သွင်း၍ဖွင့်ပြလေ့ရှိသည်ကို တွေ့ရသည်။ များသောအားဖြင့်ဤ ကျမ်းမျိုးတို့သည် ကျမ်းဦးအစ၌ အကျယ်ဖွင့်ဆိုပြီးနောက်ပိုင်းတွင် အသိခက်သော အရာတို့ကိုသာ ဖွင့်ဆိုလေ့ ရှိကြသည်။

* ***ဋီကာ*** ဟူသည်မှာ အင္ဂုတ္တရကိုပင်လိုအပ်၍ ဆက်လက်ဖွင့်ပြသောကျမ်းမျိုးဖြစ်လေသည်။ အင္ဂုတ္တရကျမ်းဖွင့်နည်းကိုပင် အတုယူ၍ ဖွင့်ပြသောကျမ်းဖြစ်လေရာ ၎င်းတွင်အင္ဂုတ္တရ၌အသိခက်သော အရာများကို ဖွင့်ပြခြင်း၊ တိမ်မြုပ်နေသောအဓိပ္ပာယ်တို့ကို ပေါ်လွင်စေခြင်း၊ အချို့အရာတို့၌ အင္ဂုတ္တရလာအယူအဆတို့ကို ဝေဖန်စိစစ်ခြင်းစသည်များကို တွေ့ရှိနိုင်ပေသည်။

* **အနုဋ္ဌိကာ** ဟူသည်မှာ ဋ္ဌိကာကျမ်းကိုပင် ထပ်ဆင့်၍ ဖွင့်ပြသော ကျမ်းဖြစ်လေသည်။ ပါဠိစာပေတွင် ကျမ်းအမျိုးအစားတစ်ခု အနေဖြင့် အသိမျှားသော်လည်း အမှန်မှာ အဘိဓမ္မာမူလဋ္ဌိကာ၏အဖွင့် တစ်ကျမ်းကိုသာ အနုဋ္ဌိကာဟု ခေါ်ဆိုခြင်း ဖြစ်လေသည်။

* **မဓု** ဟူသည်မှာ ဋ္ဌိကာရင်းဖြင့်အနက်အဓိပ္ပာယ်မကုန်၍ ကြွင်းကျန်သည်ကိုလည်းကောင်း၊ မသိသာသည်ကိုလည်းကောင်း ကုန်စင်သိသာအောင်ဋ္ဌိကာရင်းနှင့်ပေါင်း၍ ပြသောကျမ်း ဖြစ်လေသည်။ ယင်းသို့ ပြလိုက်သောကြောင့်မြိန်မြတ်လှသောကြောင့်လည်းကောင်း ၎င်းကျမ်းမျိုးကို မဓုဒီပနီဟု ခေါ်လေသည်။

* **လက်သန်း** ဟူသည်မှာ ပါဠိတော်၊ အဋ္ဌကထာ စသည်တို့၌ လာသော အနက်အဓိပ္ပာယ်တို့ကိုမှတ်သားဆောင်လွယ်စေရန်အဋ္ဌအထာ စသည်တို့ကဲ့သို့ ပုဒ်အစဉ်တိုင်း မဖွင့်ဆိုကော့ဘဲ တိမ်မြုပ်ခဲခက် အသိခက်၍အဖုအထစ်သဖွယ်ဖြစ်နေသောပုဒ်များကိုသာ ဖွင့်ပြသည့် နက်နဲသော ဉာဏ်၏ကျက်စားရာကျမ်းမျိုး ဖြစ်လေသည်။

* **ယောဇနာ** ဟူသည်မှာ အဋ္ဌကထာစသည်တို့၏အနက်ကို လွယ်ကူသောနည်းဖြင့် ဖွင့်ပြသောကျမ်းမျိုး ဖြစ်လေသည်။ ဤကျမ်းမျိုးတို့တွင် အကျယ်တဝင့် ဖွင့်ဆိုချက်များကို မျှားစွာမတွေ့ရဘဲအဋ္ဌကထာစသည်၏ ပုဒ်အနက်၊ ဝါကျအနက်စသည်ကိုသာ ဖွင့်ပြသည်ကို တွေ့ရှိရပေသည်။

* **ဒီပနီ** ဟူသည်မှာ အနက်အဓိပ္ပာယ်ကို ထင်ရှားစွာ ဖွင့်ပြသော ကျမ်းမျိုး ဖြစ်လေသည်။ ဤကျမ်းမျိုးမှာ အချို့အရာ၌ အကြောင်းအရာတစ်ခုတည်းကိုပင် အကျယ်တဝင့်ရေးသားသော ကျမ်းမျိုးဖြစ်၍ အချို့နေရာ၌ကား ဋ္ဌိကာကျမ်းတို့ကဲ့သို့ ဖွင့်ပြသောကျမ်း ဖြစ်လေသည်။

* **နိဿယ(နိဿျ)** ဟူသည်မှာ ပါဠိတော်စသည်တို့ကိုပါဠိတစ်ပုဒ်၊ မြန်မာတစ်ပုဒ်ပြန်နည်းအားဖြင့်အနက် မြန်မာပြန်သော ကျမ်းမျိုးဖြစ်လေသည်။ ဤကျမ်းမျိုးတို့တွင် အနက်မြန်မာပြန်များသာမကဘဲ ဆိုင်ရာအမှာထားအဆုံးအဖြတ်များကိုပါ တွေ့ရှိနိုင်မည်ဖြစ်၍ ပါဠိကျမ်းတို့ကို လေ့လာရာတွင် အားကိုးအားထားအပြုရဆုံး ကျမ်းမျိုးဖြစ်လေသည်။ ထို့ကြောင့်ဤကျမ်းမျိုးကို "နိဿယ(နိဿျ)-မှီရာ၊အားကိုးရာကျမ်း" ဟု ခေါ်ဆိုရခြင်းဖြစ်ပေသည်။

* **အရကောက်** ဟူသည်မှာပါဠိတော်စသည်တို့တွင် ပါရှိသည့်ပုဒ်တစ်ပုဒ်စီဖြစ်စေ၊ စာပိုဒ်တစ်ပိုဒ်စီဖြစ်စေ ရသင့်ရထိုက်သော တရားများကိုကောက်၍ပြသောကျမ်းမျိုးဖြစ်လေသည်။ အထူးသဖြင့် အဘိဓမ္မာဆိုင်ရာတွင် ကျေးဇူးအများဆုံးပြုသောကျမ်းတို့ဖြစ်လေသည်။ဤအရကောက်ကျမ်းများမရှိလျှင် အဘိဓမ္မာပါဠိတော်တို့ကို နားလည်ခြင်းငှာ မဖြစ်နိုင်ပေ။

အထက်ပါတို့တွင် ပါဠိတော်စာပေသည် ပါဠိဘာသာ(၀ါ)မာဂဓဘာသာကိုသာမုဏ္ဍိသိကဒေသနာတော်အဖြစ် ဘုရားရှင်အသုံးပြု ဟောကြားသည့်အချိန်ကစ၍ ဖြစ်ပေါ်ခဲ့ပြီး အခါအခွင့်သင့်တိုင်း ဟောကြားခြင်းအားဖြင့် တစ်စတစ်စ အဆင့်ဆင့်တိုးပွားပြန့်ကျယ်လာခဲ့ပေသည်။ ယင်းသာမုဏ္ဍိသိကဒေသနာတော်အားလုံးကို ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါက အရှင်အာနန္ဒာတစ်ပါးတည်းသာ အနက်အဓိပ္ပာယ်နှင့်တကွ ကြွင်းမဲ့ညဿုံ အာဂုံဆောင်ခဲ့ပေသည်။ အခြားသော မထေရ်တို့တွင် ကားအချို့ကပိဋ္ဌကတစ်ပုံကိုသော်လည်းကောင်း၊ အချို့ကနိကာယ်ငါးရပ်ကိုသော်လည်းကောင်း မိမိတို့စွမ်းအားရှိသမျှ အနက်အဓိပ္ပာယ်နှင့်တကွ အာဂုံဆောင်ခဲ့ကြသည်။

သို့ရာတွင်ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ၃-လခန့်အကြာတွင် အရှင်မဟာကဿပအမှူးရှိသော ရဟန္တာမထေရ် ၅၀၀-တို့ ပဌမသံဂါယနာတင်ပွဲကို ဆင်နွဲကြလေရာ ၎င်း ပထမသံဂါယနာတင်ပွဲအပြီးတွင် မြတ်စွာဘုရား၏သာမုဏ္ဍိသိကဒေသနာတော်များ မပျက်မစီး အရှည်တည်တံ့စိမ့်သော ၄ရဟန္တာမထေရ်တို့သည် အစုလိုက် ခွဲဝေ၍ တာဝန်ယူပြီးလျှင် တရားတော်များကို နှုတ်တက်အာဂုံဆောင်တော်မူခဲ့ကြပေသည်။ ထိုသို့တာဝန်ယူကြရာတွင် အရှင်ဥပါလိနှင့် တပည့်တို့အား ဝိနယပိဋ္ဌကကိုလည်းကောင်း၊ အရှင်အာနန္ဒာနှင့်တပည့်တို့အား ဒီဃနိကာယ်ကိုလည်းကောင်း၊ အရှင်သာရိပုတ္တရာ၏ တပည့်တို့အား မဇ္ဈိမနိကာယ်ကိုလည်းကောင်း၊ အရှင်မဟာကဿပနှင့်တပည့်တို့အားသံယုတ္တနိကာယ်ကိုလည်းကောင်း၊ အရှင်အနုရုဒ္ဓါနှင့် တပည့်တို့အား အင်္ဂုတ္တရနိကာယ်ကိုလည်းကောင်း အသီးအသီး တာဝန်ခွဲဝေပေးကြောင်းကို သီလက္ခန်အဋ္ဌကထာနိဒါန်းတွင် မိန့်ဆိုထားသည်။

ယင်းသို့ မထေရ်တို့အဆက်ဆက်ဆောင်ယူခဲ့ကြရာပါဋိတော်၏ အနက်အဓိပ္ပာယ်ကိုဖွင့်ပြသောကျမ်းများလိုအပ်လာ၍ပါဋိတော်၏အဖွင့်ဖြစ်သည့် အဋ္ဌကထာခေါ်ကျမ်းများ၊ တဖန်အဋ္ဌကထာ၏အဖွင့်ဖြစ်သည့် ဋီကာခေါ်ကျမ်းများ ပေါ်ပေါက်လာခဲ့ပြန်သည်။ ထိုတွင် ဘုရားရှင်ကိုယ်တော်တိုင်ဟောတော်မူခဲ့သော တရားတော်များကိုလည်းကောင်း၊ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်နှင့်ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးမှ ထိုထိုသာဝကတို့ ဟောအပ်သည့်တရားများကိုလည်းကောင်း ပါဋိတော်ဟူ၍ ခေါ်ရပေသည်။ ၎င်းပါဋိတော်များကား ဆဋ္ဌသံဂါယနာတင်မူအရစာအုပ်ရေ ၄၀ ရှိလေသည်။ ထိုအုပ်ရေ ၄၀ ရှိသော ပါဋိတော်သည် . . .

ရသအားဖြင့်	၁ မျိုး
ဓမ္မဝိနယအားဖြင့်	၂ မျိုး
ဝစနအားဖြင့်	၃ မျိုး
ဂိဋ္ဌကတ်အားဖြင့်	၃ မျိုး
နိကာယ်အားဖြင့်	၅ မျိုး
အင်္ဂါအားဖြင့်	၉ မျိုး
ဓမ္မက္ခန္ဓာအားဖြင့်	၈၄၀၀၀ ရှိလေသည်။

၎င်းတို့တွင် ရသအားဖြင့် ၁ မျိုးဟူသည်မှာ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူ၍ သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ အစပြုလျက် ပရိနိဗ္ဗာန်စံဝင်တော်မူသည့်တိုင်အောင် ၄၅ ဝါပတ်လုံး နတ်လူဗြဟ္မာသတ္တဝါတို့အား ဟောညွှန်ဆုံးမတော်မူသော တရားတော်ဟူသမျှသည် ဝိမုတ္တိရသအားဖြင့်တစ်မျိုးတည်းသာ ဖြစ်ပေသည်။ ဆိုလိုသည်မှာ ဘုရားရှင်ဟောတော်မူခဲ့သမျှတရားတော်တို့သည် ကိလေသာတို့မှလွတ်သောအရဟတ္တဖိုလ်ချမ်းသာကို ရွက်ဆောင်ခြင်းအားဖြင့် (သို့မဟုတ်) ကိလေသာတို့မှလွတ်သော မဂ်ဖိုလ်ဟူသောအကျိုးကို ရွက်ဆောင်ခြင်းအားဖြင့် (သို့မဟုတ်) ကိလေသာတို့မှလွတ်သော မဂ်ဖိုလ်ကို ဖြစ်စေ၊ ပြီးစေခြင်းကိစ္စအားဖြင့် ရေတွက်လျှင် ဝိမုတ္တိရသတစ်မျိုးတည်းသာဖြစ်သည်ဟု ဆိုလိုသည်။

ယင်း တစ်မျိုးတည်းကိုပင် ဓမ္မ၊ ဝိနယအားဖြင့် တစ်ဖန်ခွဲသော် ၂မျိုး ဖြစ်ပြန်သည်။ ဘုရားရှင်၏စကားတော်အားလုံးသည်ပင် ကိလေသာကို ပယ်ဖျောက်တတ်သောကြောင့် ဝိနယလည်း မည်သည်။ ဆုံးမသည့်အတိုင်း ကျင့်ကြံလိုက်နာသူတို့ကို အပါယ် စသောဘေးဒုက္ခတို့သို့ မကျအောင် ဆောင်ထားတတ်သောကြောင့် ဓမ္မလည်း မည်တော့သည်။

တစ်ဖန် ဝစနအားဖြင့်ခွဲသော် 'ပထမဗုဒ္ဓဝစန၊ မဇ္ဈိမဗုဒ္ဓဝစန၊ ပစ္ဆိမဗုဒ္ဓဝစန'ဟူ၍ ၃မျိုးဖြစ်ပြီးလျှင် ပိဋကအားဖြင့်ခွဲသော် ဝိနယပိဋကာ၊ သုတ္တန္တပိဋကာ၊ အဘိဓမ္မပိဋကဟု ၃ မျိုးရှိပြန်သည်။ ထိုသုံးမျိုးတွင် . . . ဝိနယပိဋကာ၌ -

၁။	ပါရာဇိကပါဠိ	(	ဥဘတောဝိဘင်္ဂ)
၂။	ပါစိတ္တိယပါဠိ	(	။)
၃။	မဟာဝဂ္ဂပါဠိ	(	ခန္ဓက)
၄။	စူဠဝဂ္ဂပါဠိ	(	။)
၅။	ပရိဝါရပါဠိ		

သုတ္တန္တပိဋကာ၌ -

၁။	ဒီဃနိကာယ	
၂။	မဇ္ဈိမနိကာယ	
၃။	သံယုတ္တနိကာယ	
၄။	အင်္ဂုတ္တရနိကာယ	
၅။	ခုဒ္ဒကနိကာယ	ဟု ငါးမျိုးရှိလေသည်။

၁။ ဒီဃနိကာယ၌ -

၁။	သီလက္ခန္ဓဝဂ္ဂ	
၂။	မဟာဝဂ္ဂ	
၃။	ပါထိကဝဂ္ဂ	အားဖြင့် ပေါင်း(၃)ကျမ်း

၂။ မဇ္ဈိမနိကာယ၌ -

၁။	မူလပဏ္ဏာသ	
၂။	မဇ္ဈိမပဏ္ဏာသ	
၃။	ဥပရိပဏ္ဏာသ	အားဖြင့် ပေါင်း(၃)ကျမ်း

၃။ သံယုတ္တနိကာယ၌ -
- ၁။ သဂါထာဝဂ္ဂသံယုတ်
- ၂။ နိဒါနဝဂ္ဂသံယုတ်
- ၃။ ခန္ဓဝဂ္ဂသံယုတ်
- ၄။ သဠာယတနဝဂ္ဂသံယုတ်
- ၅။ မဟာဝဂ္ဂသံယုတ အားဖြင့် ပေါင်း(၅)ကျမ်း

၄။ အင်္ဂုတ္တရနိကာယ၌ -
- ၁။ ဧကကနိပါတ
- ၂။ ဒုကနိပါတ
- ၃။ တိကနိပါတ
- ၄။ စတုက္ကနိပါတ
- ၅။ ပဉ္စကနိပါတ
- ၆။ ဆက္ကနိပါတ
- ၇။ သတ္တကနိပါတ
- ၈။ အဋ္ဌကနိပါတ
- ၉။ နဝကနိပါတ
- ၁၀။ ဒသကနိပါတ
- ၁၁။ ဧကာဒသကနိပါတ အားဖြင့် ပေါင်း(၁၁)ကျမ်း

၅။ ခုဒ္ဒကနိကာယ၌ -
- ၁။ ခုဒ္ဒကပါဋ
- ၂။ ဓမ္မပဒ
- ၃။ ဥဒါန
- ၄။ ဣတိဝုတ္တက
- ၅။ သုတ္တနိပါတ
- ၆။ ဝိမာနဝတ္ထု
- ၇။ ပေတဝတ္ထု
- ၈။ ထေရဂါထာ
- ၉။ ထေရီဂါထာ
- ၁၀။ ဇာတက
- ၁၁။ နိဒ္ဒေသ
- ၁၂။ အပဒါန
- ၁၃။ ဗုဒ္ဓဝံသ
- ၁၄။ စရိယာပိဋကတ
- ၁၅။ ဟု ပေါင်း(၁၅)ကျမ်း အသီးသီးရှိလေသည်။

၆။ အဘိဓမ္မာပိဋကတ်၌ကား---
- ၁။ ဓမ္မသင်္ဂဏီ
- ၂။ ဝိဘင်္ဂ
- ၃။ ဓာတုကထာ
- ၄။ ပုဂ္ဂလပညတ္တိ
- ၅။ ကထာဝတ္ထု
- ၆။ ယမက
- ၇။ ပဋ္ဌာန ဟု ပေါင်း(၇)ကျမ်း ရှိလေသည်။

ယင်းပိဋကတ် ၃-ပုံကိုပင် နိကာယအားဖြင့် ရေတွက်သောအခါ သုတ္တန္တပိဋကသည်ဆိုခဲ့ပြီး နိကာယ်ငါးရပ်၌ အကျုံးဝင်ပြီး ဝိနည်းပိဋကနှင့် အဘိဓမ္မာပိဋကတို့သည် ခုဒ္ဒကနိကာယ်၌ အကျုံးဝင်ကြသည်။

နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံဟူသော ပါဠိတော်ကိုပင် အင်္ဂါအားဖြင့် ရေတွက်သော် -

၁။ သုတ္တ ၂။ ဂေယျ
၃။ ဝေယျာကရဏ ၄။ ဂါထာ
၅။ ဥဒါန ၆။ ဣတိဝုတ္တက
၇။ ဇာတက ၈။ အဗ္ဘုတဓမ္မ
၉။ ဝေဒလ္လ ဟု အင်္ဂါ(၉)တန် ဖြစ်ပြန်သည်။

ဓမ္မက္ခန္ဓာအားဖြင့်သော်ကား

ဒွါသီတိ ဗုဒ္ဓတော ဂဏ္ဍိ၊ဒွေ သဟဿာနိ ဘိက္ခုတော။
စတုရာသီတိ သဟဿာနိ၊ယေ မေ ဓမ္မာ ပဝတ္တိနော။

(ထေရ၊ ၃၄) ဟူသော အာနန္ဒတ္ထေရဂါထာနှင့်အညီ (၈၄၀၀၀)များမြောင်ကျယ်ဝန်းလှပေသည်။ (ဝစန၊ အင်္ဂါ၊ ဓမ္မက္ခန္ဓာ ရေတွက်ပုံကို သီလက္ခန်အဌကထာ၌ ရှု)

ဤသို့လျှင် သာမုဏ္ဍံသိကဗုဒ္ဓဝစနကိုပင် ရသအားဖြင့် တစ်မျိုး၊ ဓမ္မဝိနယအားဖြင့် နှစ်မျိုး၊ ဝစနအားဖြင့် ၃ မျိုး၊ ထို့အတူ ပိဋကတ်အားဖြင့် ၃ မျိုး၊ နိကာယ်အားဖြင့် ၅ မျိုး၊ ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀ ဟူ၍ ပထမသံဂါယနာတင်ပွဲ၌ အရှင်မဟာကဿပ အမှူးရှိသော ၅၀၀ သော အရှင်မြတ်တို့ အသီးအသီးပိုင်းခြားသတ်မှတ်၍ သံဂါယနာတင်ခဲ့ကြခြင်းဖြစ်ပေသည်။

သို့ရာတွင်ပိဋကတ်တော်များ၌ ပထမသံဂါယနာတင်ပွဲနောက်မှထည့်သွင်းထားသော စကားရပ်များ၊ သုတ်များ၊ ကျမ်းဂန်များကိုလည်းအတော်များများပင် တွေ့ရှိရပေသည်။ ဝိနယပိဋက၊ စူဠဝါပါဠိတော်၌ လာသောပထမသံဂါယနာတင်ပွဲအကြောင်းကိုပြသည့်ပဥ္စသတိကက္ခန္ဓကနှင့်ဒုတိယသံဂါယနာတင်ပွဲအကြောင်းကိုပြသော သတ္တသတိက က္ခန္ဓကတို့သည် ပထမသံဂါယနာတင်စဉ်က မပါဝင်နိုင်ခဲ့ကြပေ။ နောင် ဒုတိယ,

တတိယသံဂါယနာတင်သောအခါကျမှသာထည့်သွင်းထားခြင်းဖြစ်ကြောင်း သိသာလှပေသည်။

မှန်ပေသည်၊ သံဂါယနာတင်မထေရ် အဆက်ဆက်တို့သည် ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက်၌ ထိုထိုတပည့်သာဝကတို့ဟောသော သုတ်များကိုလည်း ဘုရားရှင်ပေးသောနည်း၌တည်လျက် ဟောအပ်သည်ဖြစ်ရကား ဘုရားစကားတော်ပင်မည်သောကြောင့် ပါဠိတော်၌ ထည့်သွင်း၍ သံဂါယနာတင်ရိုးပြုတော်မူကြသည်ကိုထိုထို ကျမ်းဂန်တို့၌ တွေ့ရှိရပေမည်။

သီလက္ခန်ပါဠိတော်လာ သုဘသုတ်၊ သုတ်မဟာဝါပါဠိတော်လာ ပါယာသိရာဇညသုတ်၊ ဥပရိပဏ္ဏာသပါဠိတော်လာ ဂေါပကမောဂ္ဂလာန သုတ်တို့သည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး မကြာမီ အရှင်အာနန္ဒာ စသော သာဝကကြီးတို့ဟောသော သုတ်များဖြစ်ပေသည်။ ထို့အတူပင် ဝိမာနဝတ္ထုပါဠိတော်လာ မလ္လိကာဝိမာန၊ ဝိသာလက္ခိဝိမာန၊ ပီတဝိမာန၊ စူဠဒုရထဝိမာန၊ ဥတ္တရ(ပါယာသိ)ဝိမာနဝတ္ထုတို့သည် ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက်မှဖြစ်ပေါ်ခဲ့၍ ပထမသံဂါယနာတင်စဉ်ကာလ၌ သံဂါယနာတင်မထေရ်တို့ထည့်သွင်းခဲ့သော ပါဠိများပင် ဖြစ်သည်။

မည်သည့်အချိန်ကာလ၌ဟောသည်ဟု အတိအကျ ပြဆိုချက် မပါသော်လည်း ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး အတော်ကြာမှ ဟောသည်ဟု ယူဆနိုင်သောသုတ်များလည်း ရှိသေးသည်။ ယင်းတို့ကား မဇ္ဈိမပဏ္ဏာသပါဠိတော်လာ မဓုရသုတ်နှင့်ယောဇနမုခသုတ်တို့ ဖြစ်သည်။ ယင်းသုတ်တို့တွင် သုဘသုတ်၊ ဂေါပကမောဂ္ဂလာနသုတ်တို့ကဲ့သို့ "အစိရပရိနိဗ္ဗုတေ ဘဂဝတိ-ဘုရားရှင်ပရိနိဗ္ဗာန်စံ၍မကြာမီ" ဟု မပါသည်ကို ထောက်လျှင် ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး အတော်ကြာမှဟောသော သုတ်များဟု မှတ်ယူရမည်။ ထိုသို့မှတ်ယူပါက ယင်းသုတ်များသည် ပထမသံဂါယနာတင်စဉ်ကမပါဝင်ဘဲ ဒုတိယသံဂါယနာစသည်တို့မှသာ ထည့်သွင်းသံဂါယနာတင်ခဲ့သောသုတ်များဟု မှတ်ယူနိုင်ပေတော့သည်။

ပထမသံဂါယနာတင်စဉ်က ဧကန်မုချမပါဟုဆိုနိုင်သော သုတ်တစ်သုတ်ကိုလည်းတွေ့ရှိရသေးသည်။ ယင်းသုတ်ကား ဥပရိပဏ္ဏာသပါဠိတော်လာဗာကုလသုတ်ပင်ဖြစ်သည်။ ဗာကုလမထေရ်သည် လူ့ဘောင်၌

အသက်(၈၀)၊ ရဟန်းဘောင်၌ ဝါတော်(၈၀) ဤသို့အားဖြင့် အသက်(၁၆၀) ရှည်တော်မူသည်။ အသက်(၈၀)ပြည့်နှစ်၌ ရဟန်းပြု၍ (၈)ရက်မြောက်နေ့၌ ရဟန္တာအဖြစ်သို့ ရောက်သည်။

ယင်းသို့ဖြစ်ခြင်းကြောင့် ဓမ္မစကြာတရားဟောအပြီး အစဉ်သဖြင့် ဒေသစာရီကြွတော်မူရာ ကောသမ္ဗီပြည်သို့ ဆိုက်ရောက်တော်မူသော ဘုရားရှင်ထံ ဆည်းကပ်၍ တရားတော်ကိုနာရသောကြောင့် ဖြစ်သည်။ ရဟန်းဘောင်တွင် ဝါတော်(၈၀)သီတင်းသုံး၍ လူ့ဘောင်ကရောင်းရင်းဖက်ဖြစ်ခဲ့သော အစေလကကဿပ(ခ) တက္ကဒွန်းရဟန်းကို တရားဟောချေချွတ်ပြီးမှ ပရိနိဗ္ဗာန်ပြုသည်။ ဤဆိုခဲ့သည့်အကြောင်းအရာများကိုထောက်သော် အရှင်ဗာကုလ၏ ရဟန်းပြုရာကာလကို အစောဆုံးအားဖြင့် ဘုရားရှင် ဘုရားအဖြစ်ရောက်တော်မူသည့်နှစ်မှာ ထားဘိဦးဘုရားရှင်သည် ဝါတော် (၄၅) ၌ ပရိနိဗ္ဗာန်စံတော်မူရာ အရှင်ဗာကုလ၏ ပရိနိဗ္ဗာန်ပြုသည့်နှစ်မှာ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ၃၅ နှစ် (သို့မဟုတ်) ၃၆ နှစ် ဖြစ်ပေမည်။

ထိုအခါမှ ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်ကို မှတ်တမ်းတင်ထားသည့် ဤဗာကုလသုတ်သည် ပထမသံဂါယနာတွင် မပါဝင်နိုင်သည်မှာ အလွန်ပင် ထင်ရှားနေပေသည်။ သို့ဖြစ်ရကား ဤဗာကုလသုတ်ကို ဒုတိယသံဂါယနာကျမှထည့်သွင်း၍ သံဂါယနာတင်ခဲ့သည်ဟု မှတ်ယူရပေမည်။ ထို့အတူပင် ပေတဝတ္ထုပါဋိတော်လာ ဥတ္တရမာတုပေတိဝတ္ထုသည်လည်း ပထမသံဂါယနာတင်ပြီးနောက်မှ အဖြစ်အပျက်ကို ပြဆိုထားသောဝတ္ထုပင် ဖြစ်သည်။ ၎င်းဝတ္ထုကို ဒုတိယသံဂါယနာကျမှထည့်သွင်းခဲ့ကြောင်းကို ပေတဝတ္ထုအဌကထာ၌ ထင်ရှားစွာပင် ပြဆိုထားလေသည်။

ဒုတိယသံဂါယနာတင်ပြီးနောက်မှ ဖြစ်ပေါ်လာသောအဖြစ်အပျက်ကိုလည်း ပေတဝတ္ထုပါဋိတော်၌ပင် တွေ့ရသေးသည်။ ယင်းကားနန္ဒကပေတဝတ္ထုပင် ဖြစ်သည်။ ၎င်းအဖြစ်အပျက်သည် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ်(၂၀၀)ကျော်အသောကမင်းလက်ထက်၌ ဖြစ်ပျက်ခဲ့ပေရာ တတိယသံဂါယနာမတင်မီဖြစ်၍ ဤဝတ္ထုကို တတိယသံဂါယနာတွင် ထည့်သွင်းခဲ့ကြောင်း ၎င်းအဌကထာအရ သိရပေသည်။

အထက်ပါ အဖြစ်အပျက်မျိုးနှင့် အရှေးမနှောင်း ဖြစ်သော အဖြစ်အပျက်တစ်ခုကိုလည်း ထေရဂါထာပါဠိတော်တွင် တွေ့ရပြန်သည်။ ယင်းကား အခြားမဟုတ်၊ အသောကမင်းကြီး၏ ညီတော်တိဿမင်းသား အကြောင်းပင် ဖြစ်သည်။ ၎င်းထေရဂါထာအဖွင့်၌ တိဿမင်းသား ရဟန်းပြုကြောင်း၊ ရဟန်းပြုပြီးနောက် ပဋ္ဌိပတ်အားထုတ်ကြောင်းနှင့် ပရိနိဗ္ဗာန်စံကြောင်းအထိ ပြဆိုထားသည်ကို တွေ့ရသည်။ ယင်းသို့ဖြစ်ရကား ညီတော်တိဿမထေရ်၏အကြောင်းကို ပြဆိုသော ဂါထာများသည် ပထမ၊ ဒုတိယသံဂါယနာတို့တွင်မပါဝင်ခဲ့ဘဲ တတိယသံဂါယနာတင်မှ ဖြစ်စေ၊ ထို့နောက်မှဖြစ်စေ ထည့်သွင်းထားသော ဂါထာများဖြစ်ကြောင်း ထင်ရှားပေသည်။

ကထာဝတ္ထုကျမ်းသည်လည်း ပထမသံဂါယနာတင် အဘိဓမ္မာကျမ်းစာရင်းတွင် ပါဝင်သော်လည်း အဌကထာများအဆိုအရ ထိုစဉ်ကမာတိကာအစဉ်မျှသာ ရှိခဲ့သည်။ နောင်အခါ အသောကမင်းလက်ထက် တတိယသံဂါယနာတင်ခါနီးအခါမှ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ဟောခဲ့သောကျမ်းဖြစ်လေသည်။

ဤကား အရှင်မဟာဗုဒ္ဓဃောသ၏အဌကထာတို့၌ ဖေါ်ပြထားသော သံဂါယနာသုံးတန်စာရင်းတွင်ပါဝင်ဟော ပါဠိတော်တို့ကို လေ့လာစိစစ်ချက်တည်း။ အဆိုပါသံဂါယနာသုံးတန်စာရင်းတွင် မပါဝင်သော်လည်း ပါဠိတော်စာရင်းဝင်အဖြစ် ရှေးမထေရ်အဆက်ဆက်တို့သတ်မှတ်လက်ခံ၍ပါဠိကော်၌ထည့်သွင်းထားသော ကျမ်းများလည်း ရှိသေးသည်။ ယင်းကျမ်းတို့ကားနေတ္တိပါဠိတော်၊ ပေဠကောပဒေသပါဠိတော်နှင့် မိလိန္ဒပဉှာကျမ်းတို့ပင်ဖြစ်သည်။ ထိုသုံးကျမ်းတို့တွင် နေတ္တိကျမ်းနှင့် ပတ်သက်၍ နေတ္တိအဌကထာ၌ အောက်ပါအတိုင်း ဖြေရှင်းထားသည်ကို တွေ့ရသည်။

"ဤ နေတ္တိကျမ်းကို မဟာသာဝက (အရှင်မဟာကစ္စာယန) ဟောအပ်၍ဘုရားရှင် အနုမောဒနာပြုအပ်၏" ဟု အဘယ်သို့ သိအပ်ပါသနည်း? ဟူမူ ပါဠိအားဖြင့်ပင် သိသည်။ ထိုစကားမှန်၏။ ပါဠိတော်ထက်သာ၍ ပမာဏမြောက်သော အခြားကျမ်းမည်သည် မရှိပေ၊ မဟာ

ပဒေသ(၄)ပါးတို့နှင့် မဆန့်ကျင်သော အကြင်ပါဠိသည် ရှိ၏။ ထိုပါဠိသည်ပမာဏမြောက်ပေ၏၊ မှန်၏။ မကဲ့ရဲ့အပ်သော ဆရာစဉ်အဆက်ဆက်သည် ပေဋကောပဒေသကျမ်းကဲ့သို့ ဤနေတ္တိကျမ်းကိုဆောင်ခဲ့၏။ ယင်းသို့ဖြစ်လျှင်အဘယ်ကြောင့် နေတ္တိကျမ်း၌နိဒါန်းကို မဟောအပ်သနည်း? သာဝကဘာသိတဖြစ်သော သုဘသုတ်၊ အနင်္ဂဏသုတ်၊ ကစ္စာယနသံယုတ်စသည်တို့၏နိဒါန်းကို ဟောကြားအပ်သည်မဟုတ်လောဟူမူ ဤနိဒါန်းကိုဟောခြင်း၊ မဟောခြင်းသည်ဧကန္တကမဟုတ်ပေ၊ အကြောင်းကား သာဝကဘာသိတဖြစ်သော ပဋိသမ္ဘိဒါမဂ်,နိဒ္ဒေသစသည်တို့၏လည်းကောင်း ,ဗုဒ္ဓဘာသိတတို့တွင် ဓမ္မပဒ,ဗုဒ္ဓဝံသစသည်တို့၏ လည်းကောင်း နိဒါန်းကိုမဟောအပ်သောကြောင့်ဖြစ်ပေသည်။ နိဒါန်း မပါသောကြောင့်လည်း ယင်းကျမ်းတို့ ပမာဏမမြောက် မဟုတ်ကြပေ။ ထို့အတူပင် ဤနေတ္တိကျမ်း၌လည်း မှတ်အပ်၏။ တနည်းလည်း ပါဠိတော်၏အနက်ကို ဖွင့်ပြရာကျမ်းဖြစ်သောကြောင့် ဤနေတ္တိကျမ်း၏ နိဒါန်းကို သီခြားဆိုဖွယ် မလိုတော့ပေ။ ပဋိသမ္ဘိဒါမဂ်၊ နိဒ္ဒေသစသည်တို့၏ နိဒါန်းကို ဆိုဖွယ်မလိုသကဲ့သို့တည်း။ ဤသို့ မှတ်အပ်၏" ။

ထို့အပြင် နေတ္တိကျမ်း၏အဆုံး၌"ဧတ္တာဝတာ သမတ္တာနေတ္တိယာ အာယသ္မတာ မဟာကစ္စာယနေနဘာသိတာ ဘဂဝတာ အနုမောဒိတာ မူလသင်္ဂီယံသင်္ဂီတာတိ" ဟုလာရှိသော နိဂုံးဝါကျကို ထောက်ဆလျှင် ဤနေတ္တိကျမ်းကို မူလ (ပဌမ)သံဂါယနာတင်အပ်သည်ဟု မှတ်ယူဖွယ်ရှိပြန်သည်။

ယင်းသို့ပင် ပါဠိတော် နိဂုံးဝါကျနှင့် နေတ္တိအဋ္ဌကထာဆရာအရှင်ဓမ္မပါလမထေရ်တို့ကဆိုသော်လည်း နေတ္တိကျမ်းနှင့် ပတ်သက်၍ဆင်ခြင်ဖွယ်အချက်များကား မရှိမဟုတ်၊ ရှိကြသည်။ နေတ္တိကျမ်းကဲ့သို့ထင်ရှားသောကျမ်းကို မဟာသာဝကအရှင်မဟာကစ္စာယနမထေရ်ဟောသည်ဖြစ်ခဲ့လျှင် "ထိုမထေရ်၏ အတ္ထုပ္ပတ္တိကို ပြဆိုသော ပဏ္ဏာမအမြောက်ဆုံးဖြစ်သည့် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ပြဆိုသင့်ပါလျက် ယင်းကို မပြဆိုခြင်း၊ ပဌမသံဂါယနာ၌ သံဂါယနာတင်ခဲ့သည်မှန်လျှင် အရှင်မဟာဗုဒ္ဓဃောသထုတ်ပြသောပဌမသံဂါယနာဝင်ကျမ်းများ၌ပါဝင်သင့်

ပါလျက် မပါဝင်ခဲ့ခြင်း၊ အဌသာလိနီအဌကထာနိဒါန်းဝယ် ကထာဝတ္ထု ကျမ်းကိုသာဝကဘာသိတဖြစ်သော်လည်း ဘုရားဟောနှင့်တူစွာ လေးစားထိုက်သည်ကိုပြရာ၌ ဤနေတ္တိကျမ်းကိုပုံစံအဖြစ် ထုတ်ပြထိုက်ပါလျက် ဤကျမ်းကိုထုတ်မပြဘဲ မဓုပိဏ္ဍိကသုတ်ကို ထုတ်ပြခဲ့ခြင်း" စသည်တို့ကို ဆင်ခြင်ထောက်ထားလျှင်နေတ္တိကျမ်းကို မဟာသာဝကအရှင်မဟာကစ္စာယနမထေရ်ဟော၍ ဘုရားရှင် အနုမောဒနာပြုသည်ဟု လည်းကောင်း၊ ပထမသံဂါယနာ၌ ယင်းကျမ်းပါဝင်သည်ဟုလည်းကောင်း အဌကထာဆရာအရှင်မဟာဗုဒ္ဓယောသမထေရ် ယူဆဟန် မရှိခဲ့ပေ။

သို့ပင်ဖြစ်သော်လည်း နေတ္တိကျမ်းသည် အရှင်မဟာဗုဒ္ဓယောသခေတ်မတိုင်မီကပေါ်ရှိခဲ့သည်မှာကား ထင်ရှားပေသည်။ အကြောင်းကား ပါရာဇိကဏ်အဌကထာ၊ ဝေရဉ္ဇကဏ္ဍဝယ် 'သာတ္ထံ၊ သဗ္ယဉ္ဇနံ' ပုဒ်တို့ကိုဖွင့်ရာ၌ နေတ္တိကျမ်းလာ အတ္ထပဒ ၆ ပါး၊ ဗျဉ္ဇနပဒ ၆ ပါးတို့ကိုလည်းကောင်း၊ မူလပဏ္ဏာသအဌကထာ၊ မူလပရိယာယသုတ် အဖွင့်(၃၂)၌ နေတ္တိကျမ်းလာဂါထာနှင့်တကွ လက္ခဏဟာရကိုလည်းကောင်း ယူ၍ဖွင့်ဆိုထားသည်ကို တွေ့ရသောကြောင့်တည်း။

ယင်းသို့ အရှင်မဟာဗုဒ္ဓယောသခေတ်မတိုင်မီက ရှိခဲ့သော်လည်း နေတ္တိကျမ်းကို အရှင်မဟာကစ္စာယနဟော၍ ဘုရားရှင် အနုမောဒနာပြုပြီးပထမသံဂါယနာ၌သံဂါယနာတင်ခဲ့သည်ဟူသောအယူအဆကို မည်သည့်အချိန်ကပေါ်ပေါက်ခဲ့သည်ဟုအတိအကျဖော်ပြရန်ကား မဖြစ်နိုင်ပေ။ အရှင်မဟာဗုဒ္ဓယောသခေတ်နောက်ပိုင်း အရှင်ဓမ္မပါလ မပေါ်မီခေတ်အတွင်းတစ်ချိန်ချိန်မှာ ထိုအယူအဆပေါ်ပေါက်လာသည်ဟုသာ မှတ်ယူအပ်ပေသည်။

"မူလသင်္ဂီတိယံသင်္ဂီတာ"ဟူသော နေတ္တိကျမ်းလာ နိဂုံးစကားနှင့် နေတ္တိအဌကထာ၌ ရှင်းပြချက်တို့ကို အရှင်မဟာဗုဒ္ဓယောသ၏အယူအဆနှင့်ညီညွတ်စေရန် ဤသို့လည်း နှိုးနှောရှာ၍ယူဆကြသေးသည်။ယူဆကြပုံကား "အရှင်မဟာဗုဒ္ဓယောသ၏အဌကာထာတို့၌ သံဂါယနာ သုံးတန်စာရင်းဝင်ကျမ်းအဖြစ်ဖြင့် ဖော်ပြထားသော (၁၅) ကျမ်းတို့အနက် နိဒ္ဒေသကျမ်းကဲ့သို့ပင် ပါဠိတော်တို့၏အဖွင့်ဖြစ်သောကြောင့် ဤနေတ္တိ

ကျမ်းကို အသီးအခြား မပြတော့ဘဲ နိဒ္ဒေသကျမ်းကို သာနိဒဿနနည်း အားဖြင့် ပြတော်မူခဲ့သည်။ သို့ဖြစ်၍ ဤနေတ္တိကျမ်းကိုလည်း နိဒ္ဒေသ ကျမ်းကဲ့သို့ပင် သံဂါယနာသုံးတန်ဝင်ကျမ်းဟု မှတ်ယူရမည်"ဟူ၏။ ဤ ယူဆချက်ကို လက်ခံနိုင်လျှင်ကား အထူးစိစစ်ဖွယ် မရှိတော့ပြီ။

ပေဠကောပဒေသကျမ်းမှာလည်းအရှင်မဟာကစ္စာယနမထေရ် ပင်ဟောကြောင်း ၎င်းကျမ်း နိဂုံးစကားများက ဆိုပေသည်။ ဤကျမ်း လည်း အဋ္ဌကထာတို့တွင် စျာန်ခန်းအဖွင့်တို့၌ "ပေဠကေ"ဟု အကိုး ပါရှိရာ ယင်းပေဠကအရင်္ဂီကာများဖွင့်သည့်အတိုင်း ပေဠကောပဒေသ ကျမ်းကို ယူရသောကြောင့် နေတ္တိကျမ်းအတူပင် အရှင်မဟာဗုဒ္ဓယောသ ခေတ်မတိုင်မီကရှိခဲ့သောကျမ်းဖြစ်ကြောင်း မှတ်ယူအပ်ပေသည်။

မိလိန္ဒပဉှာကျမ်းသည်လည်း အလွန်နောက်ကျသော ခေတ်မှ ပေါ်လာသောကျမ်းဖြစ်ပေသည်။ အရှင်နာဂသိန်နှင့်မိလိန္ဒဘုရင်တို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက်အနှစ် (၅၀၀)ကျော်မှပေါ်ခဲ့ကြသော ပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။ ၎င်းတို့၏အဖြစ်အပျက်ကပင် အနှစ်ငါးရာကျော် လျှင် ဤမိလိန္ဒပဉှာကျမ်း ပေါ်ပေါက်ရာခေတ်မှာ ထို့ထက်ပင် နောက်ကျ ပေဦးမည်၊ သို့ဖြစ်၍ မိလိန္ဒပဉှာကျမ်းသည် ဝဋ္ဋဂါမဏိမင်းလက်ထက်၊ ပိဋကတ်တော်တို့ကို ပေထက်အက္ခရာတင်ပြီးသည်မှ နောက်မှပေါ်လာ သောကျမ်းဖြစ်သည်ဟု ဧကန်မှတ်သင့်ပေသည်။

ထိုသို့နောက်ကျသော ကာလမှပေါ်လာသောကျမ်း ဖြစ်သော် လည်းမိလိန္ဒပဉှာကျမ်းသည်ဗုဒ္ဓဂါဒဆိုင်ရာခဲရာခဲဆစ်အဖုအထစ်သဖွယ် ဖြစ်သော အရာဌာနတို့ကို ဘုရားရှင်အလိုကျဖြေရှင်းပြသောကျမ်း ဖြစ် ၍ ဘုရားဟောနှင့်မခြား အလားတူပင် အလေးပြုခြင်းကို ခံခဲ့ရပေသည်။ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓယောသသည်လည်း မိမိ အဋ္ဌကထာ တို့တွင် အရေးတကြီးဖြေရှင်းဖွယ်ရှိသော နေရာဌာနတို့၌ မိလိန္ဒပဉှာ ကျမ်းကိုပင် ထုတ်ဖော်ကိုးကားဖြေရှင်းခဲ့သည်များကို တွေ့ရပေသည်။ ဤကျမ်း၏နောက်ခံကား ပါဠိတော်ကဲ့သို့ အသိအမှတ်ပြုထိုက်သည့် ကျမ်း များ မပေါ်ထွက်တော့ချေ၊ ပါဠိတော်စာပေခေတ်မှာလည်း မိလိန္ဒပဉှာ ကျမ်းဖြင့် အဆုံးသတ်နိဂုံးချုပ်သွားသည်ဟုပင် ဆိုရပေမည်။

ပ၇ၜ၆ ၁

ဤသို့လျှင် ခုဒ္ဒကနိကာယ်ဝင် ပါဠိတော်အရေအတွက်မှာ အဋ္ဌကထာ၌ပြအပ်သည့် (၁၅) ကျမ်းအပြင် နေတ္တိကျမ်း၊ ပေဋကောပဒေသကျမ်း၊ မိလိန္ဒပဉ္ဘာကျမ်းတို့ကို ပေါင်းထည့်သော်(၁၈)ကျမ်း ဖြစ်လာလေတော့သည်။ ယင်း(၁၈)ကျမ်းကိုပင် သုတ္တန္တပိဋကာ၊ ခုဒ္ဒကနိကာယ်ဝင် ပါဠိတော်အဖြစ်ဖြင့်သတ်မှတ်၍ ပဌမသံဂါယနာ၊ ဆဋ္ဌသံဂါယနာတို့၌ သာသနာ့ဝန်ဆောင်ဆရာတော်တို့ သံဂါယနာတင်တော်မူခဲ့ကြလေသည်။

အထက်၌ ဖော်ပြခဲ့သည့် ပါဠိတော်ကျမ်းတို့သည် သီဟိုဠ်ကျွန်းသို့ရောက်မှ ပေထက်အက္ခရာတင်အဖြစ်သို့ ရောက်ခဲ့သော်လည်း ဇမ္ဗူဒီပ(ခ)အိန္ဒိယပြည်၌ဖြစ်ပေါ်ခဲ့ကြသော ကျမ်းဂန်များဖြစ်၍ အိန္ဒိယပါဠိစာပေများပင် ဖြစ်ပေသည်။ သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓသာသနာရောက်ပြီးနောက်မှ ပေါ်လာသော သာသနာဆိုင်ရာကျမ်းဂန်တို့ကိုကား သီဟိုဠ်ပါဠိစာပေဟုပင်ခေါ်ရပေမည်။ ၎င်းသီဟိုဠ်ပါဠိစာပေခေတ်ဆိုင်ရာ ကျမ်းဂန်တို့ကား 'အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ'စသည်ဖြင့် များစွာရှိလေသည်။

* * * * *

၊ ၁ ၊

သီဟိုဠ်နိုင်ငံ ပါဠိစာပေသမိုင်း

သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓသာသနာရောက်ရှိပြီးနောက်မှ ပေါ်လာသော သာသနာတော်ဆိုင်ရာကျမ်းဂန်တို့ကား သီဟိုဠ်စာပေဟုပင် ခေါ်ရပေမည်။ ၎င်းသီဟိုဠ်ပါဠိစာပေခေတ်ဆိုင်ရာကျမ်းဂန်တို့ကား အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာစသည်ဖြင့် များစွာရှိလေသည်။

၎င်းတို့တွင် အဋ္ဌကထာသည် မြတ်စွာဘုရားရှင်လက်ထက်ကပင် ရှိခဲ့သည်။ သို့သော် အဋ္ဌကထာဟူသော အမည်ဖြင့် မထင်ရှားခဲ့ဘဲ "ပကိဏ္ဏကဒေသနာ-အထွေထွေတရားတော်" ဟူသောအမည်ဖြင့်သာ ရှိခဲ့လေသည်။ မြတ်စွာဘုရားရှင်သည် တရားတော်တို့ကို ဟောတော်မူပြီးနောက်၎င်းတရားတော်တို့တွင် ခက်ခဲသောနေရာများကို သိသာထင်ရှားအောင်ထပ်မံဖွင့်ပြလျက်အကျယ်ဟောတော်မူအပ်သည့်ဒေသနာမျိုးများ ရှိခဲ့ရာ ယင်းဒေသနာတော်သည် ပါဠိတော်ဟူသောအမည်တွင် မပါဝင်ခဲ့ဘဲ သီးခြားရှိနေခဲ့သည်။ ထို သီးခြားဒေသနာတော်ဖြစ်သည့် ပကိဏ္ဏကဒေသနာကိုလည်း မထေရ်အဆက်ဆက်တို့ သံဂါယနာတင်ကာ ထိန်းသိမ်းခဲ့ကြသည်။

တတိယသံဂါယနာတင်ပြီးနောက် အရှင်မဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ သာသနာပြုကြွသောအခါ ပါဠိတော်များနှင့်တကွ အဋ္ဌကထာဟုခေါ်နိုင်သည့်ပကိဏ္ဏကဒေသနာများကိုပါယူဆောင်သွားခဲ့သည်။ ၎င်းအဋ္ဌကထာတို့ သီဟိုဠ်ကျွန်းသို့ ရောက်သောအခါ သီဟိုဠ်ဘာသာသို့ သာသနာ့ဝန်ဆောင်မထေရ်တို့က ဘာသာပြန်ခဲ့ကြသည်။ ကာလကြာမြင့်လာသောအခါ သီဟိုဠ်ဘာသာဖြင့် အဋ္ဌကထာအမျိုးမျိုးတို့ပေါ်ပေါက်လာပြန်သည်။ သီဟိုဠ်ဘာသာဖြင့်သာမက အိန္ဒိယနိုင်ငံတောင်ပိုင်းဘာသာတို့ဖြင့်ရေးသားအပ်သော အဋ္ဌကထာတို့လည်းရှိပြန်လေသည်။ အရှင်မဟာဗုဒ္ဓယောသသည် သီဟိုဠ်ကျွန်းသို့ကြွပြီး နောက် အဋ္ဌကထာအသစ်များကိုပြုစုသောအခါ ၎င်းအဋ္ဌကထာများကိုပင် မှီငြမ်းကာ ရေးသားခဲ့ခြင်း ဖြစ်လေသည်။

အရှင်မဟာဗုဒ္ဓယောသ၏ အဋ္ဌကထာသစ်များမပေါ်မီ ရှေးယခင်ကပေါ်နှင့်နေသော အဋ္ဌကထာတို့ကား -

- မဟာအဋ္ဌကထာ
- မဟာပစ္စရီအဋ္ဌကထာ
- စူဠပစ္စရီအဋ္ဌကထာ
- ကုရုန္ဒီအဋ္ဌကထာ
- အန္ဓကအဋ္ဌကထာ
- အရိယအဋ္ဌကထာ
- သခေါ်ပအဋ္ဌကထာ စသည်တို့ဖြစ်လေသည်။ ယင်းတို့တွင်လည်း မဟာဝိဟာရဝါသီအရှင်တို့၏အယူကို အမှန်တိုင်း ထုတ်ဖော်ပြသည့် မဟာအဋ္ဌကထာသည် အရှင်မဟာဗုဒ္ဓယောသ၏ အလေးစားဆုံး အဋ္ဌကထာဖြစ်လေသည်။ မိမိ၏အဋ္ဌကထာသစ်များကိုပြုစုရာ၌ မဟာအဋ္ဌကထာကို အထည်ကိုယ်ပြု၍အခြားသော မဟာပစ္စရီအဋ္ဌကထာ စသည်တို့ကိုကား အကြောင်းအားလျှော်စွာ ရံခါရံခါမှသာ ဖော်ပြကိုးကား ရေးသားထားသည်ကို တွေ့ရပေသည်။

ၜင်းအဋ္ဌကထာတို့တွင် မဟာအဋ္ဌကထာ,မဟာပစ္စရီအဋ္ဌကထာ, ကုရုန္ဒီအဋ္ဌကထာ ဟူသော ဤအဋ္ဌကထာ (၃)စောင်ကို သီဟဠ အဋ္ဌ

ကထာဟူ၍လည်း ခေါ်သည်။ ၎င်းတို့တွင်အရှင်မဟိန္ဒ ဆောင်ယူခဲ့သော မူလအဋ္ဌကထာကိုပင် မဟာအဋ္ဌကထာဟု ခေါ်သည်။ မဟာပစ္စရီ အဋ္ဌကထာကား ဖောင်ပေါ်၌နေလျက် ရေးသားပြုစုအပ်သော အဋ္ဌကထာဖြစ်သည်၊ ကုရုန္ဒီအဋ္ဌကထာ ကိုကားကုရုန္ဒီဝလ္လမည်သော ကျောင်း၌ ရေးသားအပ်သောကြောင့် ယင်းသို့ခေါ်ဆိုအပ်လေသည်။ စူဠပစ္စရီ အဋ္ဌကထာ၊ သခ်ေပအဋ္ဌကထာတို့ကား အထက်ပါ အကျယ်ဖြစ်သော အဋ္ဌကထာတို့၏ အကျဉ်းချုပ်များပင်ဖြစ်ဟန်တူပေသည်။ အန္ဓက အဋ္ဌကထာဟူသည်မှာကား အိန္ဒိယနိုင်ငံတောင်ပိုင်းဘာသာတစ်ခုခုဖြင့် ရေးသားအပ်သော အဋ္ဌကထာ ဖြစ်ပေမည်။

ဖော်ပြခဲ့ပြီးသော အဋ္ဌကထာများအပြင် အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းဝယ်ပရိယတ်၊ပဋိပတ်ကျော်ကြားသော မထေရ်တို့၏ အယူဝါဒများ၊ ထေရသလ္လာပခေါ်စာတတ်မထေရ်တို့ ဆွေးနွေးချက်များ၊ ဇမ္ဗူဒီပ၌ထင်ရှားသော မထေရ်(ပရသမုဒ္ဒဝါသီထေရ်)တို့၏ အယူအဆများ၊ ရှေးဆရာတို့၏အယူအဆများနှင့် ထိုထို နိကာယ်ဆောင်ဘာဏက မထေရ်တို့၏ဝါဒများကိုပါ ကြည့်ရှုလေ့လာတိုက်ဆိုင်၍ အဋ္ဌကထာသစ်များကို ရေးသားခဲ့သည်ကိုလည်း တွေ့ရပေသည်။ အထက်ပါ အဋ္ဌကထာများနည်းတူပင် ဒီပဝံသခေါ်သော ကျမ်းတစ်စောင်လည်း အရှင်မဟာဗုဒ္ဓဃောသ၏ကျမ်းများ မပေါ်မီက ပေါ်နှင့်နေသော ကျမ်းဖြစ်ခဲ့သည်။ ၎င်းကျမ်းကား ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်သည့် အိန္ဒိယနှင့်သီဟိုဠ်ရာဇဝင်သမိုင်းကို ဂါထာတို့ဖြင့် ရေးသားထားသည့် ကျမ်းတစ်ကျမ်းဖြစ်သည်။ ကျမ်းပြုဆရာကားအမည် မထင်ရှားခဲ့ပေ။ အမည်မသိမထေရ်တစ်ပါးပါးသော်လည်းကောင်း၊ မထေရ်အများသော်ကလည်းကောင်း ရေးသားခဲ့သည်ဟု ခန့်မှန်းရသည်။

၎င်းဒီပဝံသကျမ်းကို သာသနာနှစ် ၈၀၈ မှ ၈၃၅ (အေဒီ ၃၂၅ မှ ၃၅၂) ခုနှစ်တိုင် သီဟိုဠ်ကျွန်း၌ မင်းပြုသည့် မဟာသေနမင်း၏ အကြောင်းနှင့် အဆုံးသတ်ထားသည်ကို တွေ့ရသဖြင့် ၎င်းကျမ်းသည် အေဒီ ၄ ရာစုနှစ်အတွင်း ပြုစုခဲ့သောကျမ်းဟု မှတ်ယူနိုင်သည်။ ဤကျမ်းသည် ရှေးခေတ်အိန္ဒိယပြည်နှင့်သီဟိုဠ်ကျွန်းဆိုင်ရာ ရာဇဝင်၊ သာသနာ

ဝင်နှင့်ပတ်သက်၍ ဗဟုသုတများစွာပေးနိုင်သောကျမ်းဖြစ်၍ အဌကထာ ဆရာတို့ကပင် အလေးထားရသောကျမ်း ဖြစ်သည်။ ထို့ကြောင့်လည်း အရှင်မဟာဗုဒ္ဓဃောသသည် ဝိနည်းအဌကထာ၏နိဒါန်းဝယ် အိန္ဒိယနှင့် သီဟိုဠ်ကျွန်းဆိုင်ရာ သာသနာဝင်တို့ကို ပြဆိုရာ၌လည်းကောင်း၊ ကထာဝတ္ထု အဌကထာ၏အစဝယ် အဓမ္မဝါဒီဂိုဏ်းများ ပေါ်ပေါက်လာပုံကို ပြဆိုရာ၌လည်းကောင်း ဤဒီပဝံသကျမ်းကိုပင်မှီငြမ်းပြု၍ရေးသားထားသည်ကို တွေ့ရပေသည်။

ဤဒီပဝံသကျမ်းနှင့်ဆက်စပ်၍ မဟာဝံသကျမ်းကိုလည်း သိထားသင့်သည်။ ၎င်းကျမ်းကား အရှင်မဟာဗုဒ္ဓဃောသ၏ အဌကထာကျမ်း ပေါ်ပေါက်လာပြီးနောက်မှ ပေါ်လာသော ကျမ်းတစ်ကျမ်း ဖြစ်သည်။ ဤကျမ်း၌ ဖော်ပြပါရှိသော ကာလအပိုင်းအခြားသည် ဒီပဝံသကျမ်း၌ပါရှိသော ကာလအပိုင်းအခြားနှင့် အတူတူပင်ဖြစ်လျက် မဟာသေနမင်းအကြောင်းဖြင့်ပင် အဆုံးသတ်ထားသည်ကို တွေ့ရသည်။ သို့သော်လည်း ဤကျမ်း၏ထူးခြားချက်မှာ ဒီပဝံသကျမ်း၌ တွေ့ရသော စာပေအပြစ်အနာဆာများကိုပယ်ထုတ်လျက် စာပေဂုဏ်မြောက်အောင် ရေးသားထားသောကျမ်း ဖြစ်လေသည်။ ကျမ်းပြုဆရာကား အရှင်မဟာနာမဖြစ်၍ ၎င်းမထေရ်သည် အေဒီ ၆ ရာစု အစဦးပိုင်းခန့်တွင် ဤကျမ်းကိုရေးသားခဲ့သည်ဟု ခန့်မှန်းကြသည်။ဤကျမ်း၏အဆက်ကိုလည်း နောက်ဆရာတို့ ဆက်လက်ရေးသားခဲ့ကြသည်။ ၎င်းအဆက်ကိုပင် ယခုအခါ၌ 'စူဠဝံသ'ဟု ခေါ်လေသည်။ ၎င်းကျမ်းတွင် သီဟိုဠ်ကျွန်း၌ အင်္ဂလိပ်တို့ သိမ်းယူသည်အထိ အဖြစ်အပျက်တို့ ပါဝင်လေသည်။

အရှင်မဟာဗုဒ္ဓဃောသသည် မိမိ၏ အဌကထာသစ်များ၏ ကျမ်းဦးစကားရပ်တို့၌ "မိမိသည် သီဟိုဠ်ကျွန်းသို့ အရှင်မဟိန္ဒမထေရ် ဆောင်ယူလာသော သံဂါယနာသုံးတန်တင် ပကိဏ္ဏကဒေသနာခေါ်မူလ အဌကထာကို ဘာသာပြန်ဆိုထားသည့် သီဟိုဠ်အဌကထာကိုမူရင်းပြုကာ သီဟိုဠ်ဘာသာကိုပယ်ပြီး မာဂဓဘာသာသို့ ပြန်ဆိုရုံသာ ပြုအပ်ကြောင်း" မိန့်ဆိုရေးသားထားသည်တို့ကို တွေ့ရပေသည်။ အထူးသဖြင့် ဝိနည်းအဌကထာကို ရေးသားရာ၌ မဟာအဌကထာကို မူလအထည်

ကိုယ်ပြု၍ ၎င်းမှသီဟိုဠ်ဘာသာကိုသာ ပယ်ပြီးလျှင် ကြွင်းသော ကုရုန္ဒီစသော ရှေးအဋ္ဌကထာတို့မှယူသင့်သည့် အဆုံးအဖြတ်များကိုယူ၍ ရေးသားထားကြောင်း မိန့်ဆိုလျက် ရှိပေသည်။

ယင်းသို့ မိမိကိုယ်ကိုနှိမ့်ချမိန့်ဆိုခဲ့သော်လည်း အဋ္ဌကထာသစ်များကို ကြည့်ရှုလေ့လာသောအခါ မထေရ်သည် ဘာသာပြန်ရုံသက်သက်မျှသာမဟုတ်သေးဘဲမိမိ၏ ပင်ကိုဉာဏ်ကို အသုံးပြု၍လည်း ရေးဘားခဲ့သည့် နေရာများကိုအများအပြားပင် တွေ့ရှိနိုင်သည်။ မထေရ်မြတ်ပြုစုခဲ့သောကျမ်းတို့ကား ဝိနယပိဋကတ်၊ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ အဘိဓမ္မာပိဋကတ်၊ ခုဒ္ဒကပါဋ၊ ဓမ္မပဒ၊ သုတ္တနိပါတ်၊ ဇာတ်နှင့်ပါတိမောက်၏ အဖွင့်အဋ္ဌကထာများအပြင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့ဖြစ်၍ ဆဋ္ဌသံဂါယနာတင်မူအရ စာအုပ်ပေါင်း (၃၅)အုပ်၊ စာမျက်နှာပေါင်း (၁၃၀၀၀)ကျော်မျှ ရှိလေသည်။

မထေရ်သည် သာသနာနှစ် ၉၀၀ မှ ၁၀၀၀ အတွင်း ထွန်းကားခဲ့သောပုဂ္ဂိုလ်ကြီးဖြစ်ပေရာ ထိုမထေရ်ကြီးနှင့်ခေတ်ပြိုင်ဟုယူဆရသောအခြား မထေရ်ဆရာတော်တစ်ပါးလည်း ရှိသေးသည်။ ထိုဆရာကား အရှင်ဗုဒ္ဓဒတ္တပင်ဖြစ်ပေသည်။ ဤမထေရ်သည် အရှင်မဟာဗုဒ္ဓ ယောသမဖွင့်ဆိုဘဲထားခဲ့သောကျမ်းများမှ 'ဗုဒ္ဓဝံသပါဠိတော်' ကို ရွေးနှုတ်၍ 'ဗုဒ္ဓဝံသအဋ္ဌကထာ'ကို ရေးသားခဲ့လေသည်။ မထေရ်သည် ၎င်းကျမ်းအပြင် 'အဘိဓမ္မာဝတာရ၊ ဝိနယဝိနိစ္ဆယ၊ ဥတ္တရဝိနိစ္ဆယ' စသော ကျမ်းပေါင်းများစွာကိုလည်း ရေးသားပြုစုခဲ့လေသည်။

၎င်းဆရာနှစ်ဦး ရေးသားခဲ့သော ပါဠိတော်များမှ ကြွင်းကျန်ခဲ့သော ပါဠိတော်တော်တော်များကို အဋ္ဌကထာများရေးသားခဲ့သော ဆရာတော်ကား အာစရိယဓမ္မပါလ(ခ)အရှင်ဓမ္မပါလ ဖြစ်လေသည်။မထေရ်သည် 'ဥဒါန်း၊ ဣတိဝုတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ စရိယာပိဋကတ၊ နေတ္တိပါဠိတော်'များ၏ အဋ္ဌကထာကျမ်းများကို ရေးသားခဲ့လေသည်။ ကြွင်းကျန်သည့် ပါဠိတော်တို့တွင်ကား နိဒ္ဒေသပါဠိတော်၏အဋ္ဌကထာကို အရှင်ဥပသေနကလည်းကောင်း၊ ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်အဋ္ဌကထာကိုအရှင်မဟာနာမကလည်းကောင်း ရေးသားစီရင်

ခဲ့၍ အပါဒါန်ပါဠိတော်၏ အဋ္ဌကထာကိုကား နှောင်းခေတ်ပေါ် အမည်မသိ မထေရ်တစ်ပါးဖွင့်ဆို ရေးသားခဲ့လေသည်။

ပါဠိတော်စာပေသည် အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာကျမ်းတို့ဖြင့် ထွန်းကားစည်ပင်ခြင်းသို့ရောက်ပြီးနောက် အဋ္ဌကထာကျမ်းတို့၌ပါသော ခက်ခဲနက်နဲသော နေရာများကို ထပ်မံဖွင့်ဆိုမည့်ကျမ်းများ လိုအပ်လာပြန်သည်။ ထို လိုအပ်နေသေးသော ကွက်လပ်ကို အရှင်အာနန္ဒာ စသော ရှေးမထေရ်တို့ကပင် ဖြည့်ခဲ့လေသည်။ ထိုကျမ်းတို့ကို "ဋီကာကျမ်း"ဟုခေါ်ကြသည်။ ဋီကာကျမ်းတို့တွင် ရှေးအကျဆုံး ဋီကာကျမ်းမှာ အဘိဓမ္မာအဋ္ဌကထာ(၃)ကျမ်း၏ အဖွင့်ဖြစ်သော "မူလဋီကာကျမ်း"ပင် ဖြစ်သည်။ ယင်းကျမ်းကို ရေးသားသူမှာ အရှင်အာနန္ဒာဖြစ်သည်။ ယင်းကျမ်းသည် အဘိဓမ္မာဆိုင်ရာ အယူအဆများတွင် လွန်စွာ ပြောင်မြောက်ပြီး အရေးသားပုံးတွင် ကျစ်လျစ်သိပ်သည်းသော ကြောင့် သာသနာနယ်ပယ်တွင် အခက်အခဲဆုံးကျမ်းအဖြစ် အသိအမှတ်ပြုခံရသောကျမ်းတစ်ကျမ်း ဖြစ်လေသည်။

မူလဋီကာကျမ်း၏နောက်တွင် ဥဒါန်းအဋ္ဌကထာစသည်ကို ရေးသားသော အရှင်ဓမ္မပါလမထေရ်၊ အရှင်သာရိပုတ္တရာမထေရ်တို့က သုတ္တန်ဋီကာများကို ရေးသားခဲ့ကြသည်။ ၎င်းတို့တွင် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်နှင့် သံယုတ္တနိကာယ်အဋ္ဌကထာတို့၏ဋီကာများနှင့် အဂုံတို့ရ်ဋီကာ တစ်ပိုင်းတစ်စကို အရှင်ဓမ္မပါလမထေရ် ရေးသားခဲ့၍ အဂုံတို့ရ်ဋီကာသစ်ကို အရှင်သာရိပုတ္တရာမထေရ် ရေးသားခဲ့သည်။ ဝိနယပိဋကဋီကာကျမ်းများကား သုံးကျမ်း ရှိလေသည်။ ထိုတွင် ဝဇိရဗုဒ္ဓိဋီကာကို အရှင်ဝဇိရဗုဒ္ဓိမထေရ်ကလည်းကောင်း၊ သာရတ္ထဒီပနီဋီကာကို အရှင်သာရိပုတ္တရာမထေရ်ကလည်းကောင်း၊ ဝိမတိဝိနောဒနီဋီကာကို အရှင်ကဿပမထေရ်ကလည်းကောင်း အသီးသီး ရေးသားခဲ့ကြလေသည်။ နေတ္တိဋီကာဟောင်းနှင့် ဝိသုဒ္ဓိမဂ်မဟာဋီကာကိုလည်း အထက်၌ ဆိုခဲ့သည့် အရှင်ဓမ္မပါလမထေရ်ကပင် ရေးသားတော်မူခဲ့သည်။

ဋီကာကျမ်းများကို ထပ်မံဖွင့်ဆိုသောကျမ်းများကို "အနုဋီကာကျမ်း" ဟုခေါ်ကြောင်း ဖော်ပြခဲ့ပြီး ဖြစ်သည်။

ဋ္ဌိကာကျမ်းတိုင်းမှာ အနုဋ္ဌိကာကျမ်း မရှိပေ။ အဘိဓမ္မာအဋ္ဌကထာ၏အဖွင့်ကျမ်းဖြစ်သော "မူလဋ္ဌိကာကျမ်း" ၌သာ အနုဋ္ဌိကာကျမ်းရှိလေသည်။ ယင်းအနုဋ္ဌိကာကျမ်းကိုလည်း အရှင်ဓမ္မပါလမထေရ်ကပင် ရေးသားခဲ့သည်။ ဋ္ဌိကာကျမ်း၊ အနုဋ္ဌိကာကျမ်းတို့နှင့်တပြိုင်နက်သော် လည်းကောင်း၊ မရှေးမနှောင်းသော်လည်းကောင်း၊ ကြာနှောင်းသော ကာလမှသော်လည်းကောင်း ပေါ်ပေါက်ခဲ့သော သာသနာဆိုင်ရာ ပါဠိကျမ်းစာအမျိုးအစားတို့လည်း ရှိသေးသည်။ ထိုကျမ်းတို့ကား ဂဏ္ဌိကျမ်း၊ ကျမ်းများ၊ လက်သန်းကျမ်းများ၊ သဒ္ဒါဆိုင်ရာကျမ်းများ၊ အလင်္ကာကျမ်း၊ ဆန်းကျမ်း၊ အဘိဓာန်ကျမ်းများ စသည်ဖြင့် မျိုးစုံပင် ရှိလေသည်။

ဂင်းတို့တွင် ဝိနည်းအဋ္ဌကထာ၏ဂဏ္ဌိဖြစ်သော ကျမ်းများကား ဂဏ္ဌိပဒ၊ မဟာဂဏ္ဌိပဒ၊ မဇ္ဈိမဂဏ္ဌိပဒ၊ စူဠဂဏ္ဌိပဒတို့ဖြစ်သည်။ ဂင်းတို့တွင် ဂဏ္ဌိပဒကျမ်းမှာ မာဂဓဘာသာရေးဖြစ်၍ကြွင်းသုံးကျမ်းမှာ သီဟိုဠ်ဘာသာရေးကျမ်းဖြစ်သည်။ ဂင်းကျမ်းတို့သည် မြန်မာနိုင်ငံသို့ရောက်လာဟန်မရှိကြပေ။ သီဟိုဠ်နိုင်ငံမှာလည်း ယခုအခါ မတွေ့ရတော့ပေ။ ဝဇိရဗုဒ္ဓိဋီကာ၊ သာရတ္ထဒီပနီဋီကာ လာစကားရပ်တို့ကိုထောက်ထား၍ သာသိရခြင်း ဖြစ်လေသည်။ ဂင်းတို့တွင် မဟာ၊ မဇ္ဈိမ၊ စူဠဂဏ္ဌိပဒသုံးစောင်ကို အရှင်ဇောတိပါလကရေးသားခဲ့သည်ဟု ပိဋကတ်တော်သမိုင်းစာအုပ်၌ ဆိုထားသည်။

ဂဏ္ဌိဟူသောအမည်ဖြင့် ယနေ့တွင်မြင်နေရသော အခြားကျမ်းနှစ်ကျမ်းလည်း ရှိသေးသည်။ ဂင်းတို့ကား ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပဒနှင့်ပဋ္ဌိသမ္ဘိဒါမဂ္ဂဂဏ္ဌိပဒကျမ်းတို့ ဖြစ်လေသည်။ နှစ်ကျမ်းလုံးပင် မာဂဓဘာသာဖြင့် ရေးသားထားသောကျမ်းများ ဖြစ်ကြသည်။ ထိုတွင်ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပဒမှာ ဝိသုဒ္ဓိမဂ္ဂစူဠဋီကာဟုလည်းကောင်း၊ ပဋ္ဌိသမ္ဘိဒါမဂ္ဂဂဏ္ဌိပဒမှာ ပဋ္ဌိသမ္ဘိဒါမဂ္ဂဋီကာဟုလည်းကောင်း ထင်ရှားသည်။ ဂင်းကျမ်းတို့တွင် ပဋ္ဌိသမ္ဘိဒါမဂ္ဂဂဏ္ဌိပဒကို သိရိပရက္ကမဗာဟုမင်းလက်ထက် မဟာထူပဝင်ကျမ်းကိုရေးသားသည့် မထေရ်ရေးသားသည်ဟုဆိုသဖြင့် သီဟိုဠ်ဖြစ်ကျမ်းဖြစ်သည်။ ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပဒကျမ်းကိုကား ပုဂံမြို့ အရှင်သဒ္ဓမ္မဇောတိပါလရေးသားသည်ဟု ပိဋကတ်တော်သမိုင်းကျမ်း၌ ဆိုထားသောကြောင့် မြန်မာပြည်ဖြစ်ကျမ်းဖြစ်သည်။

လက်သန်းကျမ်း'များကား ဝိနည်းလက်သန်းနှင့် အဘိဓမ္မာလက်သန်းဟု ကျမ်းနှစ်မျိုးရှိရာ ပိဋကတ်တော်သမိုင်းကျမ်းစာအုပ်အရ ဝိနည်းလက်သန်းအဋ္ဌကထာမှာကျမ်းအရေတွက်အားဖြင့် (၂၀) ရှိလေသည်။ ၎င်းတို့တွင် ထင်ရှားသောကျမ်းအချို့မှာ အရှင်သာရိပုတ္တရာမထေရ်ရေးသားသော ဝိနယသင်္ဂဟအဋ္ဌကထာ၊ အရှင်ဗုဒ္ဓဒတ္တ ရေးသားသည့် ဝိနယဝိနိစ္ဆယနှင့်ဥတ္တရဝိနယဝိနိစ္ဆယ၊ အရှင်သဒ္ဓမ္မသိရိရေးသားသည့် ခုဒ္ဒကသိက္ခာ၊ အရှင်မဟာသာမိရေးသားသည့် မူလသိက္ခာ စသည်တို့ ဖြစ်လေသည်။

အဘိဓမ္မာလက်သန်းအဋ္ဌကထာများမှာလည်း ပိဋကတ်တော်သမိုင်းကျမ်းအရ(၁၀)ကျမ်း ရှိလေသည်။ ထိုတွင် အရှင်အနုရုဒ္ဓါ၏ 'အဘိဓမ္မတ္ထသင်္ဂဟကျမ်း(သင်္ဂြိုဟ်ကျမ်း)၊ပရမတ္ထဝိနိစ္ဆယကျမ်း၊နာမရူပပရိစ္ဆေဒကျမ်း၊ အရှင်ဗုဒ္ဓဒတ္တ၏အဘိဓမ္မာဝတာရကျမ်း၊ အရှင်ကဿပ၏ မောဟဝိစ္ဆေဒနီကျမ်း၊အရှင်ဓမ္မပါလ၏ သစ္စသံခေပ်ကျမ်းတို့မှာ ထင်ရှားသောကျမ်းများ ဖြစ်ကြသည်။ နောင်အခါတွင် ယင်းကျမ်းများ၏ အဖွင့်ဋီကာကျမ်းများလည်း ထွက်ပေါ်လာကြပြန်သည်။ ၎င်းကျမ်းတို့ကိုလည်း လက်သန်းအဋ္ဌကထာတို့၏ဋီကာများဖြစ်၍ 'လက်သန်းဋီကာ'ဟုခေါ်ကြသည်။

ဗုဒ္ဓသာသနာရေးနှင့်ဆိုင်သော ပါဠိကျမ်းဂန်များ ပေါများလာသည့်နည်းတူ ပါဠိဘာသာကို ထိန်းသိမ်းစောင့်ရှောက်သည့် ဘာသာစောင့် သဒ္ဒါဆိုင်ရာကျမ်းလည်း ပေါ်ထွက်လာပြန်သည်။ ယင်းကျမ်းအမျိုးစားတို့အနက် ယနေ့တိုင် အထင်ရှားဆုံးနှင့် အသုံးပြုဆဲဖြစ်သောကျမ်းမှာ အရှင်ကစ္စည်းမထေရ် ရေးသားခဲ့သော "ကစ္စည်းသဒ္ဒါကြီး(ခ)ကစ္စာယနဗျာကရုဏ်းကျမ်း" ဖြစ်လေသည်။ ဤကျမ်းကို ခရစ် ၁၀၀ ကျော် ၂၀၀အတွင်း(သို့မဟုတ်)၊ နာက်အကျဆုံး ၄၀၀ အတွင်း (သာသနာ ၆၀၀၊ ၇၀၀၊ ၉၀၀အတွင်း) ခန့်တွင် ရေးသားခဲ့သည်ဟု ယခုခေတ်ပညာရှင်များက ယူဆကြသည်။ သို့ဖြစ်လျှင် အိန္ဒိယပြည်ဖြစ်ကျမ်းဖြစ်ရပေမည်။ ဤကျမ်း၏အခြေအရံဖြစ်သော ကျမ်းများမှာလည်း များစွာရှိလေသည်။ ယင်းတို့အနက်ရှာသကျမ်း၊ ရူပသိဒ္ဓိကျမ်းစာကိုယ်နှင့် ဋီကာ၊ ဗာလာဝတာရကျမ်းတို့ကား ထင်ရှားသောကျမ်းများ ဖြစ်လေသည်။

ကစ္စည်းကျမ်း၏ အရံမဟုတ်ဘဲမိမိ၏ သီးခြားပုံစံဖြင့် တည်ရှိနေသော မောဂ္ဂလာနဗျာကရဏာ(ခ)မောဂ္ဂလာန် သဒ္ဒါကျမ်းလည်း ရှိသေးသည်။ ဤကျမ်းသည်လည်း မောဂ္ဂလာနပဋိကာကျမ်း၊ သုသဒ္ဒသိဒ္ဓိကျမ်း၊ ယောဂနိစ္ဆယ(ခ)သမ္ဘန္ဓစိန္တာကျမ်း၊ ပဋိကာပဒီပကျမ်း၊ ပဒသာဓနကျမ်း၊ ပယောဂသိဒ္ဓိကျမ်းစသည်ဖြင့် ခြံရံအပ်ပြီး တည်ရှိနေသောကြောင့်သာသနာတော်တွင် ထင်ရှားလေသည်။

သီဟိုဠ်ပါဠိစာပေခေတ်မှာပင် ပါဠိစာပေအရေးသားကို ပြုသည့် "အလင်္ကာကျမ်း"၊ ဂါထာစီကုံးဖွဲ့နည်းကို့ကိုပြသော "ဆန်းကျမ်း"၊ "အဘိဓာန်ကျမ်း"တို့လည်း ပေါ်ထွက်ခဲ့သည်။ ၎င်းကျမ်းတို့အပြင် ဒီပဝံသကျမ်း၊ မဟာဝံသကျမ်း၊ မဟာဗောဓိဝံသကျမ်း၊ မဟာထူပဝံသကျမ်း စသည်ဖြင့် ဝံသကျမ်းအမျိုးမျိုးတို့လည်း ပေါ်ထွန်းခဲ့သည်။

ဤသို့လျှင် အရှင်မဟိန္ဒမထေရ်သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓသာသနာတော်ကိုဆောင်ယူလာခဲ့သည်မှစ၍ တဟုန်ထိုးကြီးပွားလာခဲ့သော သီဟိုဠ်ပါဠိစာပေခေတ်သည် အေဒီ ၁၅ ရာစု(သာသနာ ၂၀၀ခန့်)တိုင်အောင်ပင် ရောက်ရှိခဲ့သည်။ ဤခေတ်မှနောက်တွင်ကား ပြောပလောက်သော ပါဠိစာပေဆိုင်ရာကျမ်းဂန်များ မပေါ်ထွက်လာတော့ချေ။

* * * * *

မြန်မာနိုင်ငံ ပါဠိစာပေသုခိုင်း

မြန်မာနိုင်ငံ ပါဠိစာပေခေတ်ကိုလေ့လာရာ၌ ဗုဒ္ဓသာသနာမည်သည့်အချိန်လောက်က ရောက်ရှိလာသည်ကို ထည့်သွင်းစဉ်းရပေမည်။ ရာဇဝင်သမိုင်းကျမ်းဂန်တို့အရ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပင် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာရောက်လာသည်ဟုဆိုနိုင်သော်လည်း ခိုင်လုံသော သက်သေသာဓကများ လိုအပ်လျက် ရှိသေးသည်။ ရှေးဟောင်းသုတေသနဌာန၏ တူးဖော်တွေ့ရှိချက်များအရဆိုသော် ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံသို့ ခရာဇ်နှစ်နှစ်ဦးပိုင်းလောက်ကပင် ရောက်ရှိခဲ့သည်ကိုတွေ့ရပေသည်။ ယင်းဌာန၏ တူးဖော်တွေ့ရှိချက်ဟူသည်မှာလည်း အခြားမဟုတ် ခရစ်နှစ် ၁၈၉၇ ခုနှစ်တွင် ပြည်ခရိုင်၊ မော်ဇာမြို့အနီး မောင်ကန်ကုန်းနှင့် ခင်ဘကုန်းတို့၌ တွေ့ရှိရသော ရွှေပေစာချပ်များပင် ဖြစ်ပေသည်။

ရင်းတို့၌ရေးသားထားသော အက္ခရာအရေးသားများသည် ခရစ်နှစ် ၅ရာစုအတွင်းက ထင်ရှားခဲ့သော အိန္ဒိယနိုင်ငံတောင်ပိုင်း ကဒမ္ဗအက္ခရာမျိုး ဖြစ်သည်ကိုတွေ့ရှိရပေရာ ရင်းရွှေပေစာများလည်း ခရစ်နှစ် ၅၀၀ခန့်ကပင် ဖြစ်နိုင်ကြောင်း ခန့်မှန်းကြသည်။ ရွှေပေစာများ ပေါ်၌ ရေးသားထားသော စာများမှာကား ဝိနည်းမဟာဝါ ပါဠိတော်မှ "ယေဓမ္မာဟေတုပ္ပဘဝါ "အစရှိသောဂါထာ၊ နိကာယ်ကြီးလေးရပ်နှင့် အဘိဓမ္မာပါဠိတော်မှ "စတ္တာရော ဣဒ္ဓိပါဒါ၊ စတ္တာရော သမ္မပ္ပဓာနာ" စသောတရားတော်များ၊ "ဣတိပိသော ဘဂဝါ အရဟံ"စသော ရတနာသုံးပါး၏ဂုဏ်တော်များ ဖြစ်ပေသည်။ ရင်းတို့ကို ပါဠိဘာသာဖြင့် ရေးသားထားသည်ကို တွေ့ရသဖြင့် ပါဠိဘာသာသည်လည်း ခရစ်နှစ်နှစ်ဦးပိုင်းကပင် မြန်မာပြည်သို့ရောက်ရှိနေသည်မှာ ထင်ရှားပေသည်။

ထိုသို့ အလွန်စောစွာ မြန်မာနိုင်ငံသို့ ပါဠိဘာသာ ရောက်လာခဲ့သော်လည်း ပုဂံခေတ်မတိုင်မီဖြစ်သော ပျူခေတ်၊ မွန်ခေတ်တို့၌ပါဠိဘာသာထွန်းကားခဲ့သည်ဟု အတိအကျယူဆရန်ကား ခဲယဉ်းလျက် ရှိသည်ကို တွေ့ရပေသည်။ သထုံပြည်၊ မနုဟာမင်း (အေဒီ ၁၂ရာစု) ထံ၌ ပိဋကတ်သုံးပုံပါဠိတော်များရှိကြောင်း ရာဇဝင်များအရ သိရပေသည်။ ပါဠိတော်ကျမ်းများရှိလျှင် အဋ္ဌကထာ၊ ဋီကာတို့လည်း ရှိရမည်ပင် ဖြစ်သည်။ ယင်းတို့ရှိလျှင် ယင်းတို့ကို အမှီပြု၍ ထိုခေတ်ပညာရှိကြီးတို့သည် ပါဠိဘာသာဖြင့်ကျမ်းဂန်များကိုရေးသားပြုစုခဲ့မည်ပင်ဖြစ်သည်။ သို့သော်လည်း ရင်းစာပေကျမ်းဂန်တို့သည် အနိစ္စသဘောအရ ပျက်စီးပျောက်ဆုံးကုန်သည့်အတွက် နှောင်းခေတ်လူများလက်သို့ မရောက်ရှိခဲ့ခြင်းသာ ဖြစ်တန်ရာပေသည်။ ကျမ်းအမည်မျှပင် ကြွင်းကျန်ခဲ့ခြင်း မရှိဘဲ လုံးဝပျောက်ကွယ်သွားကြသည်မှာ မြန်မာနိုင်ငံပါဠိစာပေအဖို့ ဆုံးရှုံးမှုတစ်ရပ်ဟုပင် အသိအမှတ်ပြုရပေတော့မည်။

ယင်းသို့ခေတ်ဦးပိုင်းမြန်မာနိုင်ငံပါဠိ စာပေအမွေအနှစ်ကို မရလိုက်သော်လည်း ပါဠိစာပေသမိုင်းအတွက် အားကိုးစရာအဖြစ်ဖြင့် ပုဂံခေတ်မှစ၍ပေါ်ပေါက်ခဲ့သော ပါဠိစာပေကျမ်းဂန်များနှင့်တကွ ဂန္ထဝံသ၊ သာသနာလင်္ကာရစာတမ်း၊ ပိဋကတ်တော်သမိုင်း စသော ကျမ်းတို့ကား

ကျမ်းတို့ကိုလည်း ပုဂံခေတ် ဆပွဒမထေရ်ရေးသည်ဟု သာသနာလင်္ကာရ စာတမ်း (၁၁၈-၉)၌ဆိုသည်။ ထိုအဆိုအတိုင်းမှန်လျှင် ယင်း ၂ ကျမ်းတို့ ကိုလည်း ပုဂံခေတ်ပေါ်ကျမ်းများအဖြစ်ဖြင့် မှတ်ယူနိုင်ပေသည်။

ဤခေတ်တွင် ပါဋိစာပေလေ့လာမှုမှာ ရဟန်းတော်များသာ မက ဘုရင်စသော လူပုဂ္ဂိုလ်တို့သို့ပါ ပျံ့နှံ့သွားခဲ့သည်။ ထို့ကြောင့်လည်း ပိဋကတ်စာပေတတ်မြောက်သည်ဟုမြန်မာရာဇဝင်တွင်ကျော်ကြားသော ကျစွာမင်းကြီးသည်ပရမတ္ထဗိန္ဒုကျမ်းနှင့်သဒ္ဒဗိန္ဒုကျမ်းတို့ကိုလည်းကောင်း၊ သံပျင်အမတ်သည် ဆျာသကျမ်း၏အဖွင့်ဖြစ်သော ဆျာသပွဒီပိကာ(ခေါ်) သံပျင်ဋီကာကိုလည်းကောင်း ရေးသားနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

နိဿယကျမ်းစာများလည်း ပုဂံခေတ်က အစပြုခဲ့သည်ကို တွေ့ ရသည်။ မှန်၏၊ပုဂံခေတ်နောက်ပိုင်း သက္ကရာဇ် ၆၈၇ခုနှစ် ပုဂံမြို့တွင်နန်း တက်သော စောမွန်နစ်မင်း၏ညီတော် ရာဇသူနှင့် မြောက်သားတော် စောမြတ်လှတို့ကမွေးဖွားသော ညောင်ရမ်း၊သာဂရနှစ်မြို့စား ဂုဏ္ဏန္တရာဇ် မင်းသားက ပုဂံမြို့တွင်ရွှေကျောင်းကြီးဆောက်လုပ် လှူဒါန်းကိုးကွယ် သည့်အရှင် ဂုဏဝဋ္ဌံသကာသည် ဒီဃနိကာယ်ပါဋိတော်သုံးကျမ်း၏ မြန်မာနိဿယများကို ရေးသားခဲ့ကြောင်းဖြင့် ပိဋကတ်တော်သမိုင်းတွင် လာရှိပေသည်။

ပုဂံခေတ်၏နောက် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ဟံသာဝတီခေတ် တို့တွင်လည်း ပါဋိစာပေသည် တိုးတက်ခဲ့ပေသည်။ ဤခေတ်များတွင် ပါဋိကျမ်းဂန်အများအပြားပေါ်ပေါက်ခဲ့ရာဌင်းတို့တွင် ထင်ရှားသော ကျမ်းဂန်အချို့ကားအရှင်သဒ္ဓမ္မပါလသိရိမဟာဓမ္မရာဇဂုရုဆရာတော်၏ နေတ္တိဝိဘာဝနီဋီကာကျမ်း၊ အရှင်ဥာဏကိတ္တိမထေရ်၏ ပါရာဇိကဏ် ယောဇနာနှင့်အဘိဓမ္မာယောဇနာကျမ်းများ။ အရှင်မဟာဝိဇိတာဝီ၏ ကစ္စာယနဝဏ္ဏနာကျမ်းနှင့် ဝါစကောပဒေသသဒ္ဒါငယ်ကျမ်း၊ ဆူးတွင်း ပစ်ဆရာတော်ဟုထင်ရှားသော အရှင်နာဂိတမထေရ်၏သဒ္ဒသာရတ္ထ ဇာလိနီသဒ္ဒါငယ်ကျမ်း၊ ပင်းယ စတုရင်္ဂဗလအမတ်ကြီး၏ အဘိဓာန် ဋီကာကျမ်း၊ အရှင်အရိယဝံသမထေရ်၏ မဏိသာရမဥ္ဇူသာ ဋီကာကျမ်း၊ မဏိဒီပဋီကာကျမ်း၊ ဂန္ထာဘရဏကျမ်းနှင့် ဇာတ်ဋီကာသစ်ကျမ်း၊

စစ်ကိုင်းအရှင်တေဇောသာရ၏ ပရိတ်ကြီးဋီကာကျမ်း၊ အရှင်တိလောက ဂုရု၏ ဓာတုကထာဋီကာဝဏ္ဏနာကျမ်း၊ အရှင်သဒ္ဓမ္မကိတ္တိဝရ၏ ဧကက္ခရ ကောသကျမ်း၊ တောင်ဖီလာဆရာတော်၏ ဂိနယာလင်္ကာရဋီကာကျမ်း၊ ဟံသာဝတီခေတ်အရှင်မဟာနာမ မထေရ်၏ မဓုဋီကာ (ခေါ်) မဓုသာ ရတ္ထဒီပနီဋီကာကျမ်း စသည်တို့ ဖြစ်လေသည်။

ဆိုခဲ့ပြီးခေတ်တို့တွင် ပါဋိသက်သက်စာပေသာမကဘဲ ပါဋိ+ မြန်မာရောသော စာပေနှင့် ပါဋိကိုအမှီပြုသော မြန်မာစာပေတို့လည်း ထွန်းကားခဲ့ပေသည်။ ရွှေဥမင်ဆရာတော်၏ဝိနည်းပါဋိတော်နိဿယနှင့် အဌကထာနိဿယများ၊ အရှင်မဟာသီလဝံသ၏ နေတ္တိပါဋိတော် နိဿယ၊ နန်းကျောင်းဆရာတော်၊ ဒက္ခိဏာဝန်ဆရာတော်တို့၏ သဒ္ဒါကြီး နိဿယများ၊ ထိုထိုဆရာတော်တို့၏မာတိကာအရ ကောက်စသော အရ ကောက်ကျမ်းများ၊ အရှင်မဟာသီလဝံသ၊ အရှင်မဟာရဌသာ ရတို့၏ ပျို့၊ လင်္ကာကျမ်းများစသည်တို့ကား ယခုခေတ်တိုင်အောင် ထင်ရှားသော ကျမ်းအချို့ ဖြစ်လေသည်။

ဤခေတ်အတွင်းမှာပင် စာဏကျနီတိစသော သက္ကတနီတိတို့ နှင့်အလားတူဖြစ်သောပါဋိ+နီတိကျမ်းတို့ ပေါ်ထွက်ခဲ့သည်ကိုတွေ့ရ သည်။ ၎င်းတို့တွင် စတုရင်္ဂဗလအမတ်ကြီး ရေးသားသည်ဆိုသော လောကနီတိနှင့် အရှင်မဟာသီလဝံသ၏ မဟာရဟနီတိတို့မှာ ထင်ရှား ကျော်ကြားအသိများသော နီတိကျမ်းတို့ ဖြစ်လေသည်။ ၎င်းနောက် ကုန်းဘောင်ခေတ်တွင်လည်း အလားတူစာပေတို့ တိုးတက်ခဲ့ပေသည်။ ဤခေတ်တွင် ယခင်ခေတ်ဟောင်းကျမ်းများကဲ့သို့ အရည်အသွေးမြောက် သော ပါဋိကျမ်းဂန်များ ပေါ်ထွက်ခဲ့သည်ကိုတွေ့ရသည်။ ၎င်းကျမ်းတို့ ကားမောင်းထောင်သာသနာပိုင်ဆရာတော်၏ သီလက္ခန်ဋီကာသစ်ကျမ်း နှင့်ပေဋကာလင်္ကာရခေါ် နေတ္တိမဟာဋီကာသစ်ကျမ်းတို့အပြင် ဆရာ တော်ဦးဗုဓ်၏ နိရုတ္တိဘေဒသင်္ဂဟသဒ္ဒါငယ်ကျမ်း၊ ပထမငါးခုန် ဆရာ တော်၏ ခုဒ္ဒကပါဌဋီကာ၊သမ္ဗန္ဓစိန္တာဋီကာသစ်ကျမ်းများ စသည်တို့ ဖြစ် လေသည်။ ဘုရားကြီးဆရာတော်၏ ပါစိတျာဒိယောဇနာကျမ်း၊ သစ်စိမ့် ဆရာတော်၏ကခ်ါယောဇနာမဟာဋီကာကျမ်းတို့သည်လည်း ဤခေတ် နောက်ပိုင်း၌ ထင်ရှားသောပါဋိကျမ်းတို့ ဖြစ်လေသည်။

ဤခေတ်တွင် နိဿယ၊အရကောက်စသော ပါဠိအမှီပြုစာပေတို့ ပိုမိုမြောက်များစွာ ထွန်းကားခဲ့သည်ကိုလည်း တွေ့ရသည်။ ထိုတွင် တောင်တွင်းကြီးဆရာတော်ခင်ကြီးဖျော်၏ ပုဒ်စစ်ကျမ်း၊ ဉာဏ်အရကောက်ကျမ်း၊ ယမိုက်ခက်စစ်နှင့် ပဋ္ဌာန်းအရကောက်ကျမ်းများ၊ ဆရာတော်ဦးဗုဒ္ဓ၏ ရူပသိဒ္ဓိနိဿယ၊ သဒ္ဒနီတိနိဿယ၊ ဘိက္ခုပါတိမောက်၊ ဘိက္ခုနီပါတိမောက်နှင့် ခုဒ္ဒသိက္ခာနိဿယများနှင့်နေတ္တိဟာရတ္ထဒီပနီကျမ်းတို့အပြင် တောင်ဖီလာဆရာတော်၏ မာတိကာအရကောက်ကျမ်းစသည်တို့ ပါဝင်ပေသည်။

ၔင်းအပြင် ဤခေတ်၌ မြန်မာနိုင်ငံသာသနာဝင်နှင့် ဂန္ဓဝင်ကို ပဓာနထား၍ ရေးသားအပ်သော မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ဂြိ၏ "သာသနာလင်္ကာရစာတမ်း"ခေါ် ကျမ်းစာတစ်စောင် ပေါ်ထွက်ခဲ့ပေသည်။ ဤကျမ်းကား ရတနာပုရစတုတ္ထမြို့တည်၊ နန်းတည် ဘဝရှင်မင်းတရားကြီး(ဘကြီးတော်ဘုရား)၏အမိန့်တော်ဖြင့် အတွင်းဝန်ကြီး သိရိမဟာနန္ဒသင်္ကြီးမေးဆိုချက်ကို အမတ်ကြီးမဟာဓမ္မသင်္ကြီ ရေးသားဖြေဆိုအပ်သော ကျမ်းဖြစ်၍ ဤကျမ်း၌ ပထမသံဂါယနာမှစ၍ ဘကြီးတော်ဘုရားလက်ထက်တိုင်အောင် သာသနာဝင်ဆိုင်ရာမှတ်သားဖွယ်အဖြစ်အပျက်တို့ကို ပြဆိုထားသည်ကို တွေ့ရသည်။

ဤသာသနာလင်္ကာရစာတမ်းကိုပင် ကုန်းဘောင်ခေတ်နောက်ပိုင်းဖြစ်သည့် ရတနာပုံခေတ်၌ မောင်းထောင်ဆရာတော် အရှင်ပညာသာမိမထေရ်သည် သီဟိုဠ်ကျွန်း၊ရာမညနိကာယကို စတင်တည်ထောင်သော သရဏင်္ကာရဟူသော အမည်ဟောင်းရှိသော ဂ္ဂန္ဓာသဘာဝရှာဏသာမိမထေရ်နှင့် အခြားမထေရ်တို့၏တောင်းပန်ချက်ဖြင့် ပါဠိဘာသာသို့ပြန်ဆိုရေးသားခဲ့လေသည်။ မန္တလေးမြို့တည်၊ နန်းတည်၊ ပဉ္စမသံဂါယနာတင်ဘဝရှင်မင်းတရားကြီး(မင်းတုန်းမင်း)လက်ထက်တိုင်အောင်သော သာသနာဝင်ကိုပါ ထည့်သွင်း၍ ရေးသားထားသဖြင့် ပိုမိုစုံလင်ဲသော သာသနာဝင်ကျမ်းတစ်စောင် ဖြစ်လေသည်။

ကျမ်းစာ၏အမည်ကိုလည်း "သာသနဝံသပ္ပဒီပိကာ" ဟု မှည့်လေသည်။ ဤကျမ်းသည် ပါဠိဘာသာဖြင့် ရေးသားအပ်သဖြင့် နိုင်ငံခြား

သားပါဋိပညာရှင်တို့ပါကြည့်ရှုနိုင်သော ကျမ်းဖြစ်ရကားသာသနာ့သမိုင်း၊ ပါဋိစာပေသမိုင်းတို့နှင့်ပတ်သက်၍ ၎င်းပညာရှင်တို့ မကြာခဏ ကိုးကား ဖော်ပြခြင်းကိုခံရသော ကမ္ဘာသိမြန်မာဖြစ်ပါဋိကျမ်းတစ်စောင် ဖြစ်လေ သည်။ ဤရတနာပုံခေတ်တွင် မိမိ၏ကိုယ်ပိုင်သုတ်၊ ဝုတ္တိ၊ ဥဒါဟရုဏ် များဖြင့် ရေးသားအပ်သည့် သီးခြားပါဋိသဒ္ဒါကျမ်းတစ်စောင် ထွက်ပေါ် ခဲ့သည်ကိုတွေ့ရသည်။ ၎င်းကား ယောအတွင်းဝန်ဦးဘိုးလှိုင် ရေးသား အပ်သည့် "သဒ္ဒသင်္ဟကျမ်း" ဖြစ်လေသည်။ ၎င်းကျမ်းမှာ သိဒ္ဓန္တ ကောမုဒီခေါ် သက္ကတသဒ္ဒါကျမ်းကို များစွာအမှီပြု၍ ရေးသားအပ်သော ကျမ်းဖြစ်သဖြင့် 'အသုံးအနှုံးများမှာသက္ကတဆန်နေသည်ကို တွေ့ရသည်။ ယောမင်းကြီး၏ လက်ရာဖြစ်သည့်အတိုင်း တိကျပြတ်သားသော ဆုံး ဖြတ်ချက်များကိုလည်းကောင်း၊ ရှေးသဒ္ဒါကျမ်းတို့၏ အဆိုအမိန့် စိစစ် ချက်တို့ကိုလည်းကောင်း တွေ့ရှိရပေသည်။ ၎င်းကျမ်းမှာ ပုံနှိပ်စာအုပ် အဖြစ်သို့ မရောက်ခဲ့သဖြင့် အသိများသောကျမ်းအဖြစ်သို့ မရောက်ခဲ့ပေ။ ရတနာပုံခေတ်ပေါ် သီးခြားပါဋိသဒ္ဒါကျမ်းတစ်စောင်ဖြစ်သဖြင့် မြန်မာတို့ ဂုဏ်ယူဖွယ်ရာကျမ်းတစ်စောင် ဖြစ်ခဲ့သည်။

ဂဏ္ဌိကျမ်းများနှင့်ဝိနိစ္ဆယကျမ်းများလည်း ဤခေတ်တွင်အများ အပြားပေါ်ထွက်ခဲ့ရာ ဆရာတော်ဦးသုတ၏ ပါရာဇိကဏ်ဂဏ္ဌိသစ်သည် ထင်ရှားသောကျမ်းဖြစ်လေသည်။ ဤခေတ်၌ပေါ်ထွက်ခဲ့သော နိဿယ တို့တွင်လည်း ပြည်ဆရာတော်၏ အဌသာလိနီအဌကထာနိဿယနှင့် ဝိသုဒ္ဓိမဂ်အဌကထာနိဿယတို့မှာ ယနေ့တိုင်အောင်ကျော်ကြားနေသော နိဿယကျမ်းများ ဖြစ်လေသည်။

ဤခေတ်မှနောက် မျက်မှောက်ခေတ်တိုင်အောင် ပါဋိစာပေ သည် မြန်မာပြည်၌ထွန်းကားလျက်ရှိရာ ပါဋိဆိုင်ရာစာပေ ကျမ်းဂန် များလည်း အမြောက်အများ ပေါ်ထွက်ခဲ့သည်။ ထိုများစွာသောကျမ်းတို့ တွင် လယ်တီဆရာတော်၏ ပရမတ္ထဒီပနီ(ပါဋိ)ကျမ်းမှာကမ္ဘာကျော်ကျမ်း တစ်ကျမ်းပင် ဖြစ်သည်။ ဆရာတော်၏ ထင်ရှားသောအခြားပါဋိကျမ်းမှာ နိရုတ္တိဒီပနီကျမ်းဖြစ်သည်။ မြန်မာဘာသာဖြင့်ရေးသားအပ်သော ဆရာ တော်၏ ဒီပနီကျမ်းများစွာတို့သည်လည်း သာသနာဝင် ရှင်လူအပေါင်း

တို့၏ လောကီ၊ လောကုတ်အကျိုးကို ယနေ့တိုင်အောင် ဆောင်လျက်ရှိသည်။ ဆရာတော်၏ ပရမတ္ထဒီပနီထွက်ပေါ်ပြီးနောက် တလိုင်းကုန်း ဆရာတော်၏ အကုံ်ရင်ဦးကာ၊ ဆရာတော် အရှင်ဥာဏိန္ဒာသဘာ၏ ဝိဘာဝိနီယောဇနာ စသောကျမ်းဂန်တို့လည်း အများအပြား ပေါ်ထွက်ခဲ့သည်။

ဤခေတ်တွင် ပါဠိကို အမှီပြုသော ပို့ကျမ်းများလည်း အသင့်အတင့်ထွန်းကားသည်ကို တွေ့ရသည်။ ၎င်းတို့တွင် လောကီ၊ လောကုတ် ဗဟုသုတအဖြာဖြာတို့နှင့် ပြည့်စုံကြွယ်ဝ၍ အကျယ်ဝန်းဆုံး၊ အပြည့်စုံဆုံးဟုဆိုနိုင်သောကျမ်းမှာ မန်လည်ဆရာတော်၏ မယဒေဝလက်သစ်ကျမ်းကြီးပင် ဖြစ်သည်။ ယင်းကျမ်းကြီးသည် မြန်မာပို့၊ ကဗျာစာပေသမိုင်းတွင် နောက်ဆုံးတောက်ထွန်းခဲ့သော မီးရှူးတန်ဆောင်ကြီးပင် ဖြစ်ပေတော့သည်။ ဆိုခဲ့ပြီး ကျမ်းစာများမှတပါး အခြားအခြားသော ကျမ်းတတ်အကျော်အမော်ဖြစ်သည့် ယိုထို ဆရာတော်တို့ ရေးသားအပ်သော ကျမ်းဂန်များကိုကား ဤနေရာတွင် ပြည့်စုံအောင်ထုတ်ပြနိုင်မည် မဟုတ်၍ ဤမျှဖြင့်ပင် ပါဠိစာပေသမိုင်းအကျဉ်းကို အဆုံးသတ်အပ်ပေတော့သတည်း။ ။

မှတ်ချက်။ ။ ဤပါဠိစာပေသမိုင်းအကျဉ်းကို တိပိဋကာ ပါဠိ+မြန်မာ အဘိဓာန်ကျမ်း၊ အတွဲ ၁ နိဒါန်းမှ ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။

* * * * *

သံဂါယနာမှတ်တမ်းတင်ပွဲများ သမိုင်းအကျဉ်းချုပ်

ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မပိဋကအားဖြင့် ပိဋကတ်တရားတော်တို့ကို အမှားအယွင်းမရှိအောင် သံဃာတော်များ စုပေါင်း၍ ရွတ်ဆိုအတည်ပြုခြင်းကို သံဂါယနာတင်သည်ဟုဆိုပါသည်။ သံဂါယနာမှတ်တမ်းကျေးဇူးများကြောင့် ယနေ့တိုင်အောင် ဗုဒ္ဓစာပေသည် မူရင်းမပျက် တည်ရှိနေပါသည်။

ပထမသံဂါယနာတင်ပွဲ

သာသနာနှစ်	-	(၁)နှစ်၊ B.C.544 ၊ မြတ်စွာဘုရားရှင် ပရိနိဗွာန်စံတော်မူပြီး (၃)လအကြာ
နေရာ	-	ရာဇဂြိုလ်ပြည်၊ဝေဘာရတောင်၊ သတ္တပဏ္ဏိလှိုင်ဂူ။
တင်ရခြင်းအကြောင်း	-	သုဘဒ္ဒတောထွက်ရဟန်းကြီး၏ ဘုရားရှင် ပညတ်ချက်များနှင့်ပတ်သက်၍ ဝေဖန်ပုတ်ခတ်ခြင်းကိစ္စ။
ဦးဆောင်မထေရ်	-	အရှင်မဟာကဿပ၊အရှင်ဥပါလိ၊ အရှင်အာနန္ဒာ။
သံဃာအရေအတွက်	-	ရဟန္တာသံဃာတော်(၅၀၀)။
အထောက်အပံ့ဒါယကာ	-	အဇာတသတ်မင်း၊ ရာဇဂြိုဟ်ပြည်၊ အိန္ဒိယနိုင်ငံ။
ကြာမြင့်ချိန်	-	(၇)လ
သံဂါယနာအမျိုးအစား	-	နှုတ်ဖြင့် ရွတ်ဆိုစောင့်ရှောက်မှု။

ဒုတိယသံဂါယနာတင်ပွဲ

သာသနာနှစ်	-	(၁၀၀)နှစ်
နေရာ	-	ဝေဠုကာရုံကျောင်း
တင်ရခြင်းအကြောင်း	-	ဝိနည်းဆိုင်ရာအဓမ္မဝတ္ထု (၁၀) ပါး ပေါ်ပေါက်လာမှုကိစ္စ
ဦးဆောင်မထေရ်	-	အရှင်ယသ
သံယာအရေအတွက်	-	ရဟန္တာသံယာတော်(၇၀၀)
အထောက်အပံ့ဒါယကာ	-	ကာလာသောကမင်း၊ဝေသာလီပြည်၊ အိန္ဒိယနိုင်ငံ
ကြာမြင့်ချိန်	-	(၈)လ
သံဂါယနာအမျိုးအစား	-	နှုတ်ဖြင့်ရွတ်ဆိုစောင့်ရှောက်မှု

တတိယသံဂါယနာတင်ပွဲ

သာသနာနှစ်	-	(၂၃၅)နှစ်
နေရာ	-	အသောကာရုံကျောင်း
တင်ရခြင်းအကြောင်း	-	ဘာသာခြားတိတ္ထိ(၆၀၀၀၀)တို့ သာသနာတွင်းစိမ့်ဝင်ပြီး အဓမ္မဝါဒများ သွတ်သွင်းဟောပြောမှုများကိစ္စ
ဦးဆောင်မထေရ်	-	အရှင်မဟာမောဂ္ဂလိပုတ္တတိဿ
သံယာအရေအတွက်	-	ရဟန္တာသံယာ(၁၀၀၀)
အထောက်အပံ့ဒါယကာ	-	သီရိဓမ္မာသောကမင်း၊ ပါဋလိပုတ်ပြည်၊ အိန္ဒိယနိုင်ငံ
ကြာမြင့်ချိန်	-	(၉)လ
သံဂါယနာအမျိုးအစား	-	နှုတ်ဖြင့်ရွတ်ဆိုစောင့်ရှောက်မှု

စတုတ္ထသံဂါယနာတင်ပွဲ

သာသနာနှစ်	-	(၄၅၀) နှစ်
နေရာ	-	မလယဇနပုဒ်၊ သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ)
တင်ရခြင်းအကြောင်း	-	နိုင်ငံအတွင်း ဝတ်မွတ်ခေါင်းပါးခြင်း၊ ပြည်တွင်းစစ်ဖြစ်မှုတို့နှင့်ကြုံရခြင်းကိစ္စ
ဦးဆောင်မထေရ်	-	အရှင်မဟာမမွရကွိတ
သံယာအရေအတွက်	-	ရဟန္တာသံယာ(၅၀၀)
အထောက်အပံ့ဒါယကာ	-	ဝဋ္ဋဂါမဏိမင်း၊သီဟိုဠ်(သီရိလင်္ကာနိုင်ငံ)
ကြာမြင့်ချိန်	-	(၁)နှစ်
သံဂါယနာအမျိုးအစား	-	ပေထက်အက္ခရာတင်စောင့်ရှောက်မှု

ပဉ္စမသံဂါယနာတင်ပွဲ

သာသနာနှစ်	-	(၂၄၁၅)နှစ်
နေရာ	-	ရတနာပုံနေပြည်တော်၊မန္တလေးမြို့၊ အထက်မြန်မာပြည်
တင်ရခြင်းအကြောင်း	-	ပိဋကတ်တော်များကိုပေပုရပိုက်များပေါ်၌ ရေးသားထားခြင်းကြောင့် ကြာရှည်စွာ မခိုင်မြဲနိုင်ခြင်း၊ မူဝါဒအမျိုးမျိုး ကွဲပြားနေခြင်းကိစ္စ
ဦးဆောင်မထေရ်	-	အရှင်ဇာဂရာဘိဝံသ
သံယာအရေအတွက်	-	(၂၄၀၀)
အထောက်အပံ့ဒါယကာ	-	မင်းတုန်းမင်း၊အထက်မြန်မာပြည်
ကြာမြင့်ချိန်	-	ကျောက်ထက်အက္ခရာတင်ချိန်-(၇)နှစ်၊ (၆)လ၊ (၁၄)ရက်၊
နှုတ်ဖြင့်ရွတ်ဆိုချိန်	-	(၅)လ၊ (၃)ရက်
သံဂါယနာအမျိုးအစား	-	ကျောက်ထက်အက္ခရာတင် စောင့်ရှောက်မှု

ဆဋ္ဌသံဂါယနာတင်ပွဲ

သာသနာနှစ်	-	(၂၄၉၈)နှစ်
နေရာ	-	ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ
တင်ရခြင်းအကြောင်း	-	ဘာသာ၊ သာသနာနှင်လူမျိုးများ ကိုလိုနီခေတ်၊သူ့ကျွန်ဘဝတွင် နှစ်(၁၀၀)ခန့်နေခဲ့ရ၍ သာသနာတော် သန့်ရှင်းစင်ကြယ်စေရန်ကိစ္စ
ဦးဆောင်မထေရ်	-	ညောင်ရမ်းဆရာတော် အရှင်ရေဝတ မဟာစည်ဆရာတော် အရှင်သောဘဏ မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ
သံဃာအရေအတွက်	-	(၂၅၀၀)
အထောက်အပံ့ဒါယကာ	-	ဝန်ကြီးချုပ်ဦးနုအစိုးရနှင့် ပြည်သူ/ပြည်သားများ
အချိန်ကာလ	-	(၂)နှစ်
သံဂါယနာအမျိုးအစား	-	ပုံနှိပ်စက္ကူအက္ခရာတင်စောင့်ရှောက်မှု

* * * * *

ပါဋိတော်ကျမ်းများ ဝိတ်ဆက်

က။ ဝိနယပိဋကကျမ်းများ

ပိဋကတ်သုံးပုံဖွဲ့စည်းမှုတွင် ဝိနယပိဋကကို ရှေ့ဆုံးတင်ဖွဲ့စည်းထားသည်။ ဝိနယပိဋကကို အောက်ပါ ကျမ်းငါးကျမ်းဖြင့် ဖွဲ့စည်းသတ်မှတ်ထားသည်။

၁။ ပါရာဇိကပါဋိ
၂။ ပါစိတ္တိယပါဋိ
၃။ မဟာဝဂ္ဂပါဋိ
၄။ စူဋဝဂ္ဂပါဋိ
၅။ ပရိဝါရပါဋိ

ရဟန်းတော်များ၏ နေထိုင်မှုပုံစံနှင့် ရဟန်းတော်အဖွဲ့အစည်းများကို ပြိုကွဲမသွားစေရန်အတွက် ဤဝိနည်းပိဋကကျမ်းများတွင် ထိရောက်သောလမ်းညွှန်ချက်များ ပါဝင်နေသည်ကို တွေ့ရသည်။ ပိဋကတ်သုံးပုံတွင် ဝိနယပိဋကသည် "သာသနာတော်၏ အသက်ဖြစ်ကြောင်း၊ ဝိနည်းတည်နေလျှင် သာသနာတော်လည်း တည်နေသည်ဟု ဆိုနိုင်ကြောင်း" ဗုဒ္ဓဘာသာဝင်များက ဂုဏ်ယူတင်စားပြောဆိုလေ့ ရှိကြသည်။ သို့သော် ဝိနည်းတော်များသည် ရဟန်းတော်များ၏ဘဝနှင့် ၎င်းတို့၏

အဖွဲ့အစည်းများအတွက် လွန်စွာအရေးပါအရာရောက်သည်ဟု ဆိုသော်လည်း မြတ်ဗုဒ္ဓ၏ကနဦးအစောပိုင်းကာလများတွင် ဝိနည်းစည်းကမ်းများကို သတ်မှတ်ပညတ်ခဲ့သည်မဟုတ်ပေ။ မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ ရောက်ပြီး ဝါတော် (၂၀) ကြာမှ စတင်ပညတ်ခဲ့သည်။ ဝိနည်းတော်များနှင့်ပတ်သက်၍ လိုက်နာကျင့်ကြံကြရာတွင် မြောက်ပိုင်းမဟာယာနဗုဒ္ဓဘာသာရဟန်းတော်များထက်တောင်ပိုင်း ထေရဝါဒဗုဒ္ဓဘာသာရဟန်းတော်အဖွဲ့အစည်းများက ပိုမိုအလေးဂရုပြုကြကြောင်း ထင်ရှားကျော်ကြားသည်။

၁။ ပါရာဇိကပါဠိ

ဝိနည်းပိဋကတော်၏ ပထမဦးဆုံး ဝေရဉ္ဇကဏ္ဍ၌ ဝိနည်းသိက္ခာပုဒ်များ စတင်ပညတ်ရန်အတွက် အားထုတ်မှုတစ်ရပ်အနေဖြင့် ဝေရဉ္ဇာပြည်တွင် အရှင်သာရိပုတ္တရာမယေရ်မြတ်မှ မြတ်စွာဘုရားရှင်အား တောင်းပန်ပုံ အဖြစ်အပျက်နိဒါန်းအဖြစ်လည်းကောင်း၊ တနည်းအားဖြင့် ဝိနယပိဋကစတင်ပေါ်ပေါက်လာပုံ သမိုင်းအခြေခံအဖြစ်လည်းကောင်း လေ့လာနိုင်သည်။ မြတ်စွာဘုရားရှင်သည် ဝိနည်းသိက္ခာပုဒ်များကို ပညတ်ခဲ့သော်လည်း "မလိုအပ်ဘဲ စည်းကမ်းဥပဒေများကို ထုတ်ပြန်ခြင်းမျိုး" ကိုလိုလားဟန်မရှိပေ။ အဘယ့်ကြောင့်ဆိုသော် ဝိနည်းသိက္ခာပုဒ်များကို ဝါတော်(၂၀)ရှိမှ စတင်ပညတ်ခြင်းကိုထောက်ဆ၍သော်လည်းကောင်း၊ ထို့အပြင် အောက်ပါ ဝေရဉ္ဇကဏ္ဍလာစကားရပ်ကိုထောက်ဆ၍သော်လည်းကောင်း သိသာနိုင်သည်။ " သာရိပုတ္တရာ ! ဤသာသနာတော်၌ အာသဝေါတရားလျှင်တည်ရာရှိကုန်သော လွန်ကျူးမှုတရားတို့သည် ရဟန်းအဖွဲ့အစည်းများ၌ ထင်ရှားမဖြစ်ပေါ်သေးသမျှကာလပတ်လုံး မြတ်စွာဘုရားရှင်သည် တပည့်တို့အား သိက္ခာပုဒ်တို့ကို ပညတ်တော်မမူချေ၊ ပါတိမောက်ကိုပြတော်မမူချေ " ။

ထို့နောက် ပါရာဇိကကဏ္ဍ-ရဟန်းတော်တို့အတွက် သိက္ခာပုဒ်တို့တွင် အရေးကြီးဆုံး လိုက်နာရန်နှင့် အပြင်းထန်ဆုံး ပါရာဇိကအာပတ် (သာသနာတော်မှ ရွှေ့လျောကျခြင်း) လေးမျိုးတို့ကို ပြဆိုထားသည်။

ဤ ပါရာဇိကအာပတ်လေးမျိုးသည် ရဟန်းတော်တို့၏ ဝိနည်းစည်းကမ်းများတွင် အရေးကြီးဆုံးဖြစ်သကဲ့သို့ ကျူးလွန်မိသော ရဟန်းသည်လည်း ယခု ဘဝတွင်ပင် အလိုအလျောက်သိက္ခာကျပြီးသားဖြစ်သွားပြီး မဂ်ဖိုလ်နိဗ္ဗာန်မှ လွဲချော်နိုင်သည်အထိ အပြစ်ကြီးလေးလှပေသည်။ ပါရာဇိကအာပတ်သို့ရောက်သော ရဟန်းတစ်ပါးကို ဦးခေါင်းပြတ်သွားသော လူ၊ ကြွေကျသွားသောသစ်ရွက်၊ နှစ်လွှာကွဲသောကျောက်ဖြာ၊ လည်ဆစ်ပြတ်သွားသောထန်းပင်တို့နှင့် တင်စားလေ့ရှိသည်။ အဆိုပါ အပြစ်ကြီးလေးမျိုးမှာ -

၁။ မေထုန်မှိုဝဲမှု (အနိမ့်ကျဆုံးတိရစ္ဆာန်နှင့်မေထုန်မှိုဝဲမှု)

၂။ ခိုးယူမှု (အနိမ့်ကျဆုံးတစ်မတ်၊ တစ်မတ်တန်သောသူတစ်ပါးဥစ္စာကို ခိုးယူမှု)

၃။ လူသတ်မှု (အနိမ့်ကျဆုံး ကိုယ်ဝန်ပျက်ကျဆေးပေးမှု)

၄။ လူအထင်ကြီးစေလိုသောဆန္ဒဖြင့် တရားထူး၊ တရားမြတ်တို့ကို မရရှိသေးဘဲကြွားဝါမှုတို့ ဖြစ်သည်။

ပထမပါရာဇိကအခန်းတွင် မိမိစိတ်ဆန္ဒမပါဘဲ မိသားစုကိစ္စကြောင့် နောင်တရခဲ့ရသော အရှင်သုဒိန်၏ ကြေကွဲဖွယ်ဇာတ်လမ်းနှင့် မေထုန်နှင့်စပ်သတ်မှတ်ချက်များ၊ ဖြတ်ထုံးများကို လေ့လာနိုင်သည်။ ပထမပါရာဇိက အာပတ်နှင့်ပတ်သက်၍ အလွယ်ကူဆုံးချုပ်၍ဆိုရလျှင် "မည်သည့်နည်း၊ မည်သည့်ပုံစံနှင့်ကျူးလွန်သည်ဖြစ်စေ အာပတ်မှုမလွတ်" ဟုအလွယ်တကူ မှတ်သားနိုင်သည်။ ရဟန်းတော်များအတွက် ဒုတိယပါရာဇိကအာပတ်မှ လွဲလျှင်ကျန်သုံးမျိုးမှာ ရှောင်ကြဉ်ရန်လွယ်ကူသိသာလှသော်လည်း ဒုတိယပါရာဇိကအာပတ်မှာမူ နေရာဒေသ၊ယဉ်ကျေးမှုနှင့်ခေတ်အခြေအနေများကိုလိုက်၍ အငြင်းပွားရမှု မကြာခဏဖြစ်ရပြီး ဖြေရှင်းချက်များမကြာ ခဏပေးရလေ့ရှိသည်ကို တွေ့ရသည်။ဥပမာ-နိုင်ငံတော်ကတရားဝင်သတ်မှတ်ထားသော အကောက်အခွန် ဆိုင်ရာဥပဒေများနှင့်မညီညွတ်သောပစ္စည်းများကို ရဟန်းတော်များ ပါဝင်ပတ်သက်သုံးစွဲရာ၌ မည်ကဲ့သို့ဆုံးဖြတ်မည်နည်း? ဟူသော ပြဿနာမျိုးသည် ရဟန်းတော်များအတွက် သိမ်မွေ့နူးညံ့ပြီး သတိလည်းထားရသောကိစ္စမျိုးဖြစ်သည်။

ပါရာဇိကအာပတ်လေးပါးကို ခြုံ၍ကြည့်လျှင် ရဟန်းတစ်ပါးသည် အထက်ပါပြစ်မှုကြီးလေးမျိုးကို မည်သည့်နည်းနှင့်မှ ဥပဒေလက်တစ်လုံးခြားလုပ်၍ အပြစ်မှလွတ်နိုင်ခြင်း မရှိကြောင်းကို လေ့လာတွေ့ရှိရသည်။ သို့သော်လည်း ချင်းချက်အနေဖြင့် ရှုးသွပ်နေသော ရဟန်း၊ အစလက်ဦးကျူးလွန်သောရဟန်း စသူတို့မှာ အပြစ်မှလွတ်ငြိမ်းခွင့် ပေးထားသည်ကိုလည်း တွေ့ရှိရသည်။

သံယာဒိသေသကဏ္ဍ - အာပတ်သင့်လျှင် သံယာအများ ပါဝင်သောသံယကံဖြင့်ကုစားရသော သံယာဒိသိသ်အာပတ်အမျိုးအစား (၁၃) မျိုးပါဝင်သည်။ ဤကဏ္ဍလာ ကုလဒူသကသိက္ခာပုဒ် (ဒါယကာတို့၏ယုံကြည်မှုကို ဖျက်ဆီးမှု)တွင် ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်တို့၏ ဆရာ+ဒကာဆက်ဆံရေးတွင် သတိထားသင့်သော အချက်များ ပါဝင်သည်။ သတိမထားမိပါက မသိမသာဖြင့်နှစ်ဦးနှစ်ဖက်အကျိုးယုတ်စေနိုင်သော အန္တရာယ်အစွန်းများရှိကြောင်း တွေ့ရှိနိုင်သည်။အနိယတကဏ္ဍ-အာပတ်ကျူးလွန်သူဝန်ခံချက်အတိုင်းဆုံးဖြတ်ရသည့် အနိ ယတသိက္ခာပုဒ် (၂)မျိုးပါဝင်သည်။ ဤသိက္ခာပုဒ်နှစ်ပုဒ်ကား ရဟန်းတော်နှင့်အမျိုးသမီးဆက်ဆံရာတွင် နေရာဒေသနှင့်ပတ်သက်၍ သတိပေးချက်များသာဖြစ်ပါသည်။ နိဿဂ္ဂိယကဏ္ဍ-အာပတ်သင့်ပစ္စည်းကို ရှေးဦးစွာစွန့်ပြီးမှ ကုစားရသော ပညတ်ချက်အမျိုးအစား (၃၀) တို့ကို ပြဆိုထားသည်။ ဤကဏ္ဍတွင် ယေဘုယျအားဖြင့်ရဟန်းတော်တို့အတွက် သင်္ကန်း၊ သပိတ်နှင့်ပတ်သက်၍ သတိပေး၊ တားမြစ်ချက်များကို အများဆုံးပညတ်ထားသည်။

၂။ ပါစိတ္တိယပါဠိ

ဤကျမ်းတွင် ရဟန်းယောကျ်ား(ဘိက္ခု)တို့အတွက် ပါစိတ္တိယကဏ္ဍ-ကုသိုလ်စိတ်မှလျှောကျစေတတ်သော သိက္ခာပုဒ်အမျိုးအစား (၉၂) မျိုးနှင့် ပါဠိဒေသနိယကဏ္ဍ၊ သေခိယကဏ္ဍတို့ပါဝင်သည်။ဤကျမ်းတွင် ရဟန်းယောကျ်ား(ဘိက္ခု)များအတွက် စည်းမျဉ်းများနှင့် နောက်ပိုင်းတွင် ရဟန်းမ(ဘိက္ခုနီ)တို့အတွက် စည်းမျဉ်းများ ပါဝင်သည်။

ဤကျမ်းသည် စာပေဗဟုသုတရှာဖွေလိုသူများအနေဖြင့် အနည်းငယ်ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော်လည်း အချို့သောသိက္ခာပုဒ်များ ဖြစ်ပေါ်လာရခြင်း၏နောက်ခံအကြောင်းရင်းကိုလေ့လာရသောအခါ မြတ်စွာဘုရားရှင်လက်ထက်တော်အခါက ရဟန်းတော်များနှင့်လူဒါယကာတို့၏ ဆက်ဆံရေးအခြေအနေ တစိတ်တဒေသကိုသော်လည်းကောင်း၊ ရဟန်းများနှင့်ရဟန်းမတို့၏ ဆက်ဆံရေးအခြေအနေများကိုလည်းကောင်း လေ့လာအကဲခတ်နိုင်သည်။

အစေလကဝဂ်လာ၊ အစေလကသိက္ခာပုဒ်နှင့် သဘောဇနသိက္ခာပုဒ်တို့ဖြစ်ပေါ်လာရခြင်း၏အကြောင်းကို ဖတ်ရှုရသောအခါ မထေရ်မြတ်အရှင်အာနန္ဒာနှင့်အရှင်ဥပနန္ဒတို့၏ လူမှုရေးဒုက္ခများကို ကိုယ်ချင်းစာ၊ နားလည်ရလေသည်။ မြတ်စွာဘုရားရှင်၏အမိန့်တော်ဖြင့် မထေရ်မြတ်အရှင်အာနန္ဒာသည် စားကြွင်းစားတို့အား ဆွမ်းကျန်ကွမ်းကျန်များပေးဝေခဲ့သည်။ မထေရ်လည်း ပရိဗိုဇ်မတစ်ယောက်အား မုန့်နှစ်ခုကို တစ်ခုအမှတ်အဖြစ်ဖြင့် ပေးမိသောကြောင့် ပရိဗိုဇ်မနှင့်ပေးစားခံရသောဒုက္ခနှင့်ရာဂစိတ်ဖြင့် ယစ်နေသော မိတ်ဆွေဒါယကာအိမ်သို့ ဆွမ်းခံကြွမိရာတွင်ဆွမ်းလောင်းပြီးသောအခါ အတင်းပြန်ကြွခိုင်းနေသော ဒါယကာနှင့်ယောင်္ကျား၏အခြေအနေကို ရိပ်မိသောဒါယိကာမက အတင်းတားနေရာ အရှင်ဥပနန္ဒမှာ ထိုင်ရမလို၊ ထရမလိုဖြစ်နေသော မထေရ်မြတ်တို့၏အစားတစ်လုပ်၊ ဒုက္ခထုပ်တို့ကို ကိုယ်ချင်းစားနားလည်ရသည်။ နောက်ပိုင်းသေခိယသိက္ခာပုဒ်အချို့မှာရဟန်းတော်များသာမက လူပုဂ္ဂိုလ်များအနေဖြင့်လည်း လိုက်နာသင့်သောသိက္ခာပုဒ်များ ဖြစ်သည်။ လူကြီးလူကောင်းပီသစွာ သွားလာနေထိုင်မှုနှင့်အစား အသောက်ဆိုင်ရာ ယဉ်ကျေးမှုများကို နှိုက်နှိုက်ချတ်ချတ်ပညတ်ထားသည်မှာ အားကျနည်းယူဖွယ် ကောင်းလှသည်။

ရဟန်းတော်တို့၏ "နှစ်ရာ့နှစ်ဆယ်၊ခုနှစ်သွယ်" သော သိက္ခာပုဒ်အားလုံး အထက်ပါနှစ်ကျမ်းလုံးတွင် ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရပေမည်။ ဤရဟန်းတော်တို့၏သိက္ခာပုဒ်များနှင့်ပတ်သက်၍ (၂၂၇)ပုဒ်ရှိသည်ဟု လက်ခံထားကြသော်လည်း အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊

သမဏာဝဂ်၊ ဝဇ္ဇိပုတ္တာသုတ်၌ "အရှင်ဘုရားတို့ ! တစ်ရှာငါးဆယ်သော သိက္ခာပုဒ်တို့ကို ရွတ်ဆိုရန်အချိန်တန်ပါပြီ" ဟူသောစကားရပ်နှင့် မိလိန္ဒပညာကျမ်း၊ အနဝသေ သသိက္ခာပဒပညာ၌ "ရဟန်းကောင်းဟူသည် တစ်ရှာငါးဆယ်သော သိက္ခာပုဒ်တို့၌ကျွမ်းကျင်သူ" စသော စကားရပ်တို့ကိုထောက်ဆ၍ "မူလကသိက္ခာပုဒ်အရေအတွက်မှာ (၁၅၀)သာရှိပြီး နောက်ပိုင်းမှသေခါယသိက္ခာပုဒ်(၇၅)ပုဒ်ကိုထည့်သွင်း၍ (၂၂၇)ပုဒ်ဖြစ်လာသည်" ဟုယူဆသော သုတေသီပညာရှင်များလည်းရှိသေးသည်။ အဋ္ဌကထာဆရာ၊ အရှင်မဟာဗုဒ္ဓယောသ၏အဆိုရမူ အဂုံတွေ့ရ၊ တိကနိပါတ်လာစကားရပ်ကို "ထိုအချိန်က သိက္ခာပုဒ်ပေါင်း (၁၅၀)သာရှိ၍ ထိုကဲ့သို့ဆိုကြောင်း" ဖြေရှင်းချက်ထုတ်ထားသည်။ သို့သော် အထက်ပါ ဖြေရှင်းချက်သည် လက်ခံနိုင်စရာအကြောင်းရှိသော်လည်း ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးကာလအတန်ကြာမှ ဗုဒ္ဓစာပေအတွင်းသို့ဝင်ရောက်လာသော မိလိန္ဒပညာကျမ်း၌လည်း သိက္ခာပုဒ် (၁၅၀)ဟုသာ ဆိုထားခြင်းမှာလည်း ပညာရှင်များအနေဖြင့် သုတေသနပြုဖွယ်ကောင်းလှသည်။

ပါစိတ္တိယပါဠိကျမ်းနောက်ပိုင်းတွင် အမျိုးသမီးရဟန်း(ဘိက္ခုနီ)တို့အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော သိက္ခာပုဒ်များကိုပြဆိုထားသည်။ သိက္ခာပုဒ်များကို ဤကျမ်းတွင် ထည့်သွင်းအသိမှတ်ပြုထားသေးသော်လည်း လက်ရှိရဟန်းတော်တို့၏ အယူဆအားဖြင့်မူ မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်းလေးရာကျော်ငါးရာ ခန့်ကပင် ဘိက္ခုနီသာသနာကွယ်ခဲ့ပြီဖြစ်ကြောင်း လက်ခံထားကြသည်။ အမျိုးသမီးရဟန်းတော်များလိုက်နာရသည့် စည်းကမ်းများသည် အမျိုးသားရဟန်းတော်များထက် ပိုမိုများပြားကြောင်းကိုလည်း တွေ့ရှိရသည်။

၃။ မဟာဝဂ္ဂပါဠိ

ဝိနယပိဋကတွင် တတိယမြောက်ကျမ်းဖြစ်သော ဤကျမ်းတွင် မဟာခန္ဓက၊ ဥပေါသထခန္ဓကစသောအားဖြင့် အပိုင်း(၁၀)ပိုင်းဖြင့် ဖွဲ့စည်းထားသည်။ မဟာခန္ဓကအပိုင်းတွင် ရဟန်းတော်အဖွဲ့စည်းကြီးစတင်ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းချုပ်နှင့် အဖွဲ့စည်းအတွင်း အတူနေ

ဆရာ၊ တပည့်တို့ လိုက်နာရမည့်ကျင့်ဝတ်များ၊ရဟန်းဘောင် သို့ဝင်ရောက်လာသူများနှင့်ပတ်သက်၍ လိုက်နာရမည့်စည်းကမ်းဥပဒေများ ပါဝင်သည်။ ဥပေါသထခန္ဓကအပိုင်းတွင် ဘုရင်ဗိမ္ဗိသာရသည် မြတ်ဗုဒ္ဓအား သာသနာပအဖွဲ့စည်းများ၏ မကြာခဏ စည်းဝေးမှုကြောင့် စည်းလုံးညီညွတ်မှုရှိပုံနှင့် ဗုဒ္ဓသာသနာကို နှိုင်းယှဉ်ထောက်ပြလာ၍ ဘုရားရှင်ဥပုသ်ပြုခြင်းကိစ္စခွင့်ပြုခြင်း၊ ဥပုသ်ပြုအခန်းအနားနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများအကြောင်းကို လေ့လာနိုင်သည်။

နောက်ပိုင်း ခန္ဓကအပိုင်းများတွင် မိုးတွင်းကာလ ဝါကပ်ပုံ၊ ဝါကျွတ် ပဝါရဏာပြုပုံ၊ရဟန်းတော်တို့၏အသုံး အဆောင်များဖြစ်သော ဖိနပ်၊ ယဉ်၊ဆေး၊ သင်္ကန်းအသုံးအဆောင်များ၊ ရဟန်းတော်အချင်းချင်း အငြင်းပွားဖွယ် ကိစ္စတစ်ခုခုကြုံလာလျှင် ပြုလုပ်သင့်သည့်နည်းလမ်းများ (ဝိနည်းကံအမျိုးမျိုး)တို့ ပါဝင်သည်။

၄။ စူဠဝဂ္ဂပါဠိ

ဤစူဠဝဂ္ဂပါဠိတော်သည် မဟာဝဂ္ဂပါဠိတော်နှင့် ကျမ်းတွင် ပါဝင်သောအကြောင်းအရာများမတူညီကြသော်ကျမ်းဖွဲ့စည်းပုံ သဘောသဘာဝအားဖြင့်မူ တူညီသည်ကိုတွေ့ရသည်။ ဤကျမ်းတွင်လည်း ကမ္မက္ခန္ဓက၊ ပါရိဝါသိကက္ခန္ဓက၊သမုစ္စယက္ခန္ဓကစသောအားဖြင့် ခန္ဓကအပိုင်း(၁၂)ပိုင်းဖြင့် ဖွဲ့စည်းထားသည်။ ရှေ့ပိုင်းခန္ဓက(၄)ပိုင်းတွင် ဝိနည်းကံအမျိုးမျိုးနှင့်ပရိဝတ်ဆောက်တည်မှုဆိုင်ရာများ၊ အဓိကရုဏ်းငြိမ်းကြောင်းများပါဝင်သည်။ သမုစ္စယက္ခန္ဓက အဆုံးပိုင်းနိဂုံးပိုင်းတွင် စာပေသမိုင်းမှတ်တမ်းသက်သေတန်ဖိုးအနေဖြင့် အောက်ပါမှတ်ချက်ပါဝင်နေသည်။ "စင်ကြယ်သောအားဖြင့် တစ်ဆယ့်ငါးဝါရ သီဟိုဠ်ကျွန်းသူ၊ ကျွန်းသားတို့ကို ကြည်ညိုစေနိုင်ကုန်သော ပုဒ်ဝါကျတို့ကို ဝေဖန်တော်မူနိုင်ကုန်သော မဟာဝိဟာရကျောင်းနေဆရာတို့သည် သူတော်ကောင်းတရားတည်တံ့နိုင်ရန် ဤပို့ချစဉ်ကို ထားအပ်၏ "။

အမှတ်စဉ် ၅ မှ ၉ ခန္ဓကများတွင် (၁၁၀) သော ခုဒ္ဒကဝတ္ထုများ၊ ရတနာသုံးပါးအား အန္တရာယ်ပေးလာလျှင် သပိတ်မှောက်ကံဆိုင်

ရာများ၊ ရဟန်းတော်တို့အတွက် နေရာထိုင်ခင်းများ၊ ရဟန်းတော်အချင်းချင်း ပြုကျင့်ရမည့် ကျင့်ဝတ်များ၊ပါတိမောက်ပြရာ၌ ပရိသတ်မစင်ကြယ်လျှင် ပြုလုပ်ရန် လုပ်ထုံးလုပ်နည်းများ ပါဝင်သည်။

ခုဒ္ဒကဝတ္ထုများ၏ တစ်နေရာတွင် သုတေသီစိတ်ဝင်စားကြလေ့ရှိသော "ပြဟ္မဏမျိုးရိုးရဟန်းညီနောင် တို့က မြတ်ဗုဒ္ဓ၏တရားတော်တို့ကို သက္ကတဘာသာဖြင့် မှတ်တမ်းတင်ထားရန်ကိစ္စအကြောင်း" ပါဝင်သည်။ အမှတ် (၁၀) ဘိက္ခုနီက္ခန္ဓကအပိုင်းတွင် သာသနာအတွင်းသို့ မိန်းမရဟန်းတော်များ(ဘိက္ခုနီ)စတင်ရောက်ရှိလာပုံသမိုင်းအကျဉ်းနှင့် ကျင့်ဝတ်ဝတ္တရားများ ပါဝင်သည်။ အမှတ်(၁၁)နှင့်(၁၂)အပိုင်းသည် ဗုဒ္ဓစာပေများအတွက် အရေးကြီးအရာရောက်ခဲ့သော ပထမသံဂါယနာတင်ပွဲနှင့်ဒုတိယသံဂါယနာတင်ပွဲများသမိုင်းမှတ်တမ်းများသာဖြစ်ပါသည်။

၅။ ပရိဝါရပါဠိ

ဝိနယပိဋကတ်၏ နောက်ဆုံးဖြစ်သော ဤကျမ်းကား ရှေ့ပိုင်းဝိနည်းကျမ်းကြီးလေးကျမ်းလောက်ရဟန်းတော် အဖွဲ့စည်းများအတွက် အရေးပါအရာရောက်သော ကျမ်းမဟုတ်တော့ဟု ဆိုနိုင်သည်။ နောက်ပိုင်း သီဟိုဠ်မထေရ်တစ်ပါးပါးက ပြုစုခဲ့သောကျမ်းဖြစ်သည်။ဤကျမ်းသည် ရှေ့ဝိနည်းကျမ်းကြီးများကဲ့သို့ လိုက်နာရန် စည်းမျဉ်းများကို ထုတ်ဖော်သတ်မှတ်ပြခြင်းမျိုးထက် ရှေ့ကျမ်းကြီးများ၌ပါဝင်ပြီးဖြစ်သော သိက္ခာပုဒ်များကိုပင် သံဂါယနာတင် ထုံးတင်နည်းနှင့်အညီမှတ်တမ်းတင်ခြင်းမျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ကျမ်း၏ရည်ရွယ်ရင်းမှာ သံဂါယနာတင်နည်းမှတ်တမ်းနှင့်တ ကွဝိနယပိဋကတ်၏ အရေးကြီးပုံကို ဂုဏ်တင်လိုသောရည်ရွယ်ရင်းဖြစ်ဖွယ်ရှိသည်။ ကျမ်း၏ တစ်နေရာတွင် ဝိနည်းဆိုင်ရာ " သေဒမောစနဂါထာ (၄၃)ဂါထာ" (ချွေးထွက်အောင်အဖြေ ရှာရသောဂါထာများ) ပါဝင်သည်။ ရဟန်းတော်များကို ဝိနည်းနှင့်ပတ်သက်၍ ပိုမိုကျွမ်းကျင်စေလိုသောဆန္ဒဖြင့် စီစဉ်ထားဟန်ရှိသည်။

ဥပမာ-

အမေး။ ။"ဥတ်လည်းမထား၊ ကမ္မဝါစာလည်း မရွတ်၊ မြတ်စွာဘုရားက လည်း 'ဧဟိဘိက္ခု' မခေါ်၊ သရဏဂုံဆောက်တည်ခြင်းလည်း မရှိ၊ သူ၏ ပဉ္စင်းအဖြစ်သည်လည်းမပျက်စီး၊ဤအမေးကိုပညာရှိတို့ကြံအပ်၏"?။

အဖြေ။ ။ ဂရုဓမ်ရှစ်ပါးဖြင့် ရဟန်းဖြစ်ခဲ့သော မဟာပဇာပတိ ဂေါတမီရဟန်းမ !

* * *

၈။ သုတ္တန္တပိဋကကျမ်းများ

သုတ္တန္တပိဋကသည် နိကာယ်အနေဖြင့် ငါးခု ရှိသည်။

၎င်းတို့မှာ -

၁။ ဒီဃနိကာယ်

၂။ မဇ္ဈိမနိကာယ်

၃။ သံယုတ္တနိကာယ်

၄။ အင်္ဂုတ္တရနိကာယ်

၅။ ခုဒ္ဒကနိကာယ် တို့ဖြစ်ပါသည်။

၁။ ဒီဃနိကာယ(ရှည်လျားသောသုတ်များအစု)

ဤနိကာယ်တွင် သုတ်ပေါင်း (၃၄)သုတ်ရှိပြီး စာအုပ်သုံးအုပ်ဖြင့် ဖွဲ့စည်းထားသည်။

(က)သီလက္ခန္ဓဝဂ္ဂပါဠိ

ဤကျမ်းတွင် သုတ်ပေါင်း(၁၃)သုတ်ဖြင့် ဖွဲ့စည်းထားပြီး ပထမဦးဆုံး ဗြဟ္မဇာလသုတ်တွင် တစ်ချိန်က အိန္ဒိယနိုင်ငံ၌ ပေါ်ထွန်းခဲ့သော အယူဝါဒများ၊ အတွေးအခေါ်များနှင့် ကျင့်စဉ်အမျိုးမျိုးတို့ကို လေ့လာနိုင်သည်။ သုတ်၏ရှေ့ပိုင်း သီလအခန်းများတွင် ရှေးဟောင်းအိန္ဒိယနိုင်ငံတွင် လူများက ယုံကြည်ချက်ဖြင့် လှူဒါန်းသောလှူဖွယ်ပစ္စည်းများကို သုံးဆောင်ခံစားပြီး အကျင့်ပျက်နေသော သမဏ၊ဗြာဟ္မဏအချို့တို့၏ အခြေအနေများနှင့် ရှေးဟောင်းအိန္ဒိယယဉ်ကျေးမှုဆိုင်ရာလေ့လာစရာ

များကို တွေ့ရှိနိုင်သည်။ ဤသုတ်လာ (၆၂) မျိုးသော အယူဝါဒများသည် မြတ်ဗုဒ္ဓ၏အယူအဆနှင့် ဆန့်ကျင်သော်လည်း အယူဝါဒများအကြောင်း ကိုလေ့လာလိုသော သုတေသီများအတွက်မူ ခြေရာကောက်ရန်အတွက် အကောင်းဆုံးသောလမ်းစများဖြစ်သည်ကိုလည်း တွေ့ရသည်။

ဒုတိယမြောက် သာမညဖလသုတ်တွင် မြတ်ဗုဒ္ဓ၏ သာသနာ အတွင်းသို့ ဝင်ရောက်လာသော တပည့်ရဟန်းများ ရရှိနိုင်သော အကျိုး တရားများနှင့်ဗုဒ္ဓနှင့် ခေတ်ပြိုင်ဘာသာရေးဆရာကြီးခြောက်ဦး၏ အတွေးအခေါ် အယူအဆများကို လေ့လာနိုင်သည်။ တတိယမြောက် အမဗ္ဗသုတ်တွင် မြတ်စွာဘုရားရှင်နှင့်ဗြာဟ္မဏတို့၏ ဆက်ဆံရေး အခြေ အနေနှင့်ဇာတ်ခွဲခြားမှုစနစ်နှင့်ပတ်သက်၍မြတ်စွာဘုရားရှင်၏ သဘော ထားတစ်စွန်းတစ်စကို အကဲခတ်နိုင်သည်။

သောဏဒဏ္ဍသုတ်၊ ဗုဒ္ဓဂုဏကထာတွင် မြတ်စွာဘုရားရှင်၏ ဘဝတစ်စိတ်တဒေသကို အကဲခတ်နိုင်သည်။ တနည်းအားဖြင့် ဗြာဟ္မဏ တို့ပြောပြသော မြတ်ဗုဒ္ဓ၏ လူမှုဆက်ဆံရေးဘဝသရုပ်အမှန်ကိုလည်း တွေ့ရှိရသည်။

ဤဗုဒ္ဓ ဂုဏကထာလာ မြတ်စွာဘုရားရှင်၏ . . . "လာလော့၊ ကောင်းသောလာခြင်းတည်း" ဟု ဆိုလေ့ရှိ၏၊ နူးညံ့သောစကား ရှိ၏၊ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်တတ်၏၊ ရွှင်လန်းသောမျက်နှာရှိ၏၊ ပေါ့ ပါးသောနှုတ်ရှိ၏၊ ရှေးဦးစွာဆိုလေ့ရှိ၏" စသော လူမှုဆက်ဆံရေး ယဉ် ကျေးမှုတို့ကို လေ့လာရသောအခါ ကျွန်ုပ်တို့ သိထားကြည်ညိုနေသော ဘုရားရှင်သည် နတ်တန်ခိုးရှင်ကြီးတစ်ပါးပုံစံထက် လူသားဆန်သောပုံစံ ကို ပိုမိုတွေ့ရှိလေးစားကြည်ညိုရသည်။

ထို့အပြင် မြတ်စွာဘုရားရှင်နှင့် သောဏဒဏ္ဍပုဏ္ဏားတို့ ဆွေး နွေးသောသီလနှင့်ပညာတို့၏ အရေးကြီးပုံကိုလည်း လေ့လာနိုင်သည်။ ဤကျမ်းလာသုတ်တော်အများစုသည် ယေဘုယျအားဖြင့်ကြည့်လျှင် ဘာသာခြားတို့၏တရားများနှင့်ဆန့်ကျင်ကာ ဘုရားရှင်၏အဓိကမူဝါဒ ဖြစ်သော 'သီလ၊ သမာဓိ၊ ပညာ' တို့ကို အကျယ်တဝင့် ဟောပြချက် များသာဖြစ်သည်ကို တွေ့ရပေမည်။

(ခ) မဟာဝဂ္ဂပါဠိ

ဤကျမ်းတွင် သုတ်ပေါင်း(၁၀)သုတ်ပါဝင်ပြီး ဗုဒ္ဓဘာသာဝင်တို့အတွက် အရေးကြီးပြီးလူသိများသော သုတ်များအဖြစ် မဟာနိဒါနသုတ်၊ မဟာပရိနိဗ္ဗာနသုတ်၊ မဟာသတိပဋ္ဌာနသုတ်တို့ကို လေ့လာခွင့်ရကြပေမည်။ မဟာနိဒါနသုတ်တွင် ဗုဒ္ဓဝါဒ၏အရေးကြီးဆုံးတရားတို့တွင် တစ်ခုအပါဝင်ဖြစ်သော "အကြောင်း+အကျိုးဆက် တရားတော်" (ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်)နှင့် မဟာသတိပဋ္ဌာနသုတ်တော်တွင် " သတိပဋ္ဌာန်တရားလေးပါး" အကြောင်းတို့ကို အကျယ်တဝင့် ဝေဖန်ဆွေးနွေးထားသည်။ မဟာပရိနိဗ္ဗာနသုတ်တော်သည် တရားမမူတစ်ခုခုကို ဦးတည်ဆွေးနွေးခြင်းမျိုးထက် မြတ်ဗုဒ္ဓ၏နောက်ဆုံးခရီးမှတ်တမ်းရှည်ဒေသနာဟု ဆိုနိုင်သည်။ မြတ်ဗုဒ္ဓ၏ နောက်ဆုံးဘဝဖြစ်စဉ်နှင့်ပတ်သက်လာလျှင် သုတေသီတို့ အလေးထားလေ့လာလေ့ရှိသော သုတ်တော်ကြီးလည်းဖြစ်သည်။

(ဂ) ပါထိကဝဂ္ဂပါဠိ

ပါထိကဝဂ္ဂကျမ်းတွင် သုတ်ပေါင်း (၁၁)သုတ်ဖြင့်ဖွဲ့စည်းထားသည်။ ဤကျမ်းတွင်စက္ကဝတ္တိသုတ်၊ အဂ္ဂညသုတ်၊သိင်္ဂါလသုတ်တို့သည် ဗုဒ္ဓဘာသာဝင်တို့အတွက်တန်ဖိုးထားခံရသောသုတ်များဖြစ်ကြသည်။ လူမှုကိုယ်ကျင့်တရားဆိုင်ရာပြုပြင်ရေးသမားများအနေဖြင့် စက္ကဝတ္တိသုတ်တော်ကို အခြေခံထားလေ့လာသင့်လှသည်။ ဤ သုတ်တော်တွင် အတိတ်တစ်ချိန်က ပြီးပြည့်စုံခဲ့သောလူမှုအဖွဲ့စည်းများနှင့်နောင် အနာဂါတ်ဌာနံပြလူ့အဖွဲ့စည်းတို့ကို ထုတ်ပြ၍ လူ့အဖွဲ့စည်းများတိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့၏ အခြေခံအကြောင်းတရားတို့ကို ထုတ်ဖော်ဆွေးနွေးထားသည်မှာ များစွာစိတ်ဝင်စားဖွယ်ကောင်းလှသည်။ တဖန် မြတ်ဗုဒ္ဓက လူ့အဖွဲ့စည်းများ၏အတက် အကျများကြားတွင် မိမိကိုယ်သာအားကိုးတတ်ရန်နှင့် နေတတ်ထိုင်တတ်ရှိရန်သူ၏တပည့်သားရဟန်းတော်များကို သင်ကြားပြသခဲ့သည်။

အဂ္ဂညသုတ်တွင် ကမ္ဘာကြီးနှင့်လူသားများ စတင်ပေါ်ပေါက်လာပုံ၊ လူအဖွဲ့စည်းများစတင်ပေါ်ပေါက်လာပုံများကို ပြဆိုထားသည်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ သိဂ်ါလသုတ်တော်သည်ကား အများ သိကြသည့်အတိုင်း မြန်မာနိုင်ငံလူမှုကိုယ်ကျင့်တရားနီတိအတွက် မဂ်လသုတ်တော်ပြီးလျှင် ဒုတိယမြောက် အမှိုင်ပြမ်းအခံရဆုံးနှင့် ကျေးဇူးများသောသုတ်ဖြစ်၍ များစွာတန်ဖိုးထားခြင်းကို ခံရသည်။

၂။ မဇ္ဈိမနိကာယ် (မတိုမရှည်၊အလယ်အလတ်သုတ်များ)

ဤနိကာယ်တွင် သုတ်ပေါင်း(၁၅၂)သုတ်၊ကျမ်းပေါင်းသုံးကျမ်းဖြင့်ဖွဲ့စည်းထားသည်။ မူလပဏ္ဏာသနှင့်မဇ္ဈိမပဏ္ဏာသတွင် ဝဂ်ပေါင်း ငါးဝဂ်စီ ပါဝင်ပြီး သုတ်ပေါင်း(၅၀)စီ ပါဝင်သည်။ ဥပရိပဏ္ဏာသတွင် ဝဂ်ငါးဝဂ်ပါဝင်ပြီး သုတ်ပေါင်း (၅၂)သုတ် ပါဝင်သည်။ ဤနိကာယ်ပါ သုတ်များနှင့်ပတ်သက်၍ ပါဠိတော်မြန်မာပြန်ကျမ်းများ၊ ကျမ်းဦးမှတ်ဖွယ်တွင် "ဤမဇ္ဈိမနိကာယ်သုံးကျမ်းလာ(၁၅၂)သုတ်တို့ကား ဒီဃနိကာယ်လာ သုံးဖြာသောသီလတို့ နှင့်တန်ဆာဆင်ပြီး၍ သီလသမ္ပဒါဂုဏ်နှင့်ပြည့်စုံတော်မူကြသည့်အရိယာသာဝကတို့သည် ဤမည်ဤမည်သောနည်းလမ်းဥပါယ်ဖြင့် သမာဓိသိက္ခာ၊သမာဓိဘာဝနာကို ကျင့်ဖြည့်နိုင်ကြစေရန်ရည်မျှော်ကိုး၍ ဗုဒ္ဓရှင်တော်မြတ်ဟောကြားတော်မူခဲ့သည့် သုတ်တော်များ" ဟု မှတ်ချက်ပေးထားသည်။

ဤနိကာယ်တွင် သုတ်တော်တို့ဟောပုံ ပုံစံကိုယေဘုယျခြုံကြည့်ပါက ဥပမာများနှင့်တင်စားပြီး ဟောခြင်းသည် ဤနိကာယ်၏ ကိုယ်ပိုင်ဟန်ဟု ပင်တင်စားနိုင်သည်။ ထို့အပြင် ဝမ္မိကသုတ်၊ စူဠသစ္စကသုတ်၊ ဥပါလိသုတ်၊ စူဠမာလုက္ကသုတ်၊ ရဋ္ဌပါလသုတ်၊ အဿလာယနသုတ်၊ သုဘသုတ်၊ ဂဏကမောဂ္ဂလ္လာနသုတ်၊ စူဠကမ္မဝိဘင်္ဂသုတ်တို့သည် လေ့လာသူများကို အခြားသုတ်တော်များထက် ပိုမိုဆွဲဆောင်နိုင်သည်။ ဥပါလိသုတ်သည် မိမိအပေါ် စတင်ကြည်ညိုယုံကြည်လာသည့် ဂုဏ်သရေရှိ

လူကြီးလူကောင်းဥပါသကာများနှင့်ပတ်သက်၍ လေးစားဖွယ် စိတ်ဓာတ်နှင့်စူဠမာလုကျသုတ်သည် မိမိ၏မူဝါဒနှင့်ပတ်သက်၍လွပ်လပ်မှုအပေါ် အကြပ်ကိုင်တောင်းဆိုလာသူများနှင့် ပတ်သက်လာလျှင်မြတ်စွာဘုရားရှင်၏ ပြတ်သားသောသဘောထားတို့ကို ပေါ်လွင်စေပါသည်။

ဤနိကာယ်သည် ဆိုခဲ့ပြီးသည့်ဒီဃနိကာယ်နှင့်အကြောင်းအရာများမတူညီစေကာမူ ကျမ်းဂန်ဖွဲ့စည်းပုံအနေဖြင့်မူ တူညီမှုရှိသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် အထက်ပါပါဠိတော်မြန်မာပြန်ကျမ်းများ၊ ကျမ်းဦးမှတ်ဖွယ်၏ မှတ်ချက်စကားသည် များစွာသင့်တော်လှပေတော့သည်ဟုသာ ဆိုရပေမည်။

၃။ သံယုတ္တနိကာယ် (စုပေါင်းထားသောသုတ်များ)

ဤနိကာယ်တွင်---

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊

၂။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊

၃။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊

၄။ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊

၅။ မဟာဝဂ္ဂသံယုတ်ပါဠိတော် အားဖြင့် ကျမ်းအနေဖြင့်(၅)ကျမ်းရှိပြီးစာအုပ်အနေဖြင့် (၃)အုပ်ရှိသည်။ငါးကျမ်းလုံးတွင် သံယုတ်ပေါင်း(သုတ်အစုအဝေးပေါင်း) ၅၆ စု၊သုတ်ပေါင်း(၇၇၆၂)သုတ် ပါဝင်သည်။သံယုတ်ကျမ်းတို့သည် သုတ်အရေအတွက်များပြားသည့်အလျှောက်အကြောင်းအရာများလည်း စုံလင်လှသည်။ သို့သော်လည်း ဤကျမ်းများ၏ဖွဲ့စည်းမှုကိုခွဲခြားကြည့်ပါက " ပုဂ္ဂိုလ်တစ်ဦးဦး၊ အကြောင်းအရာတစ်ခုခု(သို့မဟုတ်)တရားဓမ္မတစ်မျိုးမျိုး" ကို မူတည်၍သုတ်များကို စုစည်းထားခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် (၅၆) စုသောသံယုတ်တို့ကို ယေဘုယျခြုံကြည့်ပါက အထက်ပါတစ်မျိုးမျိုး၏ ပုံစံခွက်အတွင်းသို့ဝင်သော ဒေသနာများသာ ဖြစ်နေသည်ကို တွေ့ရပေမည်။

ပုဂ္ဂိုလ်တစ်ဦးဦးကို အကြောင်းပြု၍(သို့မဟုတ်)ပုဂ္ဂိုလ်တစ်ဦးဦးက လျှောက်ထား၍ ဖြစ်ပေါ်လာသော သံယုတ်များကို လေ့လာကြည့်လျှင် နတ်အမျိုးမျိုး၊ ဗြဟ္မာအမျိုးမျိုး၊ ဘီလူး၊ နဂါး၊ ဂဋ္ဌုန်၊ရဟန်း၊ ရဟန်းမ၊ ပရိဗိုဇ်၊ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ အကြီးအကဲတစ်ဦးဦး စသည်ဖြင့်ပုဂ္ဂိုလ်အမျိုးအစားများမှာ များပြားလှကြောင်းတွေ့ရှိရမည်။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှလွဲလျှင် ကျန်သံယုတ်ပါဠိတော် (၄)ကျမ်းကို ယေဘုယျချုပ်ကြည့်လျှင်ဒေသနာတစ်ခုမှာ မည်သို့ပင် ဟောထားသည်ဖြစ်စေ နောက်ဆုံးအနှစ်ချုပ်တရားတော်တစ်ခုခုသို့ပင် ဦးတည်လာသည်ကိုလည်း တွေ့ရသည်။ ဥပမာ-နိဒါနဝဂ္ဂသံယုတ် ပါဠိတော်သည် "အကြောင်း+အကျိုးဆက်တရား (ပဋိစ္စသမုပ္ပါဒ်တရား)"၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်သည် "ခန္ဓာတရားများ"၊ သဋ္ဌာယတနသံယုတ်ပါဠိတော်သည် "အာယတနတရားများ"၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်သည် "မဂ္ဂင်၊ ဗောဇ္ဈင်၊ သတိပဋ္ဌာန်၊ ဣန္ဒြေ၊ သမ္မပ္ပဓာန်၊ ဗိုလ်၊ ဣဒ္ဓိပါဒ်၊ စျာန်၊ အာနာပါန၊ သောတာပတ္တိ၊ သစ္စာတရား" စသည်ဖြင့် တစ်မျိုးမျိုး၌ အကျုံးဝင်သည်ချည်းသာ ဖြစ်ပါသည်။

၄။ အင်္ဂုတ္တရနိကာယ်
(အကြောင်းအရာတိုးပွားနည်းဖြင့်စီရင်ထားသော သုတ်များ)

ဤနိကာယ်တွင်လည်း ကျမ်းအနေဖြင့် (၁၁)ကျမ်းရှိပြီးစာအုပ်အနေဖြင့် သုံးအုပ်တို့ဖြင့်ဖွဲ့စည်းထားသည်။ ဤနိကာယ်သည် ဖွဲ့စည်းပုံအနေဖြင့် ဆိုခဲ့ပြီးသည့် သံယုတ္တနိကာယ်နှင့်ခပ်ဆင်တူပြီး မြတ်ဗုဒ္ဓ၏ တရားတော်များကို သရုပ်အရေအတွက်အစဉ်ဖြင့် အဓိကထားဖွဲ့စည်းထားသောကြောင့် လေ့လာသူများအဖို့ တရားတော်သရုပ်အရေအတွက်ကို သိထားလျှင်ရှာဖွေရလွယ်ကူသောအားသာချက်ရှိသည်။ဥပမာအားဖြင့် ကေသီမြင်းဆရာအား မြတ်စွာဘုရားရှင် မြင်းဆရာအတွေ့အကြုံဖြင့် နိုင်းယှဉ်ဟောပြသော ဆုံးမနည်း (၄)မျိုးကို လေ့လာချင်လျှင် စတုက္ကနိပါတ် (လေးပါးအစုအဝေး)တွင် လွယ်ကူစွာ ရှာဖွေနိုင်သည်။ အချို့က

ဤကျမ်းကြီးကို " ဗုဒ္ဓဝါဒသရုပ်ပြဒေသနာကျမ်းကြီး " အဖြစ်တင်စားကြသည်။ ပထမအုပ်တွင် ဧကကနိပါတ်(တစ်ပါးစု)မှစတုက္ကနိပါတ် (လေးပါးစု)၊ ဒုတိယအုပ်တွင် ပဉ္စကနိပါတ် (ငါးပါးစု)မှ သတ္တကနိပါတ် (ခုနှစ်ပါးစု)၊ တတိယအုပ်တွင် အဋ္ဌကနိပါတ်(ရှစ်ပါးစု)မှ ဧကာဒသက နိပါတ် (တစ်ဆယ့်တစ်ပါးစု) တို့ ပါဝင်သည်။

တိကနိပါတ်၊ ပလောကသုတ်တွင် "လူသားတို့၏တရားမျှတမှုမရှိသော လိုအပ်ချက်များ၊ အတောမသတ်နိုင်တော့သော လိုအပ်ချက်များနှင့် ပျက်စီးယိုယွင်းလာသော ကိုယ်ကျင့်တရားများကြောင့် စစ်ပွဲများနှင့် ရာသီဥတုများ ဖောက်ပြန်ပြီး လူအဖွဲ့စည်းများအတွင်း လူဦးရေများ နည်းပါးသွားပုံ၊ လူယဉ်ကျေးမှု အဆောက်အဦများပျက်စီးဆုံးရှုံးသွားပုံ" တို့ကိုထောက်ပြဟောပြထားခြင်းမှာ ယနေ့ခေတ်လက်နက်များ ထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ယနေ့အချိန်အထိ အငြင်းပွားရနေဆဲ ရှိကြရာ ကျွန်ုပ်တို့အနေဖြင့် များစွာသတိထားစရာကောင်းလှသည်။

နာမည်ကျော် ကေသမုတ္တိသုတ်တွင်လည်း ဘာသာရေးဆရာအမျိုးမျိုးတို့၏စကားကြောင့် ဘယ်သူ့စကားကို ယုံကြည်ရမှန်းမသိဖြစ်နေသော ကာလာမမင်းသားတို့အား မြတ်ဗုဒ္ဓက "သင်တို့သည် ယုံမှားသင့်၊ စဉ်းစားသင့်သောကိစ္စ ယုံမှားမှုဖြစ်သင့်ကြောင်း" ထောက်ခံတော်မူ၍ ဘာသာရေးယုံကြည်မှုတွင် တိုင်းတာသင့်သော စံ(၁၀)ချက်ကို ထုတ်ပြတော်မူပြီး ကိုယ်တိုင်သိအောင်လုပ်သင့်ကြောင်း အကြံပေးတော်မူသည်။ "မကောင်းသော၊ အပြစ်ရှိသော၊ ပညာရှင်တို့မနှစ်သက်သော၊ အကျိုးမရှိသော လောဘ၊ ဒေါသ၊ မောဟတရားတို့မှ ကင်းလွတ်ပြီး ဗြဟ္မစိုရ်တရားလက်ကိုင်ထားကာနေထိုင်သူတစ်ယောက်သည် တမလွန်လောကသည် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကုသိုလ်၊ အကုသိုလ်တို့နှင့် ပတ်သက်၍ ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ မိမိကိုယ်ကို ကောင်းမွန်အောင်နေထိုင်ပြီးဖြစ်၍ ယခုဘဝ၌ပင်စိတ်ချလက်ချနေထိုင်သွားနိုင်ကြောင်း" ဟောကြားတော်မူသည်။ အထက်ပါဟောပြောချက်တို့ကို စဉ်းစားကြည့်လျှင် ဘာသာမဲ့များနှင့် ဘာသာရေးအပေါ် သံသယ

ရှိသောသူများသည် မြတ်ဗုဒ္ဓ၏ဘာသာရေးယုံကြည်မှုအမြင်နှင့် ပတ်သက်၍လေ့လာသင့်ကြောင်း ကျွန်ုပ်တို့ အကြံပြုနိုင်သည်။

ပဉ္စကနိပါတ်၊ ကာမသုတ်တွင် မြတ်စွာဘုရားရှင်သည် မိမိကိုယ်ကိုကလေးထိန်းတစ်ယောက်ကဲ့သို့ ဥပမာပေးဟောကြားခဲ့သည်မှာ ကျွန်ုပ်တို့အားမြတ်ဗုဒ္ဓအပေါ်၌ ဖခင်တစ်ယောက်ကဲ့သို့ လေးစားကြည်ညိုရသည်။ အဆိုပါသုတ်တွင် "ကလေးထိန်း၏ ပေါ့လျော့မှုကြောင့် လည်ကြောင်းအတွင်းသို့ သစ်သားစ၊ အိုးခြမ်းစတစ်ခုခုကျသွားလျှင် လိုအပ်ပါက လည်ချောင်းကိုညှစ်၍ ထုတ်ယူရသကဲ့သို့ မိမိ၏ တပည့်သားသည် ကောင်းမှုကောင်းရာကိစ္စတို့၌မိမိကိုယ်ကိုယုံကြည်မှုအရှက်နှင့်အကြောက်တရား၊ ကြိုးစားမှုနှင့်ပညာတို့ မရှိသေးသမျှကလေးကို ရက်ရက်စက်ပြုမှုပြီး စောင့်ရှောက်ရသကဲ့သို့ ရက်စက်ရမည်သာဖြစ်ကြောင်း" ဟောကြားခဲ့ပါသည်။

တခါတရံ မြတ်စွာဘုရားရှင်သည် တရား မရကုန်သေးသော သတ္တဝါတို့အတွက် တရားဓမ္မများကိုဟောကြားနေရသောကြောင့် တဖက်က မိမိအတွက် အေးအေးချမ်းချမ်း မနေရဘဲ ပရိသတ်နှင့်ကျော်စောမှုဒဏ်တို့ကိုခံစားရကာ ရွံ့ရှာတော်မူပုံရသည်။ ဆဋ္ဌနိပါတ်၊ နာဂိတသုတ်တွင် မြတ်ဗုဒ္ဓသည် မိမိနှင့်ရဟန်းတော်တို့အား ဆွမ်းလှူဒါန်းရန်ရောက်ရှိနေသော ဂျစ္ဆာနဂ်လရွာသားတို့ ဆူညံအော်ဟစ်နေကြရာတွင် အနိုးနေအလုပ်အကျွေး အရှင်နာဂိတအား အောက်ပါအတိုင်း မိန့်ကြားတော်မူသည်။

" နာဂိတ ! ငါးတို့ကိုလုယက်ရာ၌ တံငါသည်တို့ကဲ့သို့ ပြင်းပြကျယ်လောင်သော အသံရှိသူတို့ကား အဘယ်သူတို့နည်း "

" အရှင်ဘုရား ဤသူတို့ကား ဂျစ္ဆာနဂ်လရွာသား ပုဏ္ဏားနှင့် အမျိုးသားတို့ပါတည်း "

" နာဂိတ ! ငါသည် အခြံအရံ (အကျော်အစော)နှင့် မဆက်ဆံလို၊အခြံအရံ (အကျော်အစော) သည်လည်း ငါနှင့် မဆက်ဆံစေလင့် "

ထို့နောက် "ရပ်ရွာနှင့်နီးသောကျောင်းတွင် သမာဓိရှိရှိဖြင့် နေထိုင်နိုင်သောရဟန်းထက် တောကျောင်း၌ အိပ်ငိုက်နေသော ရဟန်း

တစ်ပါး၏အဖြစ်ကို ပိုမိုနှစ်သက်ကြောင်း" မိန့်ကြားတော်မူပြီး အနိမ့်ဆုံး အဆင့်အနေဖြင့် အောက်ပါအတိုင်းပင် ခပ်ရှင်းရှင်း မိန့်ကြားခဲ့သည်။

" နာဂိတ ! ငါသည် ခရီးရှည်သွားသည်ရှိသော် ရှေ့မှဖြစ်စေ၊ နောက်မှဖြစ်စေ တစ်စုံတစ်ယောက်ကိုမျှ မတွေ့မမြင်ရသောအခါ ငါ့အား အယုတ်သဖြင့် ကျင်ကြီး၊ ကျင်ငယ်ကို စွန့်ရန်ပင် ချမ်းသာ၏"။

သတ္တကနိပါတ်၊ ပစလာယမာနသုတ်တွင် ဝိုက်မျှဉ်းနေသော လက်ဝဲရံတပည့်ကြီးအရှင်မဟာမောဂ္ဂလာန်ကို အိပ်ဝိုက်ပျောက်နည်း (၇) နည်းပေးတော်မူခဲ့သည်။ ထိုတွင် နားရွက်နှစ်ဖက်တို့ကိုဆွဲပြီး ခန္ဓာကိုယ်ကိုလက်ဖြင့် သုံးသပ်သင့်ကြောင်း၊ ထိုကဲ့သို့နည်းနှင့်မှ အိပ်ဝိုက်မပျောက်သေးလျှင်မျက်နှာသစ်ပြီးကောင်းကင်ကို မော့ကြည့်သင့်ကြောင်း၊ နောက်ဆုံးမည်သည့်နည်းနှင့်မှ အဆင်မပြေလျှင် အရိယာတို့၏ အိပ်ခြင်းဖြင့်သာ အိပ်ပစ်သင့်ကြောင်း အကြံပေးတော်မူသည်။ သာမန်ရဟန်းငယ်များ မဆိုထားဘိ လက်ဝဲရံတပည့်ကြီးကိုပင် အချည်းအနှီး အချိန်မကုန်စေလိုသော မြတ်စွာဘုရားရှင်၏နှိုးကြားမှုနှင့်စေတနာတို့ကား ကျွန်ုပ်တို့အနေဖြင့် မျှားစွာအံ့ဩရလေသည်။

အရကသုတ်တွင် ယခင်ခေတ်များက လူသားများသည် ရောဂါဘယနည်းပါးပြီး သက်တမ်းရှည်ကြသည့်အလျောက် ယခုအခါတွင် သက်တမ်းများတိုလာကြ၍ ကုသိုလ်တရားများနှင့်သူတော်ကောင်းတရားတို့ကို ခပ်မြန်မြန်ကျင့်ကြနိုင်ရန်အတွက် တိုးတောင်းလှသောလူသက်တမ်းကို တစ်ရာတမ်းသတ်မှတ်၍ အောက်ပါအတိုင်း တွက်ပြတော်မူသည်။ လူသက်တမ်း(၁၀၀)နေထိုင်ရသောသူသည် -

ဥတုပေါင်း	၃၀၀
လပေါင်း	၁၂၀၀
လဝက်ပေါင်း	၂၄၀၀
ညပေါင်း	၃၆၀၀၀
ထမင်းစားသည့်အကြိမ်ပေါင်း	၇၂၀၀၀

ထို့နောက် အောက်ပါအတိုင်း မိန့်တော်မူသည်။

"ရဟန်းတို့ တပည့်သာဝကတို့၏အစီးအပွားကိုရှာသော၊ သနားစောင့်ရှောက်သည့်ဆရာဖြစ်သော ငါသည် သင်တို့အား သနားစောင့်

ရှောက်မှုကိုအစွဲပြု၍ ပြုလုပ်ဖွယ်ကိစ္စကို ပြုလုပ်အပ်ပြီ" ။

"ရဟန်းတို့ ဤသည်တို့ကား သစ်ပင်ရင်းတို့တည်း၊ ဤသည်တို့ကား ဆိတ်ငြိမ်ရာအရပ်တို့တည်း၊

(ထိုအရပ်တို့သို့ ချဉ်းကပ်ကြကုန်လော့) ရဟန်းတို့ တစိမ်းစိမ်းရှုကြကုန်လော့၊ မမေ့မလျော့ကြကုန်လင့်၊ နောက်မှနှလုံးမသာမယာမှုမဖြစ်ကြကုန်လင့်၊ ဤသည်တို့ကား သင်တို့အား ငါ၏ ဆုံးမမှုပင်တည်း" ဟု မိန့်တော်မူသည်။

သတ္တုသာသနသုတ်တွင် အရှင်ဥပါလိမထေရ်အား တရားမှန်သမျှသည် "ဝဋ်ဆင်းရဲမှငြီးငွေ့ရန်၊ တပ်ခြင်းကင်းရန်၊ ကိလေသာ ချုပ်ငြိမ်းရန်၊ ထူးသောဉာဏ်ဖြင့်သိရန်၊ သစ္စာလေးပါးကို သိရန်မဟုတ် ကုန်သော၊ နဗ္ဗာနအကျိုးငှာ မဟုတ်ကုန်သော တရားတို့သည် ဓမ္မ၊ ဝိနယ မမည်ကြောင်း၊ မြတ်စွာဘုရားရှင်၏အဆုံးအမမဖြစ်နိုင်ကြောင်း" အကျဉ်းချုပ်အားဖြင့် ဟောပြတော်မူခဲ့သည်မှာ မြတ်ဗုဒ္ဓ၏တရားများကို နားမလည်သေးသူများအနေဖြင့် များစွာမှတ်သားဖွယ် ကောင်းလှသည်။

မြတ်ဗုဒ္ဓဟောကြားသောတရားတို့သည် ယေဘုယျခြုံကြည့်လျှင် သံသရာလွတ်မြောက်ရေး တရားတော်များသာဖြစ်သော်လည်း တခါတရံ အခါသင့်လျှင် သင့်သလို လောကီကြီးပွားရေးတရားများကို ဟောကြားသည်ကိုလည်း တွေ့ရတတ်သည်။ အထက်ပါတရားမျိုးကို အဋ္ဌကနိပါတ်၊ ဒီဃဇာဏုသုတ်တွင် တွေ့ရသည်။ အဆိုပါသုတ်တွင် အောင်မြင်သော စီးပွားရေးသမားတစ်ယောက်ဖြစ်ရန်အတွက် အခြေခံ (၄)ချက်ကိုညွှန်ပြတော်မူသည်။ ဥဋ္ဌာနသမ္ပဒါ-လုပ်ငန်း၏သဘောကိုကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲတတ်မှု၊ တက်ကြွမှုနှင့် စေ့ကွက်ကိုနားလည်မှု အာရက္ခသမ္ပဒါ-လုပ်ငန်း၏အာမခံချက်နှင့်မိမိလုပ်ငန်းကိုရေရှည်ထိန်းထားနိုင်မှု ကလျာဏမိတ္တတာ-မိမိရှေ့က အောင်မြင်ပြီးသော စီးပွားရေးသမားများကို 'စံ' ထားမှုသမဇီဝိတာ-ဝင်ငွေထွက်ငွေကို ထိန်းချုပ်နိုင်မှု

အထက်ပါလေးပါးနှင့်ပြည့်စုံလျှင် အောင်မြင်သော စီးပွားရေးသမားတစ်ယောက်ဖြစ်နိုင်ကြောင်းနှင့်အောင်မြင်လာလျှင် မိန်းမကိစ္စရှုပ်ပွေမှု၊ မူးယစ်ဆေးဝါးနှင့်လောင်းကစားကိစ္စ၊ မိတ်ဆွေယုတ်တို့ကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ဆက်လက်မိန့်မှာတော်မူပါသည်။

မြတ်ဗုဒ္ဓသည် မိမိ၏နောက်လိုက်တပည့်သာဝကတို့အား မိမိအပေါ်ပုဂ္ဂိုလ်ရေးကြည်ညိုမှုထက်မိမိ၏လမ်းစဉ်ဖြစ်သော တရားတော်၌သာ ပိုမိုအာရုံစိုက်ရန် အမြဲတမ်းသတိပေးတော်မူလေ့ရှိသည်။ အထက်ပါသဘောတရားကိုပေါ်လွင်စေသော သုတ်တော်များကား နဝကနိပါတ်၊ မေယိယသုတ်နှင့် နန္ဒကသုတ်တို့ ဖြစ်ပါသည်။

မေယိယသုတ်တွင် အနီးနေ အလုပ်ကျွေးဖြစ်သော အရှင်မေယိယသည် ကြည်နူးဖွယ်ကောင်းသောသရက်တောတစ်တောသို့ တရားသွားကျင့်လိုကြောင်း ခွင့်တောင်းရာ မြတ်စွာဘုရားရှင်က "ယခုအချိန်တွင် မိမိတစ်ပါးတည်းသာ ဖြစ်နေသေး၍ နောက်ထပ် အလုပ်အကျွေးရဟန်းတစ်ပါး မရောက်သေးသရွေ့ ခေတ္တဆိုင်းငံ့ပေးရန်" ပြောဆိုရာ အရှင်မေယိယသည် သုံးကြိမ်တိုင်တိုင် ငြင်းပယ်ခဲ့သည်။မြတ်စွာဘုရားရှင်သည် တားမရသည့်အဆုံး ခွင့်ပြုတော်မူပြီး 'တရားအားထုတ်ရန်' ဟုဆိုသောသင့်ကို ငါ ဘာတတ်နိုင်မည်နည်း၊ သွားရန်ကိစ္စမှာ သင့်ဆန္ဒအတိုင်းသာဖြစ်ကြောင်း မိန့်ကြားရှာသည်။

နန္ဒကသုတ်တွင်လည်း ဇရပ်တစ်ခုအတွင်း ရဟန်းတော်များကို တရားဟောနေစဉ်မြတ်စွာဘုရားရှင်ကြွတော်မူလာရာ တံခါးမခေါက်ဘဲ အပြင်ဘက်တွင် တရားဟောပြီးအောင် ရပ်၍ စောင့်နေတော်မူသည်။ တရားဟောပြီးသောအခါမှ တံခါးခေါက်ဝင်၍ အောက်ပါအတိုင်း မိန့်တော်မူသည်။ "နန္ဒက သင်၏ ရှည်လျားစွာသော ဤတရားဒေသနာတော်သည် ရဟန်းတော်တို့အားထင်၏။ စင်စစ်တရားစကား ပြီးဆုံးခြင်းကို ဆိုင်းငံ့လျက် တံခါးမုခ်၌ ရပ်နေသော ငါ၏ကျောက်ကုန်းသည် ညောင်းညာ၏။" အရှင်နန္ဒကလည်း မြတ်စွာဘုရားရှင်အား အားနာရှက်နိုးတော်မူ၍ မြတ်စွာဘုရား ရောက်နေမှန်းသိလျှင် ဤမျှလောက် တရားရှည်စရာအကြောင်း မရှိပါကြောင်း တောင်းပန်လျှောက်ထားရာ မြတ်စွာဘုရားရှင်က "ယုံကြည်ချက်ဖြင့် ရဟန်းဝတ်နေသော သင်တို့အတွက် အခုလိုတရားဓမ္မနှင့် မွေ့လျော်ကြခြင်းသည်ကောင်းပါကြောင်း၊ သာမုဒေါ်ပါကြောင်း" ပြန်လည်မိန့်ကြားတော်မူခဲ့သည်။

၅။ ခုဒ္ဒကနိကာယ် (အတိုအထွာတရားတော်များအစုအဝေး)

နိကာယ်ကြီးငါးခုလုံးတွင် ဤနိကာယ်သည် ကျမ်းအရေအတွက် အများဆုံးဖြစ်ပြီး ဝိနယပိဋကနှင့်အဘိ ဓမ္မပိဋကတို့ကိုလည်းထည့်သွင်း ရေတွက်ထားသည်။ သုတ္တန်ဆိုင်ရာကျမ်းပေါင်း (၁၈)ကျမ်းပါဝင်သည်။ သို့သော် အဌကထာဆရာအရှင် မဟာဗုဒ္ဓဃောသ၏ အဌကထာများ တွင် မိလိန္ဒပဉ္ဍာကျမ်း၊ နေတ္တိကျမ်း၊ ပေဋကောပဒေသကျမ်းတို့ကို ကျမ်း ကိုးအဖြစ် ကိုးကားလေ့ရှိသော်လည်း သုတ္တန်ဆိုင်ရာကျမ်းတို့ကို ရေတွက် ပြရာတွင် အထက်ပါသုံးကျမ်းကို ထည့်သွင်းရေတွက်သည်ကိုမူ မတွေ့ရ ပေ။ အထက်ပါ ကိစ္စနှင့်ပတ်သက်၍ ရှေ့ပိုင်းတွင်ဖော်ပြပြီး ဖြစ်ပါသည်။ သုတ္တန်ဆိုင်ရာ(၁၈)ကျမ်းမှာ -

၁။ ခုဒ္ဒကပါဌပါဠိတော်
၂။ ဓမ္မပဒပါဠိတော်
၃။ ဥဒါနပါဠိတော်
၄။ ဣတိဝုတ္တကပါဠိတော်
၅။ သုတ္တနိပါတပါဠိတော်
၆။ ဝိမာနဝတ္ထုပါဠိတော်
၇။ ပေတဝတ္ထုပါဠိတော်
၈။ ထေရဂါထာပါဠိတော်
၉။ ထေရီဂါထာပါဠိတော်
၁၀။ အပဒါနပါဠိတော်
၁၁။ ဗုဒ္ဓဝံသပါဠိတော်
၁၂။ စရိယာပိဋကပါဠိတော်
၁၃။ ဇာတကပါဠိတော်
၁၄။ နိဒ္ဒေသပါဠိတော်
၁၅။။ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်
၁၆။ နေတ္တိပါဠိတော်
၁၇။ ပေဋကောပဒေသပါဠိတော်
၁၈။ မိလိန္ဒပဉ္ဍာပါဠိတော်တို့ ဖြစ်ကြသည်။

၁။ ခုဒ္ဒကပါဠပါဠိတော် (တရားတိုများ)

ဤကျမ်းငယ်ဖွဲ့စည်းပုံမှာ တမူ ထူးခြားနေသည်။ ပါဠိတော်ကျမ်းများအားလုံးတွင် အသေးငယ်ဆုံးကျမ်း ဖြစ်သည်ကို တွေ့ရသည်။ သရဏာဂုံသုံးပါး၊ ဆယ်ပါးသီလ၊ သုံးဆယ့်နှစ်ကောဋ္ဌာသ၊ ကုမာရပညာစသည်ဖြင့် အကြောင်းအရာတရားစု (၉)မျိုးဖြင့် ဖွဲ့စည်းထားသည်။ အချို့ဗုဒ္ဓစာပေပညာရှင်များက 'ဗုဒ္ဓဘာသာပါဠိတော်ဖတ်စာ'၊ 'သာမဏေလက်စွဲ၊ ဘုရားရှိခိုးစာအုပ်'ဟု တင်စားခေါ်ဝေါ်ကြသည်။ ကျမ်းဖွဲ့စည်းပုံမှာ ပြဋ္ဌာန်းကျမ်းစာပုံစံပေါက်နေသောကြောင့် တင်စားကြခြင်းဖြစ်ပေလိမ့်မည်။ ရှေးခေတ် တစ်ချိန်ချိန်က ပြဋ္ဌာန်းကျမ်းစာဖြစ်ခဲ့သည်ဟုတ်၊ မဟုတ်ကိုမူ မည်သူမျှ အတတ်မပြောနိုင်ကြသေးသောကြောင့် သုတေသီတို့စိတ်ဝင်စားလေ့ရှိသောကျမ်းဖြစ်သည်ကိုလည်း တွေ့ရသည်။

ဤကျမ်းသည် ငယ်ပင်ငယ်သော်လည်း ပါဝင်သောအကြောင်းအရာတရားစုများသည် ဗုဒ္ဓဘာသာယဉ်ကျေးမှုဘာသာရေးထုံးစံများအတွက် အသုံးချအစီအစဉ်များလည်း ပါဝင်နေသည်ကို တွေ့ရသည်။ ယနေ့အချိန်အထိ မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်းများတွင် ဝတ်ရွတ်စဉ်အနေဖြင့် ကုမာရပညာ၊ တိရောကုဋ္ဌသုတ်၊ နိဓိကဏ္ဍသုတ်တို့မှလွဲလျှင် ကျန်အစိတ်အပိုင်းများကို ရွတ်ဖတ်နေဆဲဖြစ်သည်ကို တွေ့ရသည်။ သီရိလင်္ကာနိုင်ငံတွင်လည်း ဤကျမ်းကို 'လက်စွဲပရိတ်စာအုပ်' အဖြစ် အသုံးပြုကြောင်း သိရသည်။

၂။ ဓမ္မပဒပါဠိတော် (တရားပေါင်းချုပ်)

ဓမ္မပဒပါဠိတော်သည် ဖွဲ့စည်းပုံစံမှာ ဂါထာများ သက်သက်ချည်းဖြစ်၍ဝဂ်ပေါင်း(၂၆)ဝဂ်၊ ဝတ္ထုဂါထာပေါင်း (၄၂၄)ခုဖြင့် ဖွဲ့စည်းထားသည်။ ဂါထာများသည် တစ်ဂါထာချင်းကျစ်လစ်နက်နဲသော တရားသဘောအဓိပ္ပါယ်များ ပါဝင်သည်။ ဤကျမ်းကို လေ့လာရာတွင် ပါဠိတော်ကျမ်းသက်သက်ကို လေ့လာသည်ထက် အဖွင့်ကျမ်းဖြစ်သော အဋ္ဌကထာကျမ်းနှင့် တွဲဖက်လေ့လာပါမှ ပိုမိုပြည့်စုံနိုင်ပေမည်။ ဓမ္မပဒကျမ်းသည် ဗုဒ္ဓဘာသာ၏ဂုဏ်သိက္ခာနှင့်ပြန့်ပွားရေးအတွက် အမြဲတမ်းအရေး

ကြီးသောနေရာမှ နေခဲ့သည်။ ဗုဒ္ဓဘာသာဝင်တို့ကိုယ်တိုင် မကြာခဏ ကိုးကားပြောဆိုရေးသားတတ်ကြသည့်နည်းတူ ဗုဒ္ဓဘာသာဝင် မဟုတ်သောနိုင်ငံများတွင်လည်း ဘာသာအမျိုးမျိုးဖြင့် ပြန်ဆိုခြင်း ခံရသောကျမ်းလည်းဖြစ်သည်။ ဓမ္မပဒကျမ်း၏အဖွင့်အဋ္ဌကထာကျမ်းသည် (၂) တွဲရှိပြီး ကျမ်းရေးသားပုံမှာ အခြားအဖွင့်ကျမ်းများကဲ့သို့ လေးလေးပင်ပင်ကြီးမဟုတ်ဘဲ ဝတ္ထုဇာတ်ကြောင်းများနှင့်တကွပြေပြစ်သွက်လက်သောကြောင့် ရဟန်း၊သာမဏေများသည် စာသင်ကြား၍ ငြီးငွေ့လာလျှင် ဤအဖွင့်ကျမ်းကို အပျော်ဖတ်အနေဖြင့် ဖတ်ရှုလေ့ရှိကြသည်အထိ ဆွဲဆောင်မှု အောင်မြင်သည်။ ဤကျမ်းတွင် ပါဠိဓမ္မပဒမူဒေါ်ပြင် အခြားသော သက္ကတဓမ္မပဒ၊ ပြာကတဓမ္မပဒစသော မူကွဲများလည်း ရှိသေးကြောင်း သိရှိရသည်။

၃။ ဥဒါနပါဠိ (ကျူးရင့်သံများ)

ဥဒါနပါဠိတော်သည် ဖြစ်ပေါ်လာသောအကြောင်းအရာတစ်ခုခုကိုအခြေပြု၍ စိတ်ထဲဖြစ်ပေါ်လာသောခံစားမှုကို ထုတ်ဖော်ကျူးရင့်သံများဖြစ်သည်။ ဝဂ်ပေါင်း (၈) ဝဂ်ပါရှိပြီး သုတ်ပေါင်း (၈၀)ဖြင့် ဖွဲ့စည်းထားသည်။ သုတ်တော်များ ဖွဲ့စည်းပုံမှာ အကြောင်းအရာများ ကွဲပြားသော်လည်း ဖွဲ့စည်းပုံနည်းများမှာမူ ပုံသေနည်းများရှိသည်။ "အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်--အခါတစ်ပါးဌ မြတ်စွာဘုရားသည်" ဤသို့ စသည်ဖြင့် သုတ်တော်များကို စတင်ထားပြီး "ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိတော်မူသော အချိန်ဌ (. . . . . .)" ဟု ဤဥဒါန်းကို ကျူးရင့်တော်မူသည်" ဟု ကျူးရင့်သောဂါထာဖြင့် အဆုံးသတ်ထားမြဲ ဖြစ်သည်။

နမူနာအဖြစ် အောက်ပါသုတ်တို့ကို ထုတ်ပြလိုက်ပါသည်။

မိသားစုကိုစွန့်ခဲ့ပြီး ရဟန်းဝတ်သွားသော သာဝတ္ထိပြည်သား ရဟန္တာအရှင်သင်္ဂါမဇီသည် ဘုရားရှင်အားဖူးမြင်ရန် ပြန်လာရာ ဇနီးဟောင်းက လူဝတ်ပြန်လဲ၍ မိသားစုကို ပြန်လည်စောင့်ရှောက်ရန် သုံးကြိမ်တိတိ ပြောဆိုခဲ့သည်။ ဘာစကားမျှပြန်မပြောသည့်အတွက် ကလေး

ကိုအရှင်မြတ်၏ရှေ့တွင်ချထားခဲ့၍ထွက်သွားပြီး ခပ်လှမ်းလှမ်းမှ အကဲခတ်နေသည်။ မထေရ်သည်ကလေးကို ကြည့်လည်းမကြည့်၊ စကားလည်းတစ်ခွန်းမှပြန်မပြောသည့်အတွက် ကလေးကိုပြန်ခေါ်၍သွားလေသည်။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ -

"လာသွားသောမယားဟောင်းကို မနှစ်သက်၊ ပြန်သွားသည်ကို မစိုးရိမ်၊ ကပ်ငြိတွယ်တာခြင်းမှလွတ်သော သင်္ဂါမဇိရဟန်းကို ဗြာဟ္မဏ (ရဟန္တာ) ဟု ငါဘုရားဟော၏"ဟုဤဥဒါန်းကို ကျူးရင့်တော်မူသည်။ (သင်္ဂါမသုတ်) မြတ်စွာဘုရားရှင်သည် ဆွမ်းခံကြွရင်း သာဝတ္ထိမြို့နှင့် ဇေတဝန်ကျောင်းကြားလမ်းတွင် မြွေကို တုတ်ဖြင့် ဝိုင်းရိုက်နေသော ကလေးငယ်တစ်သိုက်ကိုတွေ့မြင်တော်မူသည်။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ -

"အကြင်သူသည် မိမိ၏ချမ်းသာကို ရှာမှီးသည်ဖြစ်၍ ချမ်းသာကို အလိုရှိကုန်သောသတ္တဝါတို့ကို တုတ်လုံကန် စသည်ဖြင့် ရိုက်နှက်ညှင်းဆဲ၏၊ ထိုသူသည် တမလွန်ဘဝ၌ ချမ်းသာကို မရနိုင်" ဟုဤဥဒါန်းကို ကျူးရင့်တော်မူသည်။ (ဒဏ္ဍသုတ်)

တစ်ခါတွင်လည်း အဆိုပါလမ်း၌ပင် ကလေးငယ်တစ်သိုက် ငါးဖမ်းနေကြရာ 'သူငယ်တို့ သင်တို့သည် ဆင်းရဲကို မနှစ်သက်ကြမူ၍ ဆင်းရဲမှကြောက်ကြကုန်၏လော' ဟု မေးတော်မူရာ 'မှန်ပါသည် အရှင်ဘုရား၊ အရှင်ဘုရားတပည့်တော်တို့သည် ဆင်းရဲကိုမနှစ်သက်ကြမူ၍ ဆင်းရဲမှကြောက်ကြပါကုန်၏' ဟု ပြန်လည်လျှောက်ထားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ သိတော်မူသော ထိုအချိန်၌ -

"သင်တို့သည် ဆင်းရဲမှကြောက်ကြကုန်မူ၊ ဆင်းရဲကို မနှစ်သက်ကြကုန်မူ မျက်မှောက်၌ဖြစ်စေ၊

မျက်ကွယ်၌ဖြစ်စေ မကောင်းမှုကိုမပြုကြကုန်လင့်၊ သင်တို့သည် ယုတ်မာသောမကောင်းမှုကံကို ယခုလည်းပြု၊ နောင်လည်းပြုမည်ဖြစ်ကြမူ ဖဲရှောင်ထွက်ပြေးကုန်သော်လည်း သင်တို့အား ဆင်းရဲမှ လွတ်မြောက်မှုမရှိနိုင်" ဟု ဤဥဒါန်းကို ကျူးရင့်တော်မူသည်။(ကုမာရကသုတ်)

မြတ်စွာဘုရားရှင်သည် တစ်ချိန်တွင် အရှင်နာဂသမာလနှင့် အတူ ကောသလတိုင်း၌ ခရီးကြွတော်မူ ရာလမ်းခွဲတစ်ခုအရောက်တွင် အရှင်နာဂသမာလက "ဘုန်းတော်ကြီးသောမြတ်စွာဘုရား ဤသည်ကား လမ်းကောင်းပါတည်း၊ ဤလမ်းဖြင့်သွားပါကုန်အံ့" လျှောက်ထားသည်။ မြတ်စွာဘုရားရှင်က သုံးကြိမ်းတိုင်တိုင် ပင်မသွားဖို့တားမြစ်ရာမထေရ်သည် စကားနားမထောင်ဘဲမြတ်စွာဘုရားရှင်၏ သပိတ်နှင့်သင်္ကန်းကို မြေကြီးပေါ်တွင် ချထားခဲ့၍ဇွတ်ထွက်သွားလေသည်။ မထေရ်သည် ရှေ့တွင် လူဆိုးဓားပြများနှင့်တွေ့ကာ နှိပ်စက်ခံရပြီး ပြန်ရောက်လာသည်။ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ သိတော်မူသော ထိုအချိန်၌ -

"ရေရောသောနို့ရည်ကိုသောက်သော ကြိုးကြာသည် ရေကိုစွန့်သကဲ့သို့ (သစ္စာတရားကို) သိခြင်းသို့ ရောက်သော ပညာရှိသည် အကျိုးရှိသည်၊ မရှိသည်ကို မသိသူနှင့် အတူတကွသွားသော်လည်းကောင်း၊ အတူတကွနေသော်လည်းကောင်း၊ ရောနှောသော်လည်းကောင်း မကောင်းမှုကို စွန့်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူသည်။

၄။ ဣတိဝုတ္တကပါဋိတော် (တဆင့်ဟောတရားများ)

ဣတိဝုတ္တကပါဋိတော်သည် ဥဒါနပါဋိတော်နှင့် ဖွဲ့စည်းပုံချင်းတူညီသည်။ ထူးခြားချက်တစ်ခုမှာ မြတ်စွာဘုရားဟောကြားချက်များကို သာဓက ထုတ်ပြပြီး တဆင့်ဟောကြားမှုများဖြစ်ခြင်း ဖြစ်သည်။ ဧကကနိပါတ်၊ ဒုကနိပါတ်၊ တိကနိပါတ်၊ စတုက္ကနိပါတ်အားဖြင့် နိပါတ်လေးခုရှိပြီး သုတ်ပေါင်း(၁၁၂)သုတ်ဖြင့် ဖွဲ့စည်းထားသည်။

သုတ်တော်များဖွဲ့စည်းပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဤဒေသနာကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားဟောတော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။ (. . . . . .) ဤအနက်သဘောကို မြတ်စွာဘုရားဟောတော်မူ၏၊ ထိုသုတ်၌ ဤ အနက်သဘောကို----". . . . . ." ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရားဟောတော်မူအပ်၏ ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

နမူနာအနေဖြင့် အောက်ပါသုတ်ကို ထုတ်ပြလိုက်ပါသည်။

ဤဒေသနာကို ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ပုဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားဟောတော်မူ၏ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

ရဟန်းတို့ တစ်ခုသောတရားကိုကျူးလွန်၍တည်သော ပုဂ္ဂိုလ်အား တစ်စုံတရာသောမကောင်းမှုကိုမပြု လုပ်ဟူ၍ငါဘုရားမဟော၊ တစ်ခုသောတရားဟူသည် အဘယ်နည်း၊ ရဟန်းတို့ ယင်းတစ်ခုသော တရားဟူသည် သိလျှက်ချွတ်ယွင်းသောစကားကိုပြောဆိုမှု 'မုသာဝါဒ' တရားပင်တည်း၊ဤအနက်သဘောကို မြတ်စွာဘုရား ဟောတော်မူ၏၊ ထိုသုတ်၌ ဤအနက်သဘောကို -

"တမလွန်လောကကို စွန့်လွှတ်ပြီးသော၊ တစ်ခုသောတရားကို လွန်ကျူးသော၊မုသားပြောဆိုလေ့ရှိသောပုဂ္ဂိုလ်အား မည်သည့်မကောင်းမှု ကိုမျှမပြုလုပ်နိုင်ဟူ၍မရှိတော့ပေ" ဟု ဤဂါထာဖြင့် ဆိုအပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ ဟု အကျွန်ုပ်ကြားနာခဲ့ရပါသည်။

၅။ သုတ္တနိပါတပါဠိတော်(သုတ်အစုအဝေးများ)

သုတ္တနိပါတ်ပါဠိတော်သည် အခြားကျမ်းများနှင့်ယှဉ်လျှင် လူသိနည်းကြပေသည်။ သို့သော် ဤကျမ်းသည် လူသိနည်းသလောက် ခက်ခဲနက်နဲသောတရားများနှင့် ပြည့်နှက်နေရကားများစွာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဝဂ်ပေါင်းငါးဝဂ်ပါဝင်ပြီး နောက်ဆုံးဝဂ်များ ဖြစ်သော အဋ္ဌကဝဂ်နှင့်ပါရာယနဝဂ်တို့ကို မဟာနိဒ္ဒေသနှင့်စူဠနိဒ္ဒေသ ဟူသော အမည်များဖြင့် အရှင်သာရိပုတ္တရာမထေရ်မြတ်က ထပ်မံဖွင့်ဆို ဟောကြားထားသည်ကိုလည်း တွေ့ရပေမည်။

ခဂ္ဂဝိသာဏသုတ် 'ကြံ့ခိုင်ပမာ၊ တစ်ယောက်တည်း ကျင့်သင့်ရာ'ကို ထုတ်ဖော်ပြသောဂါထာတို့မှာ ဖတ်ရှုရသူတို့အဖို့ လွပ်လပ်သော

ရဟန်း၏ဘဝကို အားမျှားပင် ကျလာနိုင်စရာ ရှိသည်။ "အချို့သော ရဟန်းတို့ကိုလည်းကောင်း၊ အချို့သော ဒါယကာတို့ကိုလည်းကောင်း ချီးမြှောက်ရန် ခဲယဉ်းလှကုန်၏၊ ထို့ကြောင့် သူတစ်ပါး သားသမီးတို့၌ ကြောင့်ကြမဲ့ဖြစ်၍ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏"။ (ဂါထာအမှတ် ၉)" အောက်သို့ မျက်လွှာချသည်ဖြစ်၍ ခြေထောက်လျှပ် မပေါ်ဘဲ စောင့်ရှောက်သောဂုဏ်၊ စောင့်စည်းသောစိတ် ရှိသဖြင့် ကိလေသာမိုးမစိုစွတ်၊ ကိလေသာမီးလည်းမလောင်မြိုက်မူ၍ ကြံ့ချိုပမာ တစ်ယောက်တည်း ကျင့်ရာ၏"။ (ဂါထာအမှတ် ၂၉) "တစ်ရံတစ်ခါ ဆန့်ကျင်ဖက်တို့မှ လွတ်မြောက်သော မေတ္တာ၊ကရုဏာ၊မုဒိတာ၊ ဥပေက္ခာ တို့ကို မှီဝဲလျက်လောကနှင့် မဆန့်ကျင်မူ၍ ကြံ့ချိုပမာ တစ်ယောက် တည်း ကျင့်ရာ၏"။ (ဂါထာအမှတ် ၃၉)

ကသိဘာရဒ္ဒါဇသုတ်တွင် ကသိဘာရဒ္ဒါဇပုဏ္ဏားသည် မိမိထံ ဆွမ်းခံလာရပ်သော မြတ်စွာဘုရားရှင်ကို -

"မိမိသည် ထွန်ယက်စိုက်ပျိုး၍စားရကြောင်း သင်လည်း ထွန် ယက် စိုက်ပျိုးစားသောက်သင့်ကြောင်း" ပြစ်တင်ပြောဆိုလေသည်။ မြတ်စွာဘုရားရှင်ကလည်း သာသနာတော်တွင် မိမိ၏နည်းမိမိဟန်ဖြင့် ထွန်ယက်စိုက်ပျိုးစားသောက်ပုံကို မိန့်ကြားတော်မူရာ ကြည်ညိုသွားပြီး ရွှေခွက်နှင့်နို့ယနာများထည့်၍ လှူဒါန်းလေသည်။ သို့သော် မြတ်စွာ ဘုရားရှင်က "ပုဏ္ဏား ငါ့အား ဂါထာတို့ကို သီဆို၍ ရအပ်သော ဘောဇဉ် တို့ကို စားခြင်းငှာ မထိုက်"ဟုဆိုကာ ယဉ်ကျေးစွာပင် ငြင်းပယ်တော်မူ သည်။

အာဠဝကသုတ်တွင် အကြမ်းနည်းနှင့်ရော၊ အနုနည်းဖြင့်ပါ တိုက်ခိုက်သော အာဠာဝကဘီလူး၏ အမေးပဉ္စာတို့ယည်လည်း စိတ်ဝင် စားဖွယ်ကောင်းလှသည်။ မိမိ၏ ဘုံဗိမာန်အတွင်း ဝင်ရောက်နေသော မြတ်စွာဘုရားရှင်ကို သုံးကြိမ်သုံးခါတိတိဝင်လိုက်ထွက်လိုက် လုပ်ခိုင်းရာ မြတ်စွာဘုရားရှင်ကလည်း ငြင်းတော်မမူပေ။ လေးကြိမ်မြောက်တွင်မူ 'ဒါယကာဘီလူး သင်လုပ်ချင်သလိုသာလုပ်တော့၊ငါမထွက်တော့အုံ ' ဟု ဆိုကာ ငြင်းပယ်တော်မူသည်။ ထိုကြောင့် ဘီလူးက အကြမ်းနည်းဖြင့်

မခြိမ်းခြောက်နိုင်တော့သောအခါ ပြဿနာများ မေးရ၍ တိုက်ခိုက်ပြန်လေသည်။ လောကတွင် ယောက်ျားတစ်ယောက်အတွက် တန်ဖိုးထားအပ်သောဥစ္စာ၊ ချမ်းသာစီးပွားကိုဆောင်နိုင်သော အလေ့အကျင့်၊ အရသာတကာတို့တွင်အချို့မြိန်ဆုံးအရသာ၊ တန်ဖိုးရှိသောရှင်သန်မှု စသော ပြဿနာအရပ်တို့ကိုမေးမြန်းရာ ကြေလွယ်အောင်ဖြေဆိုနိုင်သဖြင့် "ငါသည် ယနေ့မှစ၍ မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း ဦးထိပ်ထားလျက် တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်ပါတော့အုံ" ဟု ဝန်ခံကတိသစ္စာပြုသွားလေသည်။

မြတ်ဗုဒ္ဓသည် မင်းမျိုးမင်းနွယ်မှ ပေါက်ဖွားလာရခြင်းသည် သူ၏ဘဝအတွက် ကံကောင်းသည်ဟုပင် ကျွန်ုပ်တို့ ကိုယ်ချင်းစာရပေမည်။ အဘယ့်ကြောင့်ဆိုသော် မြတ်ဗုဒ္ဓ၏ဘဝတစ်လျှောက်လုံးတွင် သူမယုံကြည်သော လူဟန်းစားခွဲခြားဆက်ဆံခံရမှုပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ရသောကြောင့် ဖြစ်ပါသည်။

သုန္ဒရိကဘာရဒ္ဒါဇသုတ်တွင် လူမှားပြီး 'ကတုံးစုတ်' ဟုပင်တိုင်းထွာခြင်းခံရသည်။ ဖြစ်ပုံမှာ တစ်ချိန်တွင် မြတ်ဗုဒ္ဓသည် ကောသလတိုင်း၊ သုန္ဒရိကာမြစ်ကမ်းနားသစ်ပင်ရင်းတစ်နေရာတွင် သက်နေးကို ဦးခေါင်းနှင့် တကွရုံပြီးထိုင်နေတော်မူသည်။ မြစ်အတွင်း ရေသပ္ပါယ်ပြီး အပူငွေ့ပြန်ရရန် ထိုင်နေခြင်းဖြစ်ပုံရသည်။ ထိုအချိန်တွင် သုန္ဒရိကဘာရ ဒ္ဒါဇပုဏ္ဏားသည် မီးပူဇော်ရာမှကြွင်းကျန်သောနို့ယနာတို့ကိုမည် သူ့အားပေးရပါနည်းဟုလိုက်ကြည့်ရာ ဦးခေါင်းခြုံပြီးထိုင်နေသော မြတ်စွာဘုရားရှင်ကို တွေ့မြင်ပြီးပုဏ္ဏားတစ်ယောက်ဟုမှတ်ထင်ကာ ချဉ်းကပ်လာသည်။ အနီးနားရောက်စဉ် မြတ်စွာဘုရားရှင်ကလည်း ခြေသံကြား၍ဦးခေါင်းသက်နေးရုံကို ဖွင့်လိုက်ရာ 'ကတုံးစုတ်ပဲ' ဟု ဆိုကာ ပြန်ထွက်သွားလေသည်။ နောက်မှ တချို့ပုဏ္ဏားတွေလည်း ခေါင်းရိတ်လေ့ ရှိတာပဲ၊ ဇာတ်ကိုမေးကြည့်ရင်ကောင်းမှာပဲဟု အတွေးပေါက်ပြီး မည်သည့် ဇာတ်မှဖြစ်ကြောင်း မေးလေတော့သည်။

မြတ်ဗုဒ္ဓက 'မိမိသည် မည်သည့်အမျိုးဇာတ်မှ မဟုတ်ကြောင်း၊ ပုထုဇဉ်တို့၏အနွယ်ကို ပိုင်းခြားသိပြီးဖြစ်၍ လွပ်လွပ်လပ်လပ် မိမိ၏

ပညာဖြင့် လှည့်လည်နေထိုင်သူဖြစ်ကြောင်း၊ သက်နံ့ဝတ်ပြီး တဏှာ တည်းဟူသောအိမ်မရှိဘဲ အေးချမ်းစွာဖြင့်လူတို့နှင့်မရောနှောဘဲနေသော ငါ့ကို လူတန်းစားပြဿနာနှင့်ပတ်သက်၍ မမေးသင့်ကြောင်း' ပြတ်သားစွာပင် မိန့်တော်မူသည်။ ကျွန်ုပ်တို့ သာမန်လူသားအမြင်ဖြင့်ကြည့်လျှင် မင်းမျိုးမင်းနွယ်တို့သည် ရာဇမာန်ခက်ထန်လေ့ရှိရာ မြတ်စွာဘုရားရှင်၏နှိမ့်ချမှုနှင့် ရိုးသားမှုတို့ကို မျှားစွာ အံ့သြလေးစားရသည်။ ဤနေရာတွင်လည်း အထက်ပါ ကသိဘာရဒ္ဒါဇသုတ်၌ကဲ့သို့ပင် နို့ယနာကို လျှုဒါန်းရာ ငြင်းပယ်တော်မူပါသည်။ အဆုံးတွင် ပုဏ္ဏားလည်း ရဟန္တာတစ်ပါးဖြစ်သွားခဲ့သည်။

၆။ ဝိမာနဝတ္ထုပါဠိတော်(ဘုံဗိမာန်အကြောင်းများ)

ဝိမာနဝတ္ထုကျမ်းသည် ယေဘုယျအားဖြင့်ကြည့်လျှင် မြတ်စွာဘုရားရှင်၏တပည့်ကြီး အရှင်မဟာမောဂ္ဂလာန်ကိုယ်တိုင် တွေ့ကြုံခဲ့ရသော နတ်သား၊ နတ်သမီးတို့၏ နတ်ဘဝ၊ နတ်စည်းစိမ်များအကြောင်းဖြစ်လေသည်။ အမေးအဖြေပုံစံဖြင့်တည်ရှိပြီး မထေရ်က ဤစည်းစိမ်များကိုမည်ကဲ့သို့ ရခဲ့ကြောင်း မေးမြန်းသောအခါ အမေးခံနတ်သား၊ နတ်သမီးကဝမ်းမြောက်ဝမ်းသာဖြင့် မိမိပြုခဲ့သော ရှေးဘဝကုသိုလ်ကောင်းမှုအကြောင်းကို အကျဉ်းချုပ်ဖြင့်ဖြေကြားပုံများ ဖြစ်သည်။

ဝိမာနဝတ္ထုကျမ်းနှင့်ပတ်သက်၍ ဤကျမ်း၏မြန်မာပြန်ကျမ်းဦးမှတ်ဖွယ်တွင် အောက်ပါအတိုင်း မှတ်ချက်ပြုထားသည်။

" ဤသို့ဖြင့် ဝိမာနဝတ္ထုများသည်လူ့ပြည်လောကဌ် ထင်ရှားရှိလာပြီးလျှင် လူ့ဘဝ၏မွန်မြတ်ပုံ၊ ဘဝပဒေသာပင်ကြီးဖြစ်ပုံတို့ကို ပေါ်လွင်စေရုံသာမက 'ဘဝသည်ပြတ်၏'ဟူသော ဥစ္ဆေဒဝါဒ၊ 'ကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးသည် မရှိ' ဟူသော နတ္ထိကဝါဒ စသော အယူမှားသူများအားလည်းနှိမ်နှင်းသကဲ့သို့ဖြစ်ဘိရကား ဤဝိမာနဝတ္ထု တရားဒေသနာသည် အလွန်အကျိုးရှိသော ဒေသနာတော်များတွင် အပါအဝင်ဖြစ်နေပေတော့သည်"။

အချို့သောဝတ္ထုတို့သည် မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံပြီး အတော်ကြာမှ ဤကျမ်းအတွင်းသို့ ဝင်ရောက်လာသည်ကိုလည်း ထူးခြားချက်အနေဖြင့်တွေ့ရသည်။ ဤဝတ္ထုကား သေရီသကဝိမာနဝတ္ထုဖြစ်သည်။ ဤကဲ့သို့ဝင် ရောက်နေခြင်းနှင့်ပတ်သက်၍ မြန်မာပြန်၊ ကျမ်းဦးမှတ်ဖွယ်တွင် အောက်ပါအတိုင်း မှာထားသည်။

"ဂင်းအတ္ထုပ္ပတ္တိကိုနှစ်ပေါင်းအတော်ကြာမှ လှည်းကုန်သည်တို့နှင့်စပ်၍မထေရ်များသိကြရသဖြင့် ဒုတိယသံဂါယနာတင်ပွဲတွင်မှအသျှင်မဟာယသအမျိုးရှိသောမထေရ်များကမှတ်တမ်းတင်ခဲ့ကြရသည်။ဝိမာနဝတ္ထုအားလုံးတို့တွင် ဤသေရီသကဝိမာနဝတ္ထုသည် ဒုတိယသံဂါယနာ၌ ထည့်သွင်းသောဝတ္ထုဖြစ်သဖြင့် ထူးခြားသည်ဟုဆိုသင့်ပေသည်"။

၇။ ပေတဝတ္ထုပါဠိတော်(ပြိတ္တာအကြောင်းများ)

ဤကျမ်းသည်ကား ဝိမာနဝတ္ထုကျမ်းနှင့်ဆန့်ကျင်စွာ ယေဘုယျအားဖြင့်ပြိတ္တာဘဝများ၏ဆင်းရဲရပုံ အဖုံဖုံကို ပြိတ္တာများနှင့် ပက်ပင်းတိုးသော ပုဂ္ဂိုလ်တစ်ဦးဦးကမေးမြန်း၍ အတိတ်ဘဝကအကုသိုလ် ကံအကြောင်းကို ပြန်ပြောပြမှုများ ဖြစ်ပါသည်။ ကျမ်းကို 'ပြိတ္တာများအကြောင်း' ဟု အမည်ပေးထားသော်လည်း ပြိတ္တာများ အကြောင်းသာမက ငရဲဘုံ၊ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံများသို့ရောက်သွားသူများအကြောင်းကိုလည်း တွေ့ရပေမည်။ ပြိတ္တာဖြစ်ရခြင်း၏ အကြောင်းရင်းတို့သည် များပြားလှသည်။" ကိုယ်နှုတ် မစောင့်စည်းမှု၊ မဟုတ်မမှန် ကျိန်ဆဲမှု၊ အလှူဒါနတို့၌ ဝန်တို နှောက်ယှက်မှုများ၊ လင်ယောကျ်ားအပေါ် မရိုသေမှု၊ အိမ်ထောင်ရေး ဖောက်ပြန်မှု၊ မမှန်သက်သေထွက်ဆိုမှု၊ သူတော်ကောင်းများကို ပြစ်မှား မှု" စသည်ဖြင့်များပြားလှသည်။ ခံစားရသောဒုက္ခပုံစံများလည်း များပြားထူးဆန်းလှသည်။ "ခန္ဓာကိုယ်က ရွှေရောင်ထွက်နေပြီး မျက်နှာက ဝက်မျက်နှာ၊ ရုပ်ချောသလောက် ပါးစပ်က ပိုးလောက်များကျနေသော ပြိတ္တာ၊ မိမိမွေးသော သားတို့ကိုပြန်စားနေသော ပြိတ္တာ၊ သံပြားအဝတ်ကိုဝတ်နေရသော ပြိတ္တာ၊ အညစ်အကြေးများကို စားနေရသော ပြိတ္တာ၊

(၅၅)နှစ်တိုင်တိုင် အစာမစားရသောပြိတ္တာ၊ နေ့စံညခံပြိတ္တာ၊ ရေသောက်မည်ကြံတိုင်း ရေခန်း၊ လေတိုက်လျှင်မီးသို့ပူလောင်၊ အရပ်ခိုလျှင် အရိပ်ပျောက်ပြိတ္တာ" စသည်ဖြင့် စုံလင်လှသည်။

၈+၉။ ထေရဂါထာပါဠိတော်၊ထေရီဂါထာပါဠိတော်
(မထေရ်များနှင့် မထေရ်မတို့၏ကျူးရင့်သံများ)

ဤနှစ်ကျမ်းသည်လည်း ဥဒါန်းပါဠိတော်၌ မြတ်စွာဘုရားရှင် ကျူးရင့်သကဲ့သို့ပင်မထေရ်များနှင့် မထေရ်မတို့၏အတွေ့အကြုံ ကျူးရင့်သံများပင်ဖြစ်သည်။ ကျူးရင့်သောဂါထာအများစုသည် မိမိတို့၏ပုဂ္ဂိုလ်ရေးအတွေ့ အကြုံများကို ထုတ်ဖော်ကျူးရင့်သံများ ဖြစ်သည်။ မထေရ်မြတ်တို့၏ ကျူးရင့်သံများတွင် မိမိတို့တွေ့ကြုံရသော သဘာဝပတ်ဝန်းကျင် အတွေ့အကြုံများကို အခြေခံသည်ကများပြီးမထေရ်မတို့၏ ကျူးရင့်သံများတွင်မူ ပုဂ္ဂိုလ်ရေးခံစားချက်အတွေ့အကြုံများ လွှမ်းမိုးနေသည်ကိုလည်း တွေ့ရပေမည်။

ရဟန်းတစ်ပါး၏ ဆိတ်ငြိမ်စွာနေထိုင်တတ်မှုနှင့်ဥပေက္ခာတရားတို့သည် ကျွန်ုပ်တို့သာမန်လူသားများ အနေဖြင့်ကြည့်လျှင် "နေနိုင်လွန်းသည်" ဟုပင် ထင်လာစရာ ရှိသည်။ သို့သော်လည်း တနည်းအားဖြင့် ပြန်ကြည့်လျှင်ရဟန္တာတစ်ပါး၏စိတ်ခံစားမှုနှင့်နိဗ္ဗာန်၏အရသာကိုမထေရ်မြတ်တို့၏နှလုံးသားများမှတစ်ဆင့် သံဖမ်းရိပ်ဖမ်း နားလည်ရသည်ဟုဆို နိုင်သည်။ အောက်ပါကျူးရင့်သံများဖြင့် ထင်ရှားပါသည်။

"ငါသည်ဆိတ်ငြိမ်မှု (ဝိဝေက) ကိုပွားစေလိုသည်ဖြစ်၍ မြေဇာမြက်ကိုလည်းကောင်း၊ သမန်းမြက်ကိုလည်းကောင်း၊ ဆူးခြုံကိုလည်းကောင်း၊ ပန်းရင်းမြက်ကိုလည်းကောင်း၊ ဖြူဆံမြက်ပြိတ်မြက်ကိုလည်းကောင်းရင်ဖြင့် ဖယ်ရှား၍ သွားပါအံ့"။ (လောမသက်ဂီယတ္ထေရဂါထာ) "တောအုပ်ကြီး၌ မှက်၊ ခြင်တို့တွေ့ထိကိုက်ခဲခံရသည်ရှိသော် စစ်မြေဦးဝယ်ကျက်စားသောဆင်ပြောင်ကြီးကဲ့သို့ ထိုတောအုပ်ကြီး၌ သတိရှိသည်ဖြစ်၍သည်းခံနေရ၏"။ (ဂဟွရတီရိယတ္ထေရဂါထာ)" လုံဖြင့် အထိုးခံရသူကဲ့သို့လည်းကောင်း၊ ဦးခေါင်းမီးလောင်ခံရသူကဲ့သို့လည်းကောင်း ထို့

အတူ ရဟန်းသည် ဘဝရာဂကိုပယ်ခြင်းငှာ သတိနှင့်ပြည့်စုံသည်ဖြစ်၍ နေရာ၏"။ (ဝမ္ဘမာနတ္ထေရဂါထာ)

"မျက်စိအမြင်နှင့် ပြည့်စုံသော်လည်း သူကန်းကဲ့သို့ ဖြစ်ရာ၏၊ နားအကြားနှင့် ပြည့်စုံသော်လည်း နားပင်းသူကဲ့သို့ ဖြစ်ရာ၏၊ ပညာရှိသော်လည်း သူအကဲ့သို့ဖြစ်ရာ၏၊ အားအစွမ်းနှင့်ပြည့်စုံသော်လည်း အားနည်းသူကဲ့သို့ဖြစ်ရာ၏၊ ထိုမှတပါး(မလိုလားအပ်သော) အကြောင်းကိစ္စ ဖြစ်ပေါ်လတ်သော် သူသေအိပ်သကဲ့သို့ အိပ်နေရာ၏ "။ (မဟာကစ္စယနတ္ထေရဂါထာ)" သဘောတရားသည် ယခုအခါ၌သာ ဖြစ်သည်မဟုတ်၊ အံ့ဖွယ်သရဲလည်း မရှိ၊ အထူးအဆန်းဖြစ်သည်လည်း မဟုတ်၊ အကြင်သခ်ါရလောက၌ဖြစ်လည်းဖြစ်လည်း ဖြစ်ဖူးရာ၏၊ သေလည်းသေရာ၏၊ ထိုဖြစ်ခြင်း၊ သေခြင်းသဘောရှိသော သခ်ါရလောက၌ အဘယ့်ကြောင့်လျှင် အထူးအဆန်းဖြစ်ရာအံ့နည်း"။ (မဟာကပ္ပိနတ္ထေရဂါထာ)" ငါသည် သေခြင်းကိုလည်းမနှစ်သက်၊ အသက်ရှည်ခြင်းကိုလည်းမနှစ်သက်၊ သူရင်း ငှားသည် လုပ်ခရရန်အတွက် နေ့ကုန်မည့်အချိန်ကိုသာ ငံ့လင့်စောင့်မြော်သကဲ့သို့ ငါသည် ပရိနိဗ္ဗာန်ပြုရမည့်အချိန်ကိုသာ ငံ့လင့်စောင့်မျှော်၏"။ (သံကိစ္စတ္ထေရဂါထာ)

ထေရဂါထာများသည် ကျူးရင့်သံများဟု ဆိုသော်လည်းနောင်လာနောက်သားတို့ ဆောင်ရန်၊ ရှောင်ရန်အတွက် သင်္ခန်းစာများကိုလည်း ထုတ်ယူသတိထားနိုင်သည်။ ထိုတွင် အထင်ရှားဆုံးအနေဖြင့် ပါရာပရိယတ္ထေရဂါထာများ (ထေရ၊မြန်၊၁၃၆) နှင့်ပဏ္ဍာရသေ့ကမေးမြန်း၍ ဖုဿမထေရ် (ထေရ၊မြန်၊၁၄၀) ဟောကိန်းထုတ်ထားသော အနာဂါတ်သာသနာရေးအခြေအနေများကိုလည်း လေ့လာနိုင်သည်။

ယခုအခါ သာသနာတော်တွင် မိန်းမသား ရဟန်းတော်တို့ကို မတွေ့မြင်ရတော့သော်လည်း တစ်ချိန်တခါက ကြည်ညိုဖွယ်ရဟန်းမများ အကြောင်းကိုစာပေများမှတဆင့်သာ ကြည်ညိုနိုင်တော့သည်။ ဘိက္ခုနီသာသနာကွယ်ပြောက်သွားခဲ့ပြီဖြစ်သော်လည်း မထေရ်မများကို အထင်အမြင် မသေးသင့်ချေ။ အဘယ့်ကြောင့်ဆိုသော် ဇာတ်ခွဲခြားမှုပြင်းထန်ပြီးမိန်းမဆိုလျှင် အထင်မကြီးသော မဗျိုမဒေသ၏ လူမှုရေးအခက်အခဲ

များကြားမှ ရဟန်းပြုခဲ့ကြရခြင်း၊ ရဟန်းယောက်ျားများထက် ပိုမိုတင်းကြပ်သောဝန်ခံကတိပြုချက်များ၊ စည်းကမ်းများကြားမှ ရဟန်းပြုခဲ့ကြရခြင်းတို့ကြောင့် ဖြစ်ပါသည်။ အခြေအနေအမျိုးမျိုးကြားအတွင်းမှ ရဟန်းဘဝခံယူခွင့် ရကြသောအခါတွင်လည်း ယောက်ျားသားရဟန်းတော်များလောက် လျှုဒါန်းထောက်ပံ့မည့်သူ နည်းပါးခြင်း၊ ယောက်ျားသားတို့၏ မထိတထိအစော်ကားခံရခြင်းတို့နှင့် အခက်အခဲအမျိုးမျိုးများကြားတွင် တရားဓမ္မများကို အားထုတ်ခဲ့ကြရသည်။ ထိုကဲ့သို့သော အခြေအနေများကြားမှပင်တရားထူးတရားမြတ်တို့ကို ရဟန်းယောက်ျားများနည်းတူ ရယူနိုင်ခဲ့ကြသည်။ ထို့ကြောင့် မထေရ်မတို့ကို အထင်အမြင် မသေးသင့်ချေ။

မိသားစုကို စွန့်ခွာပြီး ရဟန်းဝတ်လာကြသော မထေရ်မတို့၏ ဘဝ အခြေအနေများကား စုံလင်လှသည်။ မုတ္တာထေရီမသည် "ငါသည် တကုန်းကုန်းဖြင့် ထောင်းထုလုပ်ကိုင်ရသော ဆုံမှလည်းကောင်း၊ ကျည်ပွေ့မှလည်းကောင်း၊ ခါးကုန်းသော လင်မှလည်းကောင်း လွတ်မြောက်သဖြင့် အလွတ်မြောက်ကြီးလွတ်မြောက်သူဖြစ်ကြောင်း" ကျွန်းရင့်တော်မူသည်။ သုမင်္ဂလမာတာထေရီမသည် "ငါသည် ကျည်ပွေ့မှလည်းကောင်း၊ အရှက်မရှိသောလင်မှလည်းကောင်း၊ ထီးလုပ်ငန်းကိုလည်းကောင်း၊ ရေမြွေနံ့ရသောထမင်းအိုးမှလည်းကောင်း၊ နှီးတို့၏တဖျစ်ဖျစ်မည် သံတို့မှလည်းကောင်း လွတ်မြောက်သွားပြီဖြစ်၍ ချမ်းသာစွာ စျာန်ဝင်စားနိုင်ကြောင်း" ကျွန်းရင့်တော်မူသည်။ မထေရ်မတစ်ပါးက "လူ့ဘဝပြည်တန်ဆာဖြစ်ခဲ့ပြီး မပြသင့်သော အင်္ဂါကြီးငယ်တို့ကို ပြသကာ မာယာထောင်ချောက်တို့ကိုထောင်ဖမ်းရခြင်းဒုက္ခမှယခုအခါအေးငြိမ်းကြောင်း"၊ မထေရ်မတစ်ပါးက "သူသည် လူ့ဘဝက သားသမီး မရှိ၊ ဆွေမျိုးများလည်းမရှိ၊ မုဆိုးမလည်း ဖြစ်သောကြောင့် (၇)နှစ်ပတ်လုံး တောင်းရမ်းစားသောက်ခဲ့ရပြီး ပဋာစာရာမထေရ်မနှင့်တွေ့ခဲ့ရ၍ ရဟန္တာမတစ်ပါးဖြစ်နေကြောင်း" စသည်ဖြင့် ကျွန်းရင့်တော်မူကြသည်။

လူ့ဘဝက နာမည်ကြီးအလှဘုရင်မဖြစ်ခဲ့သောအမ္ဗပါလီထေရီမ၏ အိုမင်းသောအခါ မိမိ၏ခန္ဓာကို ပြန်လည်သုံးသပ်၍ 'မြတ်စွာဘုရားရှင်၏ စကားသည်မှန်ကြောင်း' ဂါထာများသည်လည်း ဖွဲ့နွဲ့တင်စားရာ၌

ပြောင်မြောက်လှသည်။ "ငယ်စဉ်က ပိတုန်းရောင်ကေသာတို့သည် ယခုအခါတွင် လျှော်မျှင်များကဲ့သို့ဖြစ်နေပြီ"၊ "လက်ရာမြောက်သော ပန်းချီဆရာဆွဲထားသကဲ့သို့သောမျက်ခုံးတို့သည် ယခုအခါ နဖူးတွန့်များကြားပျောက်ကွယ်သွားပြီ "၊ " မျက်နှာပေါက်နှင့် လိုက်ဖက်ညီခဲ့သော နှာတံသည် ယခုအခါ သားရေကြိုးထုံးကဲ့သို့ဖြစ်ခဲ့ပြီ "၊" လက်စွပ်ကလေးဖြင့် လိုက်ဖက်ခဲ့သော လက်ချောင်းများသည် ယခုအခါ မုန်လာဥအမြစ်ကဲ့သို့ဖြစ်ခဲ့ပြီ"၊ "ပြည့်ဖြိုးမို့မောက်နေခဲ့သော ရင်နှစ်လွှာသည် ယခုအခါ ရေမရှိသော ရေစစ်ကဲ့သို့ တွဲကျနေပြီ"၊ "ဆင်နှာမောင်းနှင့်တူခဲ့သော ပေါင်တို့သည် ယခုအခါ ဝါးအနုပိန်ကဲ့သို့ဖြစ်ခဲ့ပြီ"၊ "ရွှေခြေကျင်းများနှင့် တင့်တယ်ခဲ့သောခြေသလုံးလှများသည် ယခုအခါ နှမ်းရိုးခြောက်ငုတ်တို့ကဲ့သို့ဖြစ်ခဲ့ပြီ" စသည်ဖြင့် တရားပြထားသည်မှာ မထေရ်မ၏အတိတ် တစ်ချိန်ပျိုရွယ်စဉ်က ယောကျ်ားသားများ ဝိုင်းဝိုင်းလည်ခဲ့သောအဖြစ်ကို ထိတ်လန့်ဖွယ်ဓမ္မသံဝေဂများ ဖြစ်ရသည်။

စိတ်ဓာတ်ကြံ့ခိုင်ပြီး သတ္တိရှိလှသော သုဘာထေရီမ၏ ဖြစ်ရပ်ကလည်း မျှားစွာ ကြည်ညိုဖွယ်ကောင်းလှသည်။ မထေရ်မသည် ဇီဝက၏ ဥယျာဉ်သို့ အသွားလမ်းတစ်နေရာတွင် မိန်းမလိုက်စားလူရမ်းကား တစ်ယောက်သည် လမ်းပိတ်ရပ်ပြီး အမျိုးမျိုးမြူဆွယ်နှောက်ယှက်ရာ မထေရ်မက နှစ်သက်သော ခန္ဓာကိုယ်အစိတ်အပိုင်းကို ပြခိုင်းလေသည်။" သမင်မျက်လုံးကဲ့သို့သော မျက်လုံးအစုံသည် သူ့အတွက် အစွဲဆောင်နိုင်ဆုံးဖြစ်ပါကြောင်း" ပြောဆိုသော ခဏ၌တွင် မထေရ်မသည် မျက်လုံးအစုံကို ချက်ချင်းထုတ်ယူ၍ ပေးလေသည်။ လူရမ်းကားလည်း ကြောက်လန့်တောင်းပန်ပြီး နောင်အခါ ဤသို့သော မကောင်းမှုကို မလုပ်တော့ပါကြောင်း ဝန်ခံလျှောက်ထားသွားလေသည်။

၁၀။ အပဒါနပါဠိတော်(အတ္ထုပ္ပတ္တိများ)

ဤကျမ်းတွင် ဗုဒ္ဓအပဒါန်၊ ပစ္စေကဗုဒ္ဓအပဒါန် အပါအဝင် မထေရ်မြတ်တို့၏အတ္ထုပ္ပတ္တိများနှင့်မထေရ်မတို့၏အတ္ထုပ္ပတ္တိများ ပါဝင်သည်။ ထေရအပဒါန်တွင် ဝဂ်ပေါင်း (၅၆)ဝဂ်ဖြင့် ဖွဲ့စည်းထားပြီး ထေရီ

အပဒါန်တွင် ဝဂ်ပေါင်း(၄)ဝဂ်ဖြင့်ဖွဲ့စည်းထားသည်။ ဤကျမ်းသည် အမှန်အားဖြင့်ထေရဂါထာ၊ထေရီဂါထာပါဠိတော်မျှားနှင့်ဆက်စပ်လျက်ရှိသည်ကို တွေ့ရပေမည်။ ကျမ်း၏သဘောကို ယေဘုယျခြုံကြည့်လျှင် ရှေးဘုရားရှင်တစ်ဆူဆူထံတွင် ကုသိုလ်ကောင်းမှုတစ်ခုခုကိုပြုလုပ်သဖြင့် နောင်တစ်ချိန်တွင် တရားတော်ကို နားကြားလတ္တံ့ စသည်ဖြင့် ဗျာဒိတ်စကားရပြီး ထိုဗျာဒိတ်စကားတော်အတိုင်း ရောက်ရှိဖြစ်ပေါ်လာပုံတို့ကို ပြန်လည်ဟောကြားဟန်ဖြင့် ဖွဲ့စည်းထားသည်။

နဂါး၊ဂဠုန်၊ကိန္နရာ၊စက္ကဝါဏ်ဌက်၊ခိုး၊ရေကြက်၊ဝံလိုင်ဌက်၊ ဟသ်ာ၊ လိပ်၊ မိချောင်း၊ ခြသေ့်၊ မျောက်၊ ဆင်ဖြစ်ခဲ့ရသော မထေရ်များ၊ ရသေ့၊ ဝိဇ္ဇမိုရ်၊ ဘုရင်၊ သူဌေး၊ တရားသူကြီး၊ တံခါးမှူး၊ ဆေးဆရာ၊ လမ်းလူကြီး၊ ဘာသာရေးအသင်းဥက္ကဋ္ဌလုပ်ခဲ့သော မထေရ်များနှင့် လယ်သမား၊ ကူးတို့သမား၊ စာရင်းဌား၊ ပန်းသည်၊ ပန်းပဲသမား၊ မုဆိုး၊ လက်သမား၊ ဥယျာဉ်စောင့်၊ အိုးလုပ်ငန်းလုပ်သူ၊ မုန့်သည်၊ ထရံယက်သူ၊ ဆားသုတ်သမား၊ မြက်ထမ်းရောင်းသူ၊ ခြံစောင့်၊ ဝက်သတ်သမား၊ သူတောင်းစားစသည်ဖြင့် ကျင်လည်လုပ်ကိုင်ခဲ့ရသော ဘဝတို့ကား စုံလင်လှသည်။

ဤကျမ်းလာအတ္ထုပ္ပတ္တိများကိုဖတ်ရှုရသဖြင့် မထေရ်၊ မထေရ်မတို့သည် နောက်ဆုံးဘဝတွင် ပုဂ္ဂိုလ်ထူးများအဖြစ်ဖြင့် ကျွတ်တန်းဝင်ရသော်လည်း အတိတ်တစ်ချိန်က ဘဝမျိုးစုံကို ပြန်လည်သိခွင့်ရသည်။ ထို့အပြင် သံသရာ၏ရှည်လျားကျယ်ပြန့်ပုံနှင့် မိမိတို့အနေဖြင့်လည်း မည်မျှအထိ ပြေးလွှားရဦးမည်ကိုစဉ်းစားမိရင်း မရင့်ကျက်သေးသော ကိုယ်ကျင့်တရားများ၊ ဉာဏ်ပညာများနှင့်တွန့်ဆုတ်သောဝိရိယတို့ကို အားမလိုအားမရ ဖြစ်မိသည်။

ထေရီအပဒါန်တွင် ထူးခြားချက်အနေဖြင့် မဟာပဇာပတိ ဂေါတမီထေရီမ၊ ယသောဓရာထေရီမ စသောမထေမအချို့တို့၏ ပရိနိဗ္ဗာန်စံဝင်ခန်းများကိုပါထည့်သွင်းဖော်ပြထားသည်။ မထေရ်မများ ပရိနိဗ္ဗာန်စံခါနီးမြတ်စွာဘုရားရှင်အား ခွင့်ပန်ခန်းများတွင် တရားဓမ္မများဖြင့် ထုံမွှမ်းထားသော အရိယာတို့၏ နှလုံးသားများမှာ မတုန်လှုပ်ကြသော်လည်း ကံကိလေသာမကုန်သေးသောပုထုဇဉ်လူသားများမှာမူရင်ဘတ်စည်းတီး၊ အငိုကြီးငိုခဲ့ကြရသည်။

မဟာပဇာပတိဂေါတမီသည် ခ၊်ုးပွဲခ၊ုင့ိကြွေးနေသော အမ၊ိုးသမီး ပရိသတ်ကို "သင်တို့အား ယခု အခ၊ိန်သည် ၎င့ိကြွေးရမည့်အစား၊ ရွှင်ပြုံး ရမည့်အခ၊ိန်ဖြစ်ကြောင်း၊ ၎င့ိအပေါ်တွင် သနားကြင်နာခြင်းများ၊ ကျေးဇူး တရားများရှိတယ်ထင်ရင် သူတော်ကောင်းတရားကို ကျင့်ကြံနေရစ်ကြဖို့ လို့ကြောင်း၊ ဘုရားရှင်ထံ ငါတောင်းဆို့ခဲ့လို့ မိန်းမသားတို့အား ရဟန်းပြု ခွင့်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ငါ နှစ်သက်သဘောကျသည့်အတိုင်း ကြိုး စားရစ်ကြဖို့ လို့ကြောင်း" နှစ်သိမ့်တော်မူခဲ့သည်။

ထို့အပြင် မထေရ်မသည် ရဟန္တာမကြီးပင်ဖြစ်လင့်ကစား မိခင် ဆန်သောနှလုံးသားကိုလည်း တစိတ်တဒေသအနေဖြင့် ထိတွေ့ခံစားရ သည်။ "ယခုအခ၊ိန်သည် သာသနာတော်လည်း စည်ပင်နေပြီ ဖြစ်၍ ရဟန်းတော် အဖွဲ့အစည်းသည်လည်း ညီညွတ်နေပြီး ဆန့်ကျင်ဖက်အဖွဲ့ အစည်းတို့၏ နှောင့်ယှက်မှုလည်း မရှိတော့သည့်အခ၊ိန် ဖြစ်ကြောင်း၊ အရှင်ကောဏ္ဍည၊ အရှင်အာနန္ဒာ၊ အရှင်နန္ဒစသူတို့သည်လည်းကောင်း၊ အရှင်ရာဟုလာနှင့်မြတ်စွာဘုရားရှင်သည်လည်းကောင်း တည်ရှိနေပြီ ဖြစ်ကြောင်း၊ သြဂ္ဂာဟအန္တယ် (သာကီဝင်မင်းမျိုးစု) တို့၏ ဂုဏ်သတင်း ကို ဆိုက်ထူနိုင်ပြီးဖြစ်၍ မာန်မာနကိုလည်း ချထားနိုင်ပြီဖြစ်ကြောင်း၊ ဒါ့ကြောင့် ၎င့ိအား ပရိနိဗ္ဗာန်စံခ၊ိန်မဟုတ်လော" စသည်ဖြင့် မိန့်မှာကာ နှစ်သိမ့်ထားသည်။

ထို့နောက် မြတ်စွာဘုရားရှင်ထံချဉ်းကပ်ပြီး ဤစကားများကို လျှောက်ထားတော်မူသည်။

"မိမိသည် အရှင်ဘုရား၏မယ်တော်ဖြစ်၍အရှင်ဘုရားသည် ကား တပည့်တော်၏ခမည်းတော်ဖြစ်ပါကြောင်း၊ အရှင်ဘုရားကို ခဏ တာငြိမ်းအေးစေသောနို့ကိုတိုက်ကျွေးခဲ့၍အရှင်ကား ထာဝရငြိမ်းအေး သောနို့ရည်ကို တိုက်ကျွေးသူဖြစ်ပါကြောင်း၊ မိမိ၏နို့ဖိုးသည်သံယောဇဉ် များနှင့် ရစ်ပတ်ခြင်းကြောင့် အရှင်ဘုရားအားအကြွေးမရှိတော့ပါ ကြောင်း၊ မိမိတောင်းဆုဆိုခဲ့သော 'ဘုရားမယ်တော်' ဟူသောဘွဲ့ကိုလည်း ရပြီးဖြစ်၍အရှင်ဘုရားကြောင့် အစစအရာရာ ပြည့်စုံပါပြီဖြစ်ကြောင်း" လျှောက်ထားတော်မူသည်။

ထို့နောက် နောက်ဆုံးဖူးမြင်ရှိခိုးခြင်းအနေဖြင့် မြတ်စွာဘုရားရှင်၏ ခြေဖဝါးတော်နှင့်ခန္ဓာကိုယ်ကို ဦးတိုက်ဖူးမြင်ခွင့်ကို တောင်းဆိုရာ မြတ်စွာဘုရားရှင်က လိုက်လျှောတော်မူသည်။ ရှိခိုးဦးတိုက်ပြီးသောအခါ မိမိမှာ မိန်းမသားဖြစ်သည့်အတွက် တစုံတရာသော အပြစ်ရှိခဲ့ပါမူ ခွင့်လွှတ်ပါရန်၊ ဘိက္ခုနီသာသနာတည်ထောင်ခွင့်ကိစ္စနှင့် ရဟန်းမတို့အား အရှင်၏ ခွင့်ပြုချက်ဖြင့်ဆုံးမရာတွင် တစုံတရာ အမှားအယွင်းများရှိခဲ့လျှင်ခွင့်လွှတ်ပါရန် တောင်းပန်လေသည်။ ထိုအခါ မြတ်စွာဘုရားရှင်က

"သည်းခံဖွယ်မလိုသောကိစ္စတို့၌ သည်းခံဖွယ် အဘယ်မှာ ရှိပါမည်နည်း၊ ပရိနိဗ္ဗာန်ပြုဖို့သွားတော့မည်ဆဲဆဲဖြစ်သော မိထွေးတော်အား အဘယ်မှာတုန့်ပြန်ပြောရပါတော့အံ့နည်း"၊ "လမင်းကြီးသည် မိုးသောက်လာ၍အသီးသီးကွယ်ပျောက်ကုန်သောကြယ်တို့ကိုကြည့်ရင်း မိမိလည်း မကြာမီကမ္ဘာကြီးကို နှုတ်ဆက်ထွက်ခွါခဲ့ရသကဲ့သို့ ငါဘုရားလည်း ထွက်ခွါသွားရလတော့" ဟု မိန့်တော်မူပါသည်။

ထို့နောက် မထေရ်မသည် ရဟန်းတော်များနှင့် အရှင်ရာဟုလာ၊ အရှင်အာနန္ဒာ၊အရှင်နန္ဒတို့ကို နှုတ်ဆက်ပန်ကြားရာ သေက္ခဖြစ်သော အရှင်အာနန္ဒာမှာ သနားစဖွယ် ငိုကြွေးတော်မူသည်။ ငိုကြွေးနေသော အရှင်အာနန္ဒာကို "သားချစ်အာနန္ဒာ သားမောင်တိုက်တွန်းသောကြောင့် အကျွန်ုပ်တို့အား သာသနာတွင်ရဟန်းပြုခွင့်ရခဲ့ကြသည်၊ သားချစ်၏ အပင်ပန်းခံကြိုးစားမှုသည်အလကားမဖြစ်ခဲ့၍ စိတ်မကောင်းမဖြစ်သင့်ပါကြောင်း" စသည်ဖြင့် လျှောက်ထားနှစ်သိမ့်တော်မူသည်။ မထေရ်မ၏ စျာပနပွဲကို မြတ်စွာဘုရားရှင်ကိုယ်တိုင် စီရင်ပေးပြီး စျာပနပွဲသည် မြတ်စွာဘုရားရှင်၏စျာပနပွဲထက် အံ့သြဖွယ်ကောင်းအောင် စည်ကားသည်ဟု ဆိုပါသည်။

၁၁။ ဗုဒ္ဓဝံသပါဠိတော် (ဗုဒ္ဓဝင်များ)

ဤကျမ်းသည် ဂေါတမမြတ်စွာဘုရားရှင်၏ ဖြစ်တော်စဉ်အကျဉ်းနှင့်(၂၄)ဆူသော ဘုရားရှင်တို့၏ ဖြစ်တော်စဉ်အကျဉ်းတို့ကို ဖော်ပြထားသည်။ ဘုရားလောင်းတို့ဗျာဒိတ်ရပြီးချိန် အောက်ပါနိမိတ်သင်္ကေတတို့ဖြစ်ပေါ်လေ့ရှိသည်ဟု ဆိုပါသည်။

"ပူခြင်း၊ အေးခြင်း မရှိခြင်း၊ တစ်သောင်းသောလောကဓာတ်၌ တိတ်ဆိတ်သွားခြင်း၊ လေပြင်းတို့မတိုက်ခတ်ခြင်း၊ မြစ်ရေတို့ရပ်တန့်သွားခြင်း၊ ကုန်းပန်းရေပန်းအားလုံးပွင့်ကြခြင်း၊ သစ်ပင်အားလုံးသီးကြခြင်း၊ ကောင်းကင်မြေကြီးရှိ ရတနာအားလုံးတောက်ပခြင်း၊ လူ့ပြည်နတ်ပြည် ရှိတူရိယာအားလုံးအလိုလိုမြည်ကြခြင်း၊ ပန်းမိုးများရွာချခြင်း၊ ငလျင်လှုပ်ခြင်း၊ မဟာသမုဒ္ဒရာရေပြင်သည် ဝဲလှည့်ခြင်း၊ ငရဲမီးအားလုံးငြိမ်းခြင်း၊ နေမင်းနှင့် ကြယ်တာရာတို့တောက်ပခြင်း၊ မိုးမရွာသောအချိန်တွင် မြေမှုရေများပန်းထွက်ခြင်း၊ တွင်းအောင်းချောက်အောင်းသတ္တဝါတို့ထွက်လာကြခြင်း၊ သတ္တဝါတို့ပျင်းရိခြင်းမဖြစ်ခြင်း၊ အနာရောဂါတို့ငြိမ်းနေခြင်း၊ အရူပဗြဟ္မာများမှလွဲ၍နတ်၊ ဗြဟ္မာတို့ကိုတွေ့မြင်ရခြင်း၊ ငရဲဘုံတို့ကိုတွေ့မြင်ရခြင်း၊ အကာအကွယ်ဟူသမျှတို့ ဟင်းလင်းပွင့်ခြင်း၊ သတ္တဝါတို့၏ ပဋိသန္ဓေနေခြင်း၊ စုတေခြင်းမရှိခြင်း" စသည့်နိမိတ်သင်္ကေတတို့ ဖြစ်ပေါ်လာသည်။

ဘုရားဆုပန်အလောင်းတော်သည် အောက်ပါအလေ့အကျင့် (ပါရမီ)တို့ကို ရဲဝံ့စွာ ဖြည့်ဆည်းရသည်။ မှောက်ထားသော အိုးကဲ့သို့ ပေးကမ်းခြင်းအလေ့(ဒါနပါရမီ)ကို ဖြည်ကျင့်ရမည်။ စာမရိသားကောင်သည်မြီးဆံကို အသက်ပေးစောင့်ရှောက်သကဲ့သို့ ကိုယ်ကျင့်တရား (သီလပါရမီ)အတွက် အသက်ပေးရဲရမည်။ နှစ်ရှည်လများ အကျဉ်းကျနေသူသည် လွတ်လမ်းကိုရှာဖွေနေသကဲ့သို့ တောထွက်ခြင်းအလေ့ (နေ က္ခမ္မပါရမီ)ရှိရမည်။ ဆွမ်းခံရဟန်းသည် အယုတ်အလှအမြတ်မရွေး၊ အိမ်စဉ်မလပ်ကြွသကဲ့သို့ ပညာရှိမှန်သမျှကို ချဉ်းကပ်၍ ပညာဆည်းပူးလေ့ (ပညာပါရမီ) ရှိရမည်။

ခြင်္သေ့သည် အမြဲတမ်းနိုးကြားတက်ကြွနေသကဲ့သို့ အမြဲတမ်းကြိုးစားလေ့ (ဝီရိယပါရမီ) ရှိရမည်။ မိမိကို ကောင်းကောင်းမွန်မွန်ဆက်ဆံခံရသောအခါ၊ မထီမဲ့မြင်အပြုခံရသောအခါတို့၌ မြေကြီးကဲ့သို့ ကျင့်ရမည်။ (ခန္တီပါရမီ) သောက်ရှူးကြယ်သည် ဥတုသုံးပါးလုံး သွားမြဲလမ်းကမရွှေ့သကဲ့သို့ မှန်သောစကားကိုသာ ပြောဆိုရမည်။ (သစ္စာပါရမီ)၊ လေပြင်းမုန်တိုင်းတို့ကို မမှုသောကျောက်တောင်ကဲ့သို့ တည်ငြိမ်

သူဖြစ်ရမည်။ (အဓိဌာနပါရမီ)၊ မေတ္တာတရားကို ရေသည်လူကောင်း၊ လူဆိုးအားလုံးကို အေးမြစေသကဲ့သို့ ကျင့်ရမည်။ (မေတ္တာပါရမီ)၊ မြေကြီးသည် မိမိအပေါ် ဘာပဲပစ်ချပစ်ချ ပစ်ချသူအပေါ် ချစ်ခြင်းမုန်းခြင်း မရှိသကဲ့သို့ ဥပေက္ခာပြုလေ့ ရှိရမည်။ (ဥပေက္ခာပါရမီ)

၁၂။ စရိယာပိဋကပါဠိတော် (ပါရမီဖြည့်ခန်းများ)

ဤကျမ်းကို "လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတို့ပတ်လုံးအတွင်း ၌ပါရမီတို့ကိုဖြည့်ကျင့်ခဲ့၏၊ အကျင့်အားလုံးသည် သမ္မာသမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေခဲ့သည်။ လွန်လေပြီးသော ကမ္ဘာတို့ဝယ် ကျင့်ခဲ့သောအကျင့်တို့ကိုချန်ထား၍ ဤဘဒ္ဒကမ္ဘာ၌ကျင့်ခဲ့သော အကျင့်ကိုသာလျှင် မိန့်ဆိုပေအံ့၊ ငါ၏စကားကို နာလော့" ဟု ကျမ်းကိုနိဒါန်းအနေဖြင့် ဖွင့်ထားပြီး (၃၅)ဇာတ်သောဇာတ်တို့ကို ပြန်လည်ဟောပြတော်မူသည်။ ဤကျမ်း၌ ပါ ဟောပြသောဇာတ်တော်အားလုံးသည် 'ဇာတကပါဠိတော်' ၌ပါဝင်သောဇာတ်တော်များပင် ဖြစ်သည်။ သို့သော် ဤကျမ်းပါဇာတ်တော်တို့ကို အကျဉ်းချုပ်သဘောဖြင့် အတိုချုံး ဟောသောကြောင့် ဇာတကပါဠိတော် ၌ပါသော ဇာတ်တော်များလောက် မရှည်လျားတော့သည်ကိုလည်း တွေ့ရပေမည်။

အကိတ္တိဝဂ်၊ ဟတ္ထိနာဂဝဂ်၊ ယုဓဥ္စယဝဂ်အားဖြင့် သုံးဝဂ်ပါဝင်ပြီး ဒါနပါရမီဆိုင်ရာဇာတ်တော် ၁၀ ဇာတ်၊ သီလပါရမီဆိုင်ရာ ဇာတ်ပေါင်း ၁၀ ဇာတ်၊ နေက္ခမ္မပါရမီဆိုင်ရာဇာတ်ပေါင်း ၅ ဇာတ်၊ အဓိဌာနပါရမီဆိုင်ရာဇာတ်ပေါင်း ၁ ဇာတ်၊ သစ္စာပါရမီဆိုင်ရာဇာတ် ၆ ဇာတ်၊ မေတ္တာပါရမီဆိုင်ရာ ဇာတ် ၂ ဇာတ်နှင့် ဥပေက္ခာပါရမီဆိုင်ရာ ဇာတ် ၁ ဇာတ်တို့ ပါဝင်သည်။ ပညာပါရမီ၊ ဝီရိယပါရမီနှင့်ခန္တီပါရမီဆိုင်ရာ ဇာတ်တို့မူ မပါဝင်ကြပေ။ ဤကိစ္စနှင့်ပတ်သက်၍ မြန်မာပြန်၊ ကျမ်းဦးမှတ်ဖွယ်တွင် "အဘယ့်ကြောင့် ဤပါရမီ ၃ ပါးဆိုင်ရာ ဇာတ်တော်များ မပါရှိကြောင်း၊ အဌကထာလည်း ဖွင့်ပြမထားခဲ့သဖြင့် အတိအကျ သိခွင့်မရှိဟု ဆိုရပေမည်။ ပညာပါရမီ၊ ဝီရိယပါရမီနှင့် ခန္တီပါရမီတော်တို့မှာ ဒါန၊ သီလစသော ပါရမီတော်တို့တွင် မပါလျှင် မပြီး၊ ပါနိုင်သော ပါရမီ

ချည်းပင်ဖြစ်သဖြင့် အထူးဟောတော် မမူခဲ့လေသလောမသိ၊ ဤစရိယာ ပိဋကပါဠိတော်၌ မပါရှိခဲ့သည်ကိုကား အထူးသတိချပ်၍ မှတ်သားဖွယ် ရာပင် ဖြစ်ပေသည်" ဟု မှာထားသည်။

အလောင်းတော်ဘဝတွင် ပါရမီတို့ကို ရဲရင့်ပြောင်မြောက်စွာ ကျင့်ပုံတို့ကို အထက်ပါဇာတ်တော်များအတွင်း လေ့လာနိုင်သည်။အကိတ္တိ ရသေ့ဘဝတွင် မိမိစားဖို့ရှာထားသော ဆီမပါ၊ ဆားမပါသော ကံပြင်း ရွက်ဟင်းကို သုံးရက်တိတိ အလျှခံရောက်လာ၍ မိမိမစားဘဲ လျှဒါန်း ခဲ့ပုံ၊ သိဝိမင်းဘဝတွင် မျက်စိကိုထုတ်၍လျှဒါန်းခဲ့ပုံ၊ ဝေဿန္တရာမင်းဘဝ တွင် ပြည်သူတို့၏ အငြိုအငြင်ခံရသည်တိုင်အောင် ဆင်ဖြူတော်နှင့် နောက်ဆုံး မိမိသား၊သမီးများကိုပင် လျှဒါန်းခဲ့ပုံ၊ သသပဏ္ဍိတဇာတ်ယုန် ဘဝတွင် မီးပုံအတွင်းခုန်ဆင်း၍ မိမိအသားကို လျှဒါန်းခဲ့ပုံတို့ကို ပြဆို ထားသည်။

စူဠဇောဓိဇာတ်တွင် မိမိချစ်လှစွာသော အတူတရား ကျင့်ဖက် ဇနီးကို ဘုရင်က အတင်းအဓမ္မခေါ်ဆောင်သွားရာ အမျက်ဒေါသွက် ထွက်စဉ် ထိုဒေါသကို ထိန်းချုပ်၍ သီလကို ဖြည့်ကျင့်ခဲ့ကြောင်း၊ ကျွဲမင်း ဘဝတွင်လည်း မျောက်တစ်ကောင်သည် အမြဲတမ်းလာ၍ မိမိဦးခေါင်း ပေါ်တက်ပြီး ကျင်ကြီးကျင်ငယ်စွန့်သည်ကို မည်သို့မျှမတုံ့ ပြန်ဘဲ သီလ ပါရမီဆောက်တည်ခဲ့ပုံ၊ ဆတ်မင်းဘဝတွင် အကြွေးတို့ဖြင့်ဝိုင်းနေသော ယောက်ျားတစ်ယောက်သည် မိမိကိုယ်ကိုအဆုံးစီရင်သည့်အနေဖြင့် မြစ် အတွင်းခုန်ချရာ သနားစဖွယ်ဟစ်အော်နေသဖြင့် ညကြီးမင်းကြီး မြစ် အတွင်းဆင်းကာကယ်တင်ပြီးသီလကျင့်ခဲ့ပုံတို့ကို ပြဆိုထားသည်။ ဤ သို့စသည်ဖြင့်လောကခံများနှင့်ကြုံလာတိုင်းမိမိသည်မခံစားရသည်မဟုတ်၊ ခံစားရသည်။ သို့သော်လည်းမိမိ၏ပုဂ္ဂိုလ်ရေးခံစားချက်ထက် သတ္တဝါတို့ အကျိုးအတွက် အနစ်နာခံဖြည့်ကျင့်ခဲ့ပုံများကို လေ့လာနိုင်သည်။

ကျမ်း၏ နောက်ဆုံးပိုင်းတွင် ပျင်းရိခြင်း၊ငြင်းခုံခြင်း၊မေ့မေ့လျော့ လျော့နေခြင်းတို့ကို တိုးတက်မှု၏အန္တရာယ်အဖြစ် လက်ခံပြီး မဂ္ဂင်တရား (၈)ပါးကို တက်တက်ကြွကြွကြိုးစားကြရန်နှင့် ညီညွတ်ကြသူများ၊ ပြေပြေ လည်လည်ရှိသူများဖြစ်ကြဖို့တိုက်တွန်းပြီး ကျမ်းကိုနိဂုံးချုပ်ထားသည်။

၁၃။ ဇာတကပါဋိတော်
(ဗုဒ္ဓ၏အတိတ်ဘဝဇာတ်ကြောင်းများ)

ဤဇာတကပါဋိတော်သည်လည်း ဓမ္မပဒပါဋိတော်ကဲ့သို့ပင် ပါဋိတော်သက်သက်လေ့လာသည်ထက် အဖွင့်ကျမ်း(အဋ္ဌကထာ)နှင့် ပါတွဲဖက်လေ့လာမှ ပိုမိုပြည့်စုံနိုင်ပေမည်။ ဇာတ်တော်ပေါင်း (၅၄၇) ဇာတ်ကိုဖွင့်ဆိုင်ရာ အဖွင့်ကျမ်းတွင် အတွဲ(၇)တွဲအထိ ရှိသည်။ ဇာတ်တော်များကို ဗုဒ္ဓဘာသာဝင်မိသားစုများတွင် လူကြီးသူမများက ကလေးငယ်များအား စာရိတ္တပြုပြင်ရေးပုံပြင်လက်စွဲအဖြစ် အသုံးပြုလေ့ရှိပြီး "ငါးရှဉ်ငါးဆယ်၊ နိပါတ်တော်များ" စသည်ဖြင့် ခေါ်ဝေါ်လေ့ ရှိသည်။ ဤကျမ်းသည် သာမန်လူများပင်အသိများနှစ်ခြိုက်သလောက် ပညာရှင်များအနေများအနေဖြင့်လည်း စာပေရှုထောင့်မှကြည့်လျှင်မူ သုတေသနပြု၍ကုန်ဖွယ်မရှိသော လေ့လာစရာများနှင့် ပြည့်နှက်နေသည်။ တနည်းအားဖြင့်ယဉ်ကျေးမှုကြွယ်ဝခဲ့သော အိန္ဒိယနိုင်ငံ၏စာပေသမိုင်းကြောင်းကို အသံတိတ်ပြောပြနေသကဲ့သို့ ရှိပါသည်။

အဖွင့်ကျမ်းသည် များပြားကျယ်ဝန်းလှသော်လည်း ဖွဲ့စည်းပုံအနေဖြင့်မူပုံသေနည်းများ ရှိသည်။

(က) ပစ္စုပ္ပန်ဝတ္ထု
(ဇာတ်တော်ကိုဟောရခြင်း၏ နောက်ခံအဖြစ်အပျက်နိဒါန်း)
(ခ) အတိတ်ပြန်ဆောင်ဝတ္ထု
(အတိတ်တစ်ချိန်ဘဝက
ဘုရားလောင်းပါဝင်ဖြစ်ပျက်ခဲ့ပုံဇာတ်စာကိုယ်)
(ဂ) ဇာတ်ပေါင်းခန်း
(မည်သူကမည်သူဖြစ်ခဲ့ပုံနိဂုံးချုပ်)

ဤနည်းဖြင့် ဇာတ်တော်များကို ဖွဲ့စည်းဖွင့်ဆိုထားသည်။ ပါဋိတော်ကျမ်းများကို ဖွင့်ဆိုခဲ့သော အဖွင့်ကျမ်းအသီးသီးတွင် ဤဇာတကအဋ္ဌကထာကျမ်းကြီးနှင့် ဓမ္မပဒအဋ္ဌကထာကျမ်းတို့မှာ ဘာသာပြန်ဆိုခြင်းအခံရဆုံးနှင့် လူသိအများဆုံးကျမ်းများလည်း ဖြစ်သည်။ အချို့ပညာ

ရှင်များက ဇာတ်တော်များသည် ဗုဒ္ဓစာပေအတွက်သာ အကျိုးများသည် မဟုတ်၊ ကမ္ဘာ့စာပေအတွက်ပါ အကျိုးများကြောင်း မှတ်ချက်ပေးကြသည်။ ဇာတ်တော်များအကြောင်းနှင့် ဇာတ်တော်များကို ဟောရခြင်း၏ ရည်ရွယ်ချက်ကိုကောင်းကောင်း သဘောမပေါက်သော အချို့မိုက်မဲသူများက ယုတ္တိယုတ္တာမရှိသောစာပေများအဖြစ် အထင်အမြင်သေးခြင်းသည်များစွာမိုက်ကန်းရာကျကြောင်း ကျွန်ုပ်တို့အနေဖြင့်လည်း မှတ်ချက်ပြုရပေမည်။ အဘယ့်ကြောင့်ဆိုသော် ကလေးငယ်များဘာသာရေး ကိုင်းရှိုင်းမှုနှင့်ကိုယ်ကျင့်တရားပြုပြင်ရေးကိစ္စများမှအစ ပိဋကတ်တော်များ မှခက်ခဲနက်နဲသောသဘောတရားများကိုရှင်းပြရာတွင် ဓမ္မကထိကများ၊ ဗုဒ္ဓစာပေပညာရှင်များကိုယ်တိုင် လက်မလွှတ်နိုင်ကြသေးသောကြောင့် ဖြစ်ပါသည်။

၁၄။ နိဒ္ဒေသပါဠိတော်(ရှင်းလင်းညွှန်ပြချက်များ)

ဤကျမ်းကို အရှင်သာရိပုတ္တရာမထေရ်က သုတ္တနိပါတပါဠိတော်၌ပါရှိပြီးသော အဋ္ဌကဝဂ်လာ၊ကာမသုတ်စသော သုတ်ပေါင်း (၁၆) သုတ်၊ ပါရာယနဝဂ်နှင့်ခဂ္ဂဝိသာဏသုတ်တို့ကို အခြေခံကာ ထပ်မံရှင်းလင်းချက်များဖြင့် ဟောကြားခဲ့သည်။ မူရင်းပါဠိဓမ္မများကို အခြေခံကာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ပရိယာယ်လှယ်ပုဒ်များ စသည်ဖြင့် ဝေဝေဆာဆာ ဖွင့်ဆိုဟောကြားထားသည်။ ဥပမာ-ကာမာဟူသောပုဒ်ကို "ကာမာတိ ဥဒ္ဒါနတော ဒွေကာမာ ဝတ္ထုကာမာစ ကိလေသာကာမာစ"၊ သမိဒ္ဓိတိဟူသောပုဒ်ကို "သမိဒ္ဓိတိတိ ဣဒ္ဓိတိ သမိဒ္ဓိတိ လဘတိ ပဋ္ဌလဘတိ" စသည်ဖြင့်ဟောကြားဖွင့်ဆိုထားသည်။ ပါဠိတော်အဖွင့်ကျမ်းများ (အဋ္ဌကထာကျမ်းများ) ၏ရှေ့ပြေးကျမ်းဟု ဆိုနိုင်မည်ထင်ပါသည်။အချို့ပညာရှင်များက အဘိဓာန်ကျမ်းများ၏ အခြေခံအုတ်မြစ်ဖြစ်သည်ဟု တင်စားကြသည်။ ဤကျမ်းကို မဟာနိဒ္ဒေသနှင့်စူဠနိဒ္ဒေဟူ၍ နှစ်ကျမ်းခွဲ စီစဉ်ထားသည်။

၁၅။ ပဋ္ဌိသမ္ဘိဒါမဂ္ဂပါဠိတော်
(အသေးစိတ်ရှင်းလင်းချက်များ)

ဤကျမ်းကိုလည်း အရှင်သာရိပုတ္တရာမထေရ်ပင်ဟောကြားပြီး မဟာဝဂ်၊ ယုဂနဒ္ဓဝဂ်၊ ပညာဝဂ်အားဖြင့် ဝဂ်သုံးဝဂ်ဖြင့် ဖွဲ့စည်းထားသည်။ တစ်ဝဂ်လျှင် အပိုင်း(ကထာ)ပေါင်း (၁၀)ပိုင်းစီ ပါဝင်သည်။ အမှန်အားဖြင့် ဤကျမ်းသည် သုတ္တန္တပိဋကတွင် ပါဝင်သော်လည်း ဟောပုံဟောနည်းများသည် သုတ္တန်ဟန်ထက်အဘိဓမ္မာဟန် ပိုပေါက်နေသည်။ သုတ္တန်ဟန်ဖြစ်သော အချို့သောကထာများ၏အစတွင် "ဧဝံ မေ သုတံ-ဧကံသမယံ သာဝတ္ထိယံ ဝိဟရတိ" စသည်ဖြင့် နိဒါန်းပျိုးများ ပါဝင်သည်။ ကျမ်း၏ယေဘုယျသဘောကို ခြုံကြည့်ပါက မူတည်ခံတရား ဓမ္မများသည် အဘိဓမ္မာသဘောသဘာဝများဖြစ်သည်ကလွဲလျှင် နိဒ္ဒေသ ပါဠိတော်နှင့် သဘောသွားတူသည်ဟု ဆိုနိုင်ပါသည်။

မဟာဝဂ်တွင် ဉာဏ်၊ အယူ၊ အာနာပါန၊ ဣရိယာပထ၊ ကိလေသာမှ လွတ်မြောက်မှု၊ ပဋ္ဌိသန္ဓေနေခြင်း၊ ကံ၊ ဖောက်ပြန်ခြင်းအမျိုးမျိုး၊ မဂ်၊ အကြည်အမျိုးမျိုးများ။

ယုဂနဒ္ဓဝဂ်တွင် အစုံတွဲ၍ပွားများနည်း၊သစ္စာ၊ဗောဇ္ဈင်၊မေတ္တာ အကြောင်း၊ တပ်ခြင်းကင်းခြင်း၊ ထိုးထွင်း၍သိခြင်း၊ ဓမ္မစက္ကာ၊လောကုတ္တရာတရား၊ ဗိုလ်ငါးပါး၊ ဆိတ်သုဉ်းခြင်းတရားများ။

ပညာဝဂ်တွင် ပညာ၊ တန်ခိုးအမျိုးမျိုး၊ ထိုးထွင်း၍သိခြင်း၊ ကင်းဆိတ်ခြင်း၊ ဖြစ်ခြင်း၊ ပယ်စွန့်ခြင်း၊ ငြိမ်းအေးခြင်းအလေ့၊ သတိပဋ္ဌာန်တရားလေးပါး၊ ဝိပဿနာ၊ မာတိကာ။

ဤသို့လျှင် ဝဂ်ပေါင်း(၃)ဝဂ်၊ အပိုင်း(ကထာ)ပေါင်း (၃၀)တို့ဖြင့် ဖွဲ့စည်းထားသည်။ အထက်ပါတရားဓမ္မများအကြောင်းကို အသေးစိတ်ရှင်း လင်းချက်များ၊ အမေး + အဖြေပုံစံများဖြင့် ထုတ်ဖော်ဟောကြားထားသည်။ ထို့အပြင် ကျမ်း၏အဆုံးတွင် ဤကျမ်း၏ဂုဏ်ရည်အနေဖြင့် အောက်ပါအတိုင်း ညွှန်းဆိုထားသည်။

"အပိုင်းအခြားမရှိ မျှားစွာသောနည်းရှိ သောမဂ်တို့၌ ဤကျမ်းသည် နက်နဲ၏၊ သမုဒ္ဒရာလျှင်ဥပမာရှိ၏၊ ကြယ်တာရာတို့ဖြင့် ပွမ်းသော ကောင်းကင်နှင့်လည်း တူ၏၊ ဇာတသရအိုင်ကြီးနှင့်လည်း တူ၏၊ ပို့ချသူ 'ကထိက'တို့၏ ဉာဏ်ပြန့်ပြောခြင်းငှာ ဖြစ်၏၊ အားထုတ်သူ 'ယောဂီ'တို့၏ ဉာဏ်ကို ထွန်းပြောင်စေတတ်၏ " ။

၁၆+၁၇။ နေတ္တိပါဠိတော်၊ ပေဋကောပဒေသပါဠိတော် (တရားအမှန်နည်းညွှန်ကျမ်းနှင့် ပိဋကတ်ဥပဒေသကျမ်း)

ဤနှစ်ကျမ်းသည် အဋ္ဌကထာဆရာအရှင်မဟာဗုဒ္ဓဃောသ၏ ပါဠိတော်စာရင်းတွင် မပါဝင်သည်ကိုတွေ့ရသည်။ အဋ္ဌကထာဆရာ အရှင်ဓမ္မပါလ၏အလိုရမူ အရှင်မဟာကစ္စာယနမထေရ်ဟောကြား၍ ဘုရားရှင် အနုမောဒနာပြုသောကြောင့် ပါဠိတော်စာရင်းဝင်ပင် ဖြစ်ပါသည်။ ထို့အပြင် ဤကျမ်းတို့ နိဂုံးများတွင် ဟောကြားသူအမည် အတိအလင်းပါဝင်သောကြောင့်လည်းကောင်း၊ နေတ္တိပါဠိတော်၏ နိဂုံးတွင် 'မူလသဏ္ဌိယံ သဏ္ဌိတာ'ဟု ဆိုထားသောကြောင့်လည်းကောင်း ပါဠိတော်စာရင်းတွင်သွင်းယူခြင်းက ပိုမိုသင့်လျော်သည်ဟုယူဆကြသောကြောင့် ပဌမနှင့်ဆဋ္ဌသံဂါယနာများတွင် ပါဠိတော်စာရင်းသွင်းခဲ့ကြဟန်တူသည်။ ဤကျမ်းတို့၏ရည်ရွယ်ရင်းမှာလည်း နိဒ္ဒေသပါဠိတော်၊ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်တို့ကဲ့သို့ပင် ပိဋကတ်တော်ဆိုင်ရာတရားဓမ္မများကို ပိုမိုနားလည်စေရေးဖြစ်ဟန် ရှိပါသည်။

၁၈။ မိလိန္ဒပဉှာပါဠိတော် (မိလိန္ဒမင်း၏ပုစ္ဆာများ)

ဤကျမ်းသည်လည်း အရှင်မဟာဗုဒ္ဓဃောသ၏အလိုရမူ ပါဠိတော်စာရင်းဝင်မဟုတ်ပေ။ သို့သော် အရှင်မဟာဗုဒ္ဓဃောသသည် သူ၏ အဋ္ဌကထာကျမ်းများရေးသားရာတွင် ဤကျမ်းသုံးကျမ်းလုံးမှ အကိုးယူလေ့ရှိသည်ကိုမူ တွေ့ရပေမည်။ အထူးသဖြင့် မိလိန္ဒပဉှာကျမ်းကို ပိုမိုကိုးကားလေ့ရှိသည်။ ပါဠိတော်စာရင်းဝင်အဖြစ် သတ်မှတ်ထားသော်

လည်း ဤကျမ်းသည် မြတ်စွာဘုရားရှင်ပရိနိဗွာန်စံပြီး နှစ်(၅၀၀)ကျော်မှ ပေါ်ပေါက်ခဲ့သော ကျမ်းဖြစ်သည်။ မိလိန္ဒမင်းကြီးမှသူမရှင်းလင်းသော ဗုဒ္ဓဝါဒဆိုင်ရာ အယူအဆမေးခွန်းများကို အရှင်နာဂသေန မထေရ်က ဖြေရှင်းခဲ့ခြင်းဖြစ်သည်။ နောက်ပေါ်ကျမ်းဖြစ်သော်လည်း ဗုဒ္ဓဝါဒ ဆိုင်ရာခဲရာခဲဆစ်တို့ကို ဖြေရှင်းပြထားသောကြောင့် အများလေးစား ခံရသောကျမ်းဖြစ်သည်။ ဤကျမ်းသည် ပါဠိတော်ကျမ်းများတွင် နောက် ဆုံးပေါ် ကျမ်းဖြစ်သော်လည်း ကျမ်း၏ထည်ဝါမှုအရ ဘာသာရေးစာပေ စိတ်ဝင်စားသူများ အလေးထားဖတ်ရှုခံရလေ့ ရှိပြီးမြန်မာနိုင်ငံစာပေ လောကတွင်လည်း ဤကျမ်း၏ ထုတ်နှုတ်ချက်စာအုပ်များကိုလည်း များ စွာတွေ့မြင်ရပေမည်။

* * *

၈။ အဘိဓမ္မာပိဋကကျမ်းများ

ဤပိဋကတော်သည် ပိဋကအမည်အားဖြင့် အဘိဓမ္မာပိဋကဟု အမည်ပေါက်သော်လည်း နိကာယ်အနေဖြင့်မူ ခုဒ္ဒကနိကာယ်ဝင်ကျမ်းများပင် ဖြစ်ပါသည်။ အဘိဓမ္မာဆိုင်ရာ ပါဠိတော်ကျမ်းပေါင် (၇) ကျမ်းရှိသည်။ ၎င်းတို့မှာ -

၁။ ဓမ္မသင်္ဂဏီပါဠိတော်
၂။ ဝိဘင်္ဂပါဠိတော်
၃။ ဓာတုကထာပါဠိတော်
၄။ ပုဂ္ဂလပညတ္တိပါဠိတော်
၅။ ကထာဝတ္ထုပါဠိတော်
၆။ ယမကပါဠိတော်
၇။ ပဋ္ဌာနပါဠိတော်

ဝိနယပိဋက၊ သုတ္တန္တပိဋကများနည်းတူ အဘိဓမ္မာပိဋကအတွက် အဘယ်အရပ်၌ ဟောသည်၊ အဘယ်ပုဂ္ဂိုလ်တို့အားဟောသည် စသောအချက်အလက်တို့ခိုင်ခိုင်လုံလုံမရှိဟု မှတ်ထင်ကြကာ "အဘိဓမ္မာသည်ဘုရားဟောမဟုတ်" ဟုယူဆသူများ ရှေးကပင် ရှိခဲ့ကြောင်းကို အဋ္ဌသာလိနီအဋ္ဌကထာ၊ နိဒါနကထာဖြေရှင်းချက်များ အရသိရသည်။ ရှေးဆရာတော်ကြီးများသည် "အဘိဓမ္မာသည် ဘုရားဟောဖြစ်ကြောင်း" ကို ပါဠိတော်တိုက်ရိုက်အကိုးအကားအနေဖြင့် အောက်ပါပါဠိတော်ကို ထုတ်ဆောင်ကိုးကားလေ့ ရှိကြသည်။

၃၁၇။ ။ ယောက်ျားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် အကြင်အခါ တာဝတိံသာနတ်ပြည် ပင်လယ်က သစ်ပင်ရင်း ပဏ္ဍုကမွှလာ အမည်ရှိသော ကျောက်ဖျာ၌ သီတင်းသုံးတော်မူလေသည်။

၃၁၈။ ။ တစ်သောင်းသောလောကဓာတ်တို့၌(နေကုန်သော) နတ်၊ ဗြဟ္မာတို့သည် စည်းဝေးကုန်၍မြင့်မိုရ်တောင်ထိပ်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားကို ဆည်းကပ်ကြကုန်၏။

(အက္ခိုရပေတဝတ္ထု-၁၆၀၊ ပေတဝတ္ထုပါဠိတော်)

'အဘိဓမ္မာပါဠိတော်သည် ဘုရားဟော မဟုတ်'ဟု အယူရှိသော ဓမ္မကထိကရဟန်းတစ်ပါးကိုရဟန်း တော်တစ်ပါးက ဝိနယပိဋကကို ကောင်းစွာ မသင်ကြားခဲ့ဘူး၍သာ 'အဘိဓမ္မာသည် ဘုရားဟောမဟုတ်' ဟု ယူဆဟန်တူကြောင်း စသည်တို့ကို မိန့်ဆိုတော်မူကာ (အောက်ပါ) ဝိနည်းပါဠိတော်လာ စကားရပ်များအရ ဘုရားဟောဖြစ်ကြောင်းကို ရှင်းလင်းမြွက်ကြားတော်မူခဲ့ဖူးလေသည်။

အကြင်ရဟန်းသည် ကဲ့ရဲ့လို၍မဟုတ်ဘဲ "ငါ့ရှင် တိုက်တွန်းပါ၏၊ သင်သည် သုတ္တန်ကိုလည်းကောင်း၊ ဂါထာတို့ကိုလည်းကောင်း၊ အဘိဓမ္မာကိုလည်းကောင်း (ဝိနည်းမှရှေးဦးစွာ) သင်ယူပါလော့၊ နောက်၌လည်း ဝိနည်းကို သင်ရပေလတ္တံ့" ဟု ဆိုပါက ထိုရဟန်းအား အာပါတ်မသင့်။ **(ပါစိတ္တိယပါဠိတော်၊ ၁၈၉)**

အကြင်ရဟန်းမိန်းမသည် သုတ္တန်ကိုမေးမြန်းရန်အခွင့်တောင်းပြီးလျှင် ဝိနည်းကို ဖြစ်စေ၊ အဘိဓမ္မာကိုဖြစ်စေ မေးမြန်း၏၊ ထိုဘိက္ခုနီမအား ပါစိတ်အာပတ်သင့်၏၊ ဝိနည်းကိုမေးမြန်းရန်ခွင့်တောင်းပြီးလျှက် သုတ္တန်ကိုဖြစ်စေ၊ အဘိဓမ္မာကိုဖြစ်စေ မေးမြန်းအံ့၊ ပါစိတ်အာပတ်သင့်၏။ **(ပါစိတ္တိယပါဠိတော်၊၄၆၀)**

ထို့အပြင် မဟာဂေါသိင်္ဂသုတ်၊မူလပဏ္ဏာသပါဠိတော်လာ စကားရပ်တို့ကိုထောက်ဆ၍လည်း သက်သေပြလေ့ရှိသည်။ အဆိုပါသုတ်တော်တွင် မြတ်စွာဘုရားရှင်က"အဘိဓမ္မာတတ်မြောက်နားလည်သော ရဟန်းတို့သည်သာလျှင် ဓမ္မကထိကအစစ်ဖြစ်ကြောင်း၊ အဘိဓမ္မာ မတတ်မြောက်သော ရဟန်းတို့သည်တရားဟောကုန်သော်လည်းဓမ္မကထိကအစစ်ဟု မဆိုနိုင်ကြောင်း" မိန့်တော်မူပါသည်။

အထက်ပါ ကျမ်းကိုး၊ အထောက်အထားများကို ထောက်ဆ၍ အဘိဓမ္မာသည် ဘုရားဟောအစစ်ဖြစ်ကြောင်း ခိုင်လုံပြီး ဖြစ်ကြောင်း ဆိုကြပါသည်။

၁။ ဓမ္မသင်္ဂဏီပါဠိတော်
(သဘာဝဓမ္မများကို အကျဉ်းချုပ်ဟောကြားချက်များ)

ဤကျမ်းဌ ဖဿစသောတရားများ၊ ပထဝီစသောတရားများ၏ အနက်အဓိပ္ပါယ်တို့ကိုအမျိုးမျိုးသော စကားပရိယာယ်ပုဒ်တို့ဖြင့် ထပ်ဆင့်၍ ဆန်းကြယ်စွာဝေဖန်ဖွင့်ပြဟောကြားတော်မူထားသည်။ ဤကျမ်းဌ ပရမတ္ထဓမ္မများကိုအကျဉ်းပေါင်းချုံး၍ပြသည်ဟုဆိုသော်လည်း အစဉ်အလာသမားရိုးကျ အကျဉ်းပေါင်းချုံးခြင်း မျိုးမဟုတ်၊ တိက(သုံးပုဒ်စု)၊ ဒုက(နှစ်ပုဒ်စု)နည်းတို့ဖြင့် အကျဉ်းချုံးမှုကို ရည်ရွယ်၍သာဆိုခြင်း ဖြစ်ပါသည်။ အဘိဓမ္မာကျမ်းများသည် တစ်ကျမ်းနှင့်တစ်ကျမ်းဆက်စပ်နေသည့်အတွက် ဤကျမ်းသည် အဘိဓမ္မာကျမ်းများ၏ ပင်ရင်းအကျဆုံးနှင့် အရေးကြီးသောကျမ်းလည်း ဖြစ်ပါသည်။

၂။ ဝိဘင်္ဂပါဠိတော်
(ခွဲခြမ်းစိတ်ဖြာနည်းဖြင့် အကျယ်တဝင့်ဟောကြားချက်များ)

ဤကျမ်းကွင် ခန္ဓာစသောတရားတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်း၊ အမေး+အဖြေနည်းတို့ဖြင့် အကျယ်တဝင့် ဟောကြားထားပါသည်။ အမှန်အားဖြင့် ဝိဘင်္ဂပါဠိတော်သည် ဓမ္မသင်္ဂဏီပါဠိတော်ဌဟောအပ်ပြီးသော တရားများကိုပင် ထပ်မံ၍ အကျယ်ချဲ့ကာခွဲခြမ်းစိတ်ဖြာ ဟောကြားခြင်းဖြစ်သည်။ ခန္ဓဝိဘင်း၊ အာယတနဝိဘင်း စသောအားဖြင့် ကဏ္ဍ(၁၈)ပိုင်းဖြင့် ခွဲခြမ်းဟောကြားထားသည်။

၃။ ဓာတုကထာပါဠိတော်
(ဓာတ်သဘောတို့ဖြင့် ဟောကြားချက်များ)

ဤကျမ်းတွင် ခန္ဓာအစ၊ အရဏအဆုံးရှိသော ဓာတ်တရားတို့ကို ပိုင်းခြား၍ ဟောကြားထားပါသည်။

"သင်္ဂဟော အသင်္ဂဟော" စသည်ဖြင့် (၁၄)ပါးသာနယတို့ကို အခြေခံကာ အမေး+အဖြေ ပုံစံဖြင့် ဟောကြားထားပါသည်။ ရဟန်း

တော်များ ပညာရေးလောကတွင် နားလည်ရန်ခက်ခဲသောကျမ်းများရှိရာ "ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ကျမ်းလတ်ဓာတုကထာ" ဟုပြောစမှတ်ရှိကြပါသည်။ 'ကျမ်းလတ်ဓာတုကထာ'ဆိုသည်မှာ ဤဓာတုကထာပါဠိတော်ကို ဆိုခြင်း ဖြစ်ပါသည်။

၄။ ပုဂ္ဂလပညတ္တိပါဠိတော်
(ပုဂ္ဂိုလ်အမျိုးမျိုးဖြင့်ဟောကြားချက်များ)

ဓမ္မသင်္ဂဏီပါဠိတော်စသောကျမ်းတို့၌ ခန္ဓာ စသောတရားတို့ကို ဟောကြားတော်မူပြီးဖြစ်သော်လည်း ပုဂ္ဂိုလ်များအကြောင်းကို အကျယ်တဝင့် ဟောကြားတော်မမူသေးချေ။ ထို့ကြောင့် ဤကျမ်း၌ အကျယ်တဝင့်ဟောကြားတော်မူလေသည်။ ရှေ့လေးကျမ်းဖြင့် သဘာဝဓမ္မတို့ကို သူ့နည်းသူ့ဟန်ဖြင့် ဟောကြားတော်မူခဲ့ပြီးဖြစ်ပေသည်။ သို့သော် ဤသို့ဟောကြားချက်များသည်လည်း လောကဝေါဟာရအသုံးအနှုန်းဖြစ်သော ပညတ်သဘောများနှင့် ကင်းနိုင်မည်မဟုတ်ချေ။ ထို့အပြင် လောကီဘုံအတွင်း၌ဟောကြားခြင်းဖြစ်သဖြင့်လည်း ပုဂ္ဂိုလ်၊ သတ္တဝါ တို့နှင့်မကင်းစကောင်းပေ။ သတ္တဝါဟုပညတ်အပ်သော ပုဂ္ဂိုလ်တို့သည်လည်း စင်စစ်ပရမတ္ထဓမ္မဖြစ်သော ရုပ်နာမ်တို့နှင့် မကင်းနိုင်ချေ။ ထိုကဲ့သို့သော အခြေအနေများကြောင့် ပုဂ္ဂိုလ်သတ္တဝါတို့၏ အမျိုးအစား၊ အဆင့်အတန်း၊ အခြေအနေစသည်တို့ကို ဝေဖန်ရန်လိုနေခြင်းကိစ္စကို ဖြည့်စွက်ပြည့်စုံရန်အတွက် ဤကျမ်းကို ဟောရခြင်း ဖြစ်ပါသည်။

ပုဂ္ဂိုလ်အမျိုးအစားတို့ကို ထုတ်ပြရာတွင် ပုဂ္ဂိုလ်တစ်ဦး အမည် (ဧကပုဂ္ဂလပညတ္တိ) မှပုဂ္ဂိုလ်ဆယ်ဦးအမည် (ဒသကပုဂ္ဂလပညတ္တိ) အထိ စဉ်ထားပြီး ကျမ်း၏ဟန်မှာ အဘိဓမ္မာ၏ ထုံးစံအတိုင်း အမေး+အဖြေ ပုံစံဖြင့်ဖွဲ့စည်းထားပါသည်။ အခြားအဘိဓမ္မာကျမ်းများနှင့်နှိုင်းယှဉ်ကြည့်လျှင် ဤကျမ်းသည်သုတ္တန်ကျမ်းများနှင့်အသွင်သဏ္ဌာန် အနည်းငယ်တူညီပါသည်။ ထူးခြားချက်အနေဖြင့်ဤကျမ်းကိုဟောကြားရာတွင်ဥပမာများကိုမကြာခဏထည့်သွင်းဟောကြားချက်များပါရှိခြင်း ဖြစ်ပါသည်။

ဥပမာအနေဖြင့် "မစင်၊ ပန်း၊ ပျားနှင့်တူသောစကား ရှိသော ပုဂ္ဂိုလ်၊ အိုင်းအမာ၊ လျှပ်စစ်၊ မိုးကြိုးနှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်၊

မိုးတိမ်၊ ကြွက်၊ သရက်သီး၊ အိုး၊ ရေအိုင်၊ နွား၊ မြွေ၊ သစ်ပင်၊ စစ်သည်တော် နှင်တူသောပုဂ္ဂိုလ်စသည်ဖြင့် နှိုင်းယှဉ်ဟောကြားချက်များမှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

ကမ္ဘာကိုတည်စေနိုင်သော 'ဌိတိကပ္ပိပုဂ္ဂိုလ်'ဟူသည်အဘယ်နည်း ?၊ သောတာပတ္တိမဂ္ဂဉာန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုဖို့ရန် ကျင့်ခိုက်လည်းဖြစ်၏၊ ကမ္ဘာသည် မီးလောင်တော့မည့် အချိန်လည်း ဖြစ်၏၊ သောတာပတ္တိဖိုလ်ကိုမျက်မှောက် မပြုနိုင်သေးသမျှ ကာလ အတွင်းမီးမလောင်နိုင်၊ ဤပုဂ္ဂိုလ်ကို ကမ္ဘာကို တည်စေနိုင်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ ထို့အတူ မဂ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်အားလုံးလည်း ကမ္ဘာကိုတည်စေနိုင်သောပုဂ္ဂိုလ်တို့ဟူ၍ ဆိုအပ်၏။

၅။ ကထာဝတ္ထုပါဠိတော်
(ဝါဒရေးရာဖြေရှင်းချက်များ)

ဤကျမ်းကို ဗုဒ္ဓမြတ်စွာပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း (၂၁၈) နှစ် အသောကမင်းကြီးလက်ထက်၊ တတိယသံဂါယနာခေတ် ရောက်သော အခါမှ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်က ဟောကြားခဲ့ခြင်း ဖြစ်သည်။ တတိယသံဂါယနာပွဲတွင် မထေရ်မြတ်နှင့်အသောကမင်းကြီး တို့တိုင်ပင်ပြီး ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် အရောရောအနှောနှော ဖြစ်နေသော အယူဆအမှားများကိုသန့်စင်ရေးကိစ္စသည် ဤကျမ်းဖြစ်ပေါ်လာရခြင်း၏အကြောင်းရင်းပင် ဖြစ်ပေသည်။ ဤကျမ်းကို နောက်ပေါ်ကျမ်းဖြစ်ခြင်းကြောင့် အဘိဓမ္မာပိဋကတွင်မထည့်သွင်းသင့်ကြောင်း အငြင်းပွားဖွယ်ကြသည်ဟုဆိုပါသည်။ သို့သော် မထေရ်သည် မိမိအာဘော် ဖြင့်ဟောခြင်းမဟုတ်ဘဲမြတ် ဗုဒ္ဓထားတော်မူခဲ့သည့် မာတိကာကိုအခြေခံကာ ဟောတော်မူခြင်းဖြစ်သည်။ ထို့အပြင် ဤကျမ်းကို ဟောလိမ့်မည် ဖြစ်ကြောင်းမြတ်ဗုဒ္ဓ၏စကားရှိခဲ့သည်ဟုလည်း ဆိုပါသည်။ထိုအကြောင်း ပြချက်နှစ်ချက်ကြောင့် ယခုအချိန်အထိ အဘိဓမ္မာပိဋက စာရင်းဝင် ကျမ်းအဖြစ် လက်ခံထားကြဆဲ ရှိပါသည်။

မည်သို့ပင်ဖြစ်စေ ဤကျမ်းသည် ဗုဒ္ဓသာသနာတော်အတွင်း ပေါ်ပေါက်ခဲ့သော အယူအဆအမှားများ၊ ဂိုဏ်းကွဲများသမိုင်းကြောင်းနှင့် ပတ်သက်လျှင် တန်ဖိုးဖြတ်မရသော ကျမ်းတစ်ကျမ်း ဖြစ်ပါသည်။ ဤ

ကျမ်းကို အဖွင့်ကျမ်း(အဋ္ဌကထာ)နှင့် တွဲဖက်လေ့လာလျှင် ပိုမိုပြည့်စုံနိုင်ပါမည်။ အချို့ပညာရှင်များက ဂိုဏ်းကွဲများနှင့်ပတ်သက်လျှင် ဤကျမ်းကို တိုတက်၊ တရုတ်မှတ်တမ်းများနှင့် ပေါင်းစပ်လေ့လာပါက ပိုမိုတန်ဖိုးရှိကြောင်း မှတ်ချက်ပေးကြပါသည်။

၆။ ယမကပါဠိတော်

(စုံတွဲနည်းတို့ဖြင့် ဟောကြားချက်များ)

ဤကျမ်းတွင် မေးခွန်းအားလုံးကိုနှစ်နည်းလှည့်မေး၍ နှစ်နည်းလှည့်ဖြေထားသည့်အတွက်အစုံ(ယမက) ဟူသောအမည်ကိုရခြင်း ဖြစ်သည်။ ဥပမာ-

(က) ကုသိုလ်မည်သောတရားအားလုံးသည် ကုသိုလ်မူလမည်သလော?
(အမေးအားလျှော်စွာဖြေ)

(ခ) ကုသိုလ်မူလမည်သောတရားအားလုံးသည် ကုသိုလ်မည်သလော?
(အမေးအားလျှော်စွာဖြေ)

ယင်းယမိုက်ပါဠိတော်ကျမ်းဌ -

၁။ မူလယမိုက်	၂။ ခန္ဓယမိုက်
၃။ အာယတနယမိုက်	၄။ ဓာတုယမိုက်
၅။ သစ္စယမိုက်	၆။ သင်္ခါရယမိုက်
၇။ အနုသယယမိုက်	၈။ စိတ္တာယမိုက်
၉။ ဓမ္မယမိုက်	၁၀။ ဣန္ဒြိယယမိုက်

ဟူ၍ ယမက(၁၀)မျိုးဖြင့်ခွဲခြမ်းစိတ်ဖြာ၍ ဟောတော်မူသည်။ ဤယမက(၁၀)မျိုးမှ အခြားသောတရားဓမ္မများသည်လည်း ယမကဖြစ်သင့်သေးလျှက် အဘယ့်ကြောင့် ထည့်သွင်းဟောတော် မမူပါသနည်း? စသော မေးခွန်းများကို မစ္စ်ရိုက်ဒေးဗစ် (လန်ဒန်ပါဠိဒေဝီ) မှလယ်တီဆရာတော် အားမေးလျှောက်ခဲ့၍ ဆရာတော်မှ ဖြေဆိုခဲ့ရဖူးသည်။

၇။ ပဋ္ဌာနပါဠိတော်

(အကြောင်းအမျိုးမျိုးဆက်တို့ဖြင့် ဟောကြားချက်များ)

ဤကျမ်းတွင် ရုပ်အချင်းချင်း၊ နာမ်အချင်းချင်း၊ ရုပ်နှင့်နာမ်တို့၏ ဆက်သွယ်ပုံတို့ကို မူလဇစ်မြစ်အကြောင်းရင်းအဖြစ်ဖြင့် ဆက်သွယ်

ကျေးဇူးပြုပုံ(ဟေတုပစ္စယော)၊အာရုံ+အာရမ္မဏိကအဖြစ်ဖြင့် ဆက်သွယ်ကျေးဇူးပြုပုံ (အာရမ္မဏပစ္စယော)စသည်ဖြင့် (၂၄)မျိုးသော အကြောင်းဆက်တို့ဖြင့် ဝေဖန်ဟောကြားတော်မူထားပါသည်။ မြတ်ဗုဒ္ဓသည် ဘုရားအဖြစ်သို့ရောက်ပြီးစအချိန်တွင် အဘိဓမ္မာ(၇)ကျမ်းကို သုံးသပ်ဆင်ခြင်ရာ ရှေပိုင်းကျမ်းများတွင် ခန္ဓာကိုယ်တော်မှ ရောင်ခြည်တော်များထွက်တော်မမူဘဲ ဤပဋ္ဌာန်းကျမ်းကြီး ရောက်သောအခါမှသာ ရောင်ခြည်တော်များ ထွက်ခဲ့သည်ဟု အဆိုရှိပါသည်။

(ယခုခေတ်တွင် အဘိဓမ္မာဆိုင်ရာကျမ်းတို့ကို လေ့လာထိန်းသိမ်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ထိပ်တန်းနေရာတွင်ရှိပါသည်။ ပုဂံခေတ်မှ စတင်၍ ခေတ်အဆက်ဆက်လေ့လာခဲ့ကြရာ ကုန်းဘောင်ခေတ်ဦးမှ စတင်ကာ နောက်ပိုင်းခေတ်များတွင် ပိုမိုအားကောင်းခဲ့သည်။ ကုန်းဘောင်ခေတ်ဦးပိုင်းမှစ၍ ပြုစုခဲ့ကြသော အဘိဓမ္မာဆိုင်ရာ အထွေထွေကျမ်းပေါင်း (၃၃၃)ကျမ်းကျော်ရှိကြောင်း သိရသည်။ အဘိဓမ္မာလေ့လာမှုနှင့်ပတ်သက်လာလျှင် မြန်မာနိုင်ငံသည် နိုင်ငံတကာမှ လေးစားရသောဌာနဖြစ်ကြောင်းကို အသိအမှတ်ပြုထားကြလေသည်။)

* * *

ပါဠိတော်ကျမ်းများနောက် ပေါ်ပေါက်ခဲ့သော အဖွင့်ကျမ်းအမျိုးမျိုး

ထုံးစံအတိုင်း မူရင်းကျမ်းထက်အဖွင့်ကျမ်းတို့က ပိုမို များပြား လေ့ရှိရာ ကျွန်ုပ်တို့၏ဗုဒ္ဓစာပေတွင်လည်း အဖွင့်ကျမ်းများသည် အရေအတွက်ရော၊ အမျိုးစားပါများပြားလှကြောင်း တွေ့ရပေမည်။ အဖွင့်ကျမ်းအမျိုးစားများမှာ အဌကထာ၊ ဋီကာ၊ အနုဋီကာ၊ မဓုစသည်ဖြင့် များပြားလှသော်လည်း အရေးကြီးဆုံးနှင့်အလေးစားခံရဆုံး အမျိုးစားများမှာ အဌကထာနှင့် ဋီကာကျမ်းတို့ဖြစ်သည်။ အဌကထာဟူသည်မှာ မူရင်းပါဠိတော်များကို နားလည်ရန်အတွက် ဖွင့်ပြထားသောကျမ်းအမျိုးစားဖြစ်၍ဋီကာဟူသည်မှာ အဌကထာအဖွင့်ကျမ်းများကိုပင် လိုအပ်၍ဆက်လက်ဖွင့်ပြသော ကျမ်းအမျိုးစား ဖြစ်ပါသည်။အဌကထာ ကျမ်းကို ဖွင့်ပြသောကျမ်းဖြစ်သော်လည်း မူရင်းရည်ရွယ်ချက်မှာ ပါဠိတော်ကိုပင် နားလည်ရေးရွယ်ချက်ဖြစ်သဖြင့် ပါဠိတော်၏အဖွင့်ကျမ်းဟုသာ ဆိုမည်က ဆိုနိုင်သည်။

အဖွင့်ကျမ်းအမျိုးမျိုးတို့တွင် ဦးဆုံး ပေါ်ပေါက်လာသော အဖွင့်ကျမ်းအမျိုးစားမှာ အဋ္ဌကထာကျမ်းတို့ ဖြစ်လေသည်။ အဖွင့်ကျမ်းများသည် ရှေးယခင်ကပင် ရှိခဲ့သော်လည်း မြိုင်မြိုင်ဆိုင်ဆိုင်နှင့်များများစားစားပေါ်ပေါက်ခဲ့သောကာလမှာ အေဒီ ၅ ရာစုနှင့်နှောင်းပိုင်းကာလတို့ ဖြစ်သည်။ အဆိုပါရာစုများတွင် အဖွင့်ကျမ်းဆရာကြီးများပေါ်ပေါက်ခဲ့ပြီးယနေ့အချိန်အထိမထေရ်ကြီးတို့၏ စာပေလက်ရာများ၊ အရှိန်အဝါများကို တန်ဖိုးထားခံနေရဆဲ ရှိပါသည်။ ထင်ရှားသော အဖွင့်ကျမ်းဆရာကြီးအချို့မှာ -

၁။ အရှင်မဟာဗုဒ္ဓယောသ (အေဒီ ၅ ရာစု)
၂။ အရှင်ဗုဒ္ဓဒတ္တ (အေဒီ ၅ ရာစု)
၃။ အာစရိယဓမ္မပါလ (အေဒီ ၆ရာစု နှောင်းပိုင်း)
၄။ အရှင်အာနန္ဒာ (အေဒီ ၇ ရာစုနောက်ပိုင်း)
၅။ အရှင်သာရိပုတ္တရာ (အေဒီ ၁၂ ရာစုနှောင်းပိုင်း)

စသူတို့ ဖြစ်သည်။

ဤအဖွင့်ကျမ်းဆရာကြီးများနှင့် ပတ်သက်၍ထူးခြားချက်တစ်ခုမှာ ထင်ရှားသော အဖွင့်ကျမ်းဆရာကြီး အများစုသည် အိန္ဒိယနိုင်ငံသားများဖြစ်ပြီး သီဟိုဠ်ကျွန်း၌ အဖွင့်ကျမ်းများ ရေးသားခြင်း (သို့မဟုတ်) သီဟိုဠ်ကျွန်း၌ ပညာများလေ့လာသင်ကြားပတ်သက်ခဲ့ကြခြင်းတို့ ဖြစ်သည်။ ထိုခေတ်များတွင်ထေရဝါဒပိဋကတ်စာပေသည်အိန္ဒိယနိုင်ငံထက် သီဟိုဠ်ကျွန်းက ပိုမိုပြည့်စုံခြင်းကြောင့်ဟု ဆိုပါသည်။ မည်သို့ပင်ဆိုစေ အဆိုပါဆရာကြီးများ၏စာပေလက်ရာများကြောင့် ထေရဝါဒမီးရှူးတိုင်သည် ပိုမိုထွန်းလင်းခဲ့သည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံ၊ဆဋ္ဌသံဂါယနာမူအရအဋ္ဌကထာအဖွင့်ကျမ်းပေါင်း (၅၁)ကျမ်းနှင့် ဋီကာအဖွင့်ကျမ်းပေါင်း (၂၆)ကျမ်း ရှိပါသည်။ ထို ဆဋ္ဌမူမှအခြားသော အဖွင့်ကျမ်းပေါင်းမြောက်များစွာလည်း ရှိပါသေးသည်။

အဖွင့်ကျမ်းများ၏ သဘောသဘာဝနှင့်လိုအပ်ချက်ကို ကောင်းစွာနားမလည်သူအချို့က မေးခွန်းအမျိုးမျိုးထုတ်လေ့ ရှိသော်လည်း ဗုဒ္ဓစာပေပညာရှင်အများစုက အောက်ပါအတိုင်း မှတ်ချက်ပေး လက်ခံ

လေ့ရှိသည်။ "အဖွင့်ကျမ်းများကိုမေ့ထားလျှင်ဗုဒ္ဓဘာသာ၏ အနှစ်သာရနှင့် အဘိဓမ္မာလမ်းကြောင်းဆိုင်ရာ အဖြစ်အပျက်မှန် မြင်ကွင်းအချက်အလက်များကို ဆုံးရှုံးခံရမည်ဖြစ်ကြောင်း၊ဓမ္မဆိုင်ရာရှင်းလင်းပုံရှင်းလင်းနည်းများအနက် တစ်ခုခုကို လက်လွှတ်ဆုံးရှုံးရမည်ဖြစ်ကြောင်း၊ အဖွင့်ကျမ်းများမှတဆင့် ရှေးခေတ်အိန္ဒိယ၊သီဟိုဠ်နိုင်ငံတို့၏ လူမှုရေး၊ ဘာသာရေး၊ သမိုင်း၊ ဒဿနထင်ဟပ်ချက်တို့ကို တွေ့မြင်ရမည်ဖြစ်ကြောင်း" စသည်ဖြင့် သတိပေးလေ့ ရှိပါသည်။ ။

* * *

နောက်ဆက်တွဲ

က။ ပါဠိတော်ကျမ်းများစာရင်း

စဉ်	ကျမ်းအမည်	ပိဋကအမည်	နိကာယအမည်	သင်္ကေတ
၁။	ပါရာဇိကကဏ္ဍပါဠိ	ဝိနယပိဋက	ခုဒ္ဒကနိကာယ	ဝိ၊ ၁။
၂။	ပါစိတ္တိယပါဠိ	။	။	ဝိ၊ ၂။
၃။	မဟာဝဂ္ဂပါဠိ	။	။	ဝိ၊ ၃။
၄။	စူဠဝဂ္ဂပါဠိ	။	။	ဝိ၊ ၄။
၅။	ပရိဝါရပါဠိ	။	။	ဝိ၊ ၅။
၆။	သီလက္ခန္ဓဝဂ္ဂပါဠိ	သုတ္တန္တပိဋက	ဒီဃနိကာယ	ဒီ၊ ၁။
၇။	မဟာဝဂ္ဂပါဠိ	။	။	ဒီ၊ ၂။
၈။	ပါထိကဝဂ္ဂပါဠိ	။	။	ဒီ၊ ၃။
၉။	မူလပဏ္ဏာသပါဠိ	။	မဇ္ဈိမနိကာယ	မ၊ ၁။
၁၀။	မဇ္ဈိမပဏ္ဏာသပါဠိ	။	။	မ၊ ၂။
၁၁။	ဥပရိပဏ္ဏာသပါဠိ	။	။	မ၊ ၃။
၁၂။	သဂါထာဝဂ္ဂ၊ နိဒါနဝဂ္ဂသံယုဂ်ပါဠိ	။	သံယုတ္တနိကာယ	သံ၊ ၁။
၁၃။	ခန္ဓဝဂ္ဂိ၊ သဠာယတနဝဂ္ဂသံယုဂ်ပါဠိ	။	။	သံ၊ ၂။
၁၄။	မဟာဝဂ္ဂသံယုတ်ပါဠိ	။	။	သံ၊ ၃။

၁၅။	အင်္ဂုတ္တရပါဠိ(၀)	။	အင်္ဂုတ္တရနိကာယ	အံ၊ ၁။
၁၆။	အင်္ဂုတ္တရပါဠိ (၃)	။	။	အံ၊ ၂။
၁၇။	အင်္ဂုတ္တရပါဠိ (တ)	။	။	အံ၊ ၃။
၁၈။	(က) ခုဒ္ဒကပါဠိ	။	ခုဒ္ဒကနိကာယ	ခုဒ္ဒက
	(ခ) ဓမ္မပဒပါဠိ	။	။	ဓမ္မပဒ
	(ဂ) ဥဒါနပါဠိ	။	။	ဥဒါန
	(ဃ)ဣတိဝုတ္တကပါဠိ	။	။	ဣတိဝုတ္တက
	(င)သုတ္တနိပါတပါဠိ	။	။	သုတ္တနိ
၁၉။	(က)ဝိမာနဝတ္ထုပါဠိ	။	။	ဝိမာန
	(ခ)ပေတဝတ္ထုပါဠိ	။	။	ပေတ
	(ဂ)ထေရဂါထာပါဠိ	။	။	ထေရ
	(ဃ)ထေရီဂါထာပါဠိ	။	။	ထေရီ
၂၀။	အပဒါနပါဠိ(၀)	။	။	အပ၊ ၁။
၂၁။	(က)အပဒါနပါဠိ(၃)	။	။	အပ၊ ၂။
	(ခ)ဗုဒ္ဓဝံသပါဠိ	။	။	ဗုဒ္ဓဝံသ
	(ဂ)စရိယာပိဋကပါဠိ	။	။	စရိယာ
၂၂။	မဟာနိဒ္ဒေသပါဠိ	။	။	မဟာနိ
၂၃။	စူဠနိဒ္ဒေသပါဠိ	။	။	စူဠနိ
၂၄။	ဇာတကပါဠိ (၀)	။	။	ဇာ၊ ၁။
၂၅။	ဇာတကပါဠိ(၃)	။	။	ဇာ၊ ၂။
၂၆။	ပဋိသမ္ภိဒါမဂ္ဂပါဠိ	။	။	ပဋိသံ
၂၇။	(က)နေတ္တိပါဠိ	။	။	နေတ္တိ
	(ခ)ပေဋကောပဒေသပါဠိ	။	။	ပေဋကော
၂၈။	မိလိန္ဒပဉ္ဟာပါဠိ	။	။	မိလိန္ဒ
၂၉။	ဓမ္မသင်္ဂဏီပါဠိ	အဘိဓမ္မပိဋက	။	အဘိ၊ ၁။
၃၀။	ဝိဘင်္ဂပါဠိ	။	။	အဘိ၊ ၀။
၃၁။	(က)ဓာတုကထာပါဠိ	။	။	ဓာတုကထာ
	(ခ)ပုဂ္ဂလပညတ္တိပါဠိ	။	။	အဘိ၊ ပု။

၃၂။	ကထာဝတ္ထုပါဋိ	။	။	အဘိ၊က။
၃၃။	ယမကပါဋိ(ပ)	။	။	ယမက၊ ၁။
၃၄။	ယမကပါဋိ (ဒု)	။	။	ယမက၊ ၂။
၃၅။	ယမကပါဋိ(တ)	။	။	ယမက၊ ၃။
၃၆။	ပဋ္ဌာနပါဋိ(ပ)	။	။	ပဋ္ဌာန၊ ၁။
၃၇။	ပဋ္ဌာနပါဋိ(ဒု)	။	။	ပဋ္ဌာန၊ ၂။
၃၈။	ပဋ္ဌာနပါဋိ (တ)	။	။	ပဋ္ဌာန၊ ၃။
၄၉။	ပဋ္ဌာနပါဋိ(စ)	။	။	ပဋ္ဌာန၊ ၄။
၄၀။	ပဋ္ဌာနပါဋိ(မ)	။	။	ပဋ္ဌာန၊ ၅။

* * *

၈။ အဋ္ဌကထာအပွင့်ကျမ်းများစာရင်း

စဉ်	ကျမ်းအမည်	ကျမ်းပြုဆရာ	သင်္ကေတ
၁။	ပါရာဇိကဏ်အဋ္ဌကထာ (သမန္တပါသာဒိကာအဋ္ဌကထာ)	အရှင်မဟာဗုဒ္ဓဃောသ	ဝိ၊ဋ္ဌ၊၁။
၂။	ပါစိတျာဒိအဋ္ဌကထာ (သမန္တပါသာဒိကာအဋ္ဌကထာ)	။	ဝိ၊ဋ္ဌ၊၂။
၃။	စူဋ္ဌဝဂ္ဂါဒိအဋ္ဌကထာ (သမန္တပါသာဒိကာအဋ္ဌကထာ)	။	ဝိ၊ဋ္ဌ၊၃။
၄။	ပါတိမောက်အဋ္ဌကထာ (ကခ်ါဝိတရဏီအဋ္ဌကထာ)	။	ကခ်ါ၊ဋ္ဌ။
၅။	ဝိနယသင်္ဂဟအဋ္ဌကထာ (ပါဋိမုတ္တကဝိနိစ္ဆယသင်္ဂဟအဋ္ဌကထာ)	အရှင်သာရိပုတ္တရာ	ဝိ၊သင်္ဂဟ။
၆။	သီလက္ခန်အဋ္ဌကထာ (သုမင်္ဂလဝိလာသိနီအဋ္ဌကထာ)	အရှင်မဟာဗုဒ္ဓဃောသ	ဒီ၊ဋ္ဌ၊၁။
၇။	မဟာဝဂ္ဂအဋ္ဌကထာ (သုမင်္ဂလဝိလာသိနီအဋ္ဌကထာ)	။	ဒီ၊ဋ္ဌ၊၂။
၈။	ပါထိကအဋ္ဌကထာ (သုမင်္ဂလဝိလာသိနီအဋ္ဌကထာ)	။	ဒီ၊ဋ္ဌ၊၃။

၉။	မူလပဏ္ဏာသအဋ္ဌကထာ(ပ) (ပပဉ္စသူဒနီအဋ္ဌကထာ)	။	မဋ္ဌ၊၁။
၁၀။	မူလပဏ္ဏာသအဋ္ဌကထာ(၃) (ပပဉ္စသူဒနီအဋ္ဌကထာ)	။	မဋ္ဌ၊၂။
၁၁။	မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ (ပပဉ္စသူဒနီအဋ္ဌကထာ)	။	မဋ္ဌ၊၃။
၁၂။	ဥပရိပဏ္ဏာသအဋ္ဌကထာ (ပပဉ္စသူဒနီအဋ္ဌကထာ)	။	မဋ္ဌ၊၄။
၁၃။	သံယုဇ်အဋ္ဌကထာ(ပ) (သာရတ္ထပ္ပကာသနီအဋ္ဌကထာ)	။	သံဋ္ဌ၊၁။
၁၄။	သံယုဇ်အဋ္ဌကထာ(၃) (သာရတ္ထပ္ပကာသနီအဋ္ဌကထာ)	။	သံဋ္ဌ၊၂။
၁၅။	သံယုဇ်အဋ္ဌကထာ(တ)	။	သံဋ္ဌ၊၃။
၁၆။	အင်္ဂုတ္တရအဋ္ဌကထာ(ပ) (မနောရထပူရဏီအဋ္ဌကထာ)	။	အံဋ္ဌ၊၁။
၁၇။	အင်္ဂုတ္တရအဋ္ဌကထာ(၃) (မနောရထပူရဏီအဋ္ဌကထာ)	။	အံဋ္ဌ၊၂။
၁၈။	အင်္ဂုတ္တရအဋ္ဌကထာ(တ) (မနောရထပူရဏီအဋ္ဌကထာ)	။	အံဋ္ဌ၊၃။
၁၉။	ခုဒ္ဒကပါဋဌအဋ္ဌကထာ (ပရမတ္ထဇောတိကာအဋ္ဌကထာ)	။	ခုဒ္ဒကဋ္ဌ။
၂၀။	ဓမ္မပဒအဋ္ဌကထာ(ပ) (ပရမတ္ထဇောတိကာအဋ္ဌကထာ)	။	ဓမ္မဋ္ဌ၊၁။
၂၁။	ဓမ္မပဒအဋ္ဌကထာ(၃) (ပရမတ္ထဇောတိကာအဋ္ဌကထာ)	။	ဓမ္မဋ္ဌ၊၂။
၂၂။	ဥဒါနအဋ္ဌကထာ (ပရမတ္ထဒီပနီအဋ္ဌကထာ)	အရှင်ဓမ္မပါလ	ဥဒါနဋ္ဌ။
၂၃။	ဣတိဝုတ္တကအဋ္ဌကထာ (ပရမတ္ထဒီပနီအဋ္ဌကထာ)	။	ဣတိဝုတ္တဋ္ဌ။

၂၄။	သုတ္တနိပါတအဋ္ဌကထာ(ပ) (ပရမတ္ထဇောတိကာအဋ္ဌကထာ)	အရှင်မဟာဗုဒ္ဓယောသ	သုတ္တနိ၊ဋ္ဌ၊၁။
၂၅။	သုတ္တနိပါတအဋ္ဌကထာ(ဒု) (ပရမတ္ထဇောတိကာအဋ္ဌကထာ)	။	သုတ္တနိ၊ဋ္ဌ၊၂။
၂၆။	ဝိမာနဝတ္ထုအဋ္ဌကထာ (ပရမတ္ထဒီပနီအဋ္ဌကထာ)	အရှင်ဓမ္မပါလ	ဝိမာန၊ဋ္ဌ။
၂၇။	ပေတဝတ္ထုအဋ္ဌကထာ (ပရမတ္ထဒီပနီအဋ္ဌကထာ)	။	ပေတ၊ဋ္ဌ။
၂၈။	ထေရဂါထာအဋ္ဌကထာ(ပ) (ပရမတ္ထဒီပနီအဋ္ဌကထာ)	။	ထေရ၊ဋ္ဌ၊၁။
၂၉။	ထေရဂါထာအဋ္ဌကထာ(ဒု) (ပရမတ္ထဒီပနီအဋ္ဌကထာ)	။	ထေရ၊ဋ္ဌ၊၂။
၃၀။	ထေရီအဋ္ဌကထာ (ပရမတ္ထဒီပနီအဋ္ဌကထာ)	။	ထေရီ၊ဋ္ဌ။
၃၁။	အပဒါနအဋ္ဌကထာ(ပ) (ဝိသုဒ္ဓဇနဝိလာသိနီအဋ္ဌကထာ)	(အမည်မသိ)	အပ၊ဋ္ဌ၊၁။
၃၂။	အပဒါနအဋ္ဌကထာ(ဒု) (ဝိသုဒ္ဓဇနဝိလာသိနီအဋ္ဌကထာ)	။	အပ၊ဋ္ဌ၊၂။
၃၃။	ဗုဒ္ဓဝံသအဋ္ဌကထာ (မधုရတ္ထဝိလာသိနီအဋ္ဌကထာ)	အရှင်ဗုဒ္ဓဒတ္တ	ဗုဒ္ဓဝံ၊ဋ္ဌ။
၃၄။	စရိယာပိဋကအဋ္ဌကထာ (ပရမတ္ထဒီပနီအဋ္ဌကထာ)	အရှင်ဓမ္မပါလ	စရိယာ၊ဋ္ဌ။
၃၅။	ဇာတကအဋ္ဌကထာ(ပ)	အရှင်မဟာဗုဒ္ဓယောသ	ဇာ၊ဋ္ဌ၊၁။
၃၆။	ဇာတကအဋ္ဌကထာ(ဒု)	။	ဇာ၊ဋ္ဌ၊၂။
၃၇။	ဇာတကအဋ္ဌကထာ(တ)	။	ဇာ၊ဋ္ဌ၊၃။
၃၈။	ဇာတကအဋ္ဌကထာ(စ)	။	ဇာ၊ဋ္ဌ၊၄။
၃၉။	ဇာတကအဋ္ဌကထာ(မ)	။	ဇာ၊ဋ္ဌ၊၅။
၄၀။	ဇာတကအဋ္ဌကထာ(ဆ)	။	ဇာ၊ဋ္ဌ၊၆။

၄၁။	ဇာတကအဋ္ဌကထာ(သ)	။	ဇာ၊ဋ္ဌ၊၇။
၄၂။	မဟာနိဒ္ဒေသအဋ္ဌကထာ (သဒ္ဓမ္မပ္ပဇ္ဇောတိကာအဋ္ဌကထာ)	အရှင်ဥပသေန	မဟာနိ ၂။
၄၃။	(က)စူဠနိဒ္ဒေသအဋ္ဌကထာ (သဒ္ဓမ္မပ္ပဇ္ဇောတိကာအဋ္ဌကထာ)	။	စူဠနိ၊ဋ
၄၄။	(ခ)နေတ္တိအဋ္ဌကထာ (သဒ္ဓမ္မပ္ပဇ္ဇောတိကာအဋ္ဌကထာ)	အရှင်ဓမ္မပါလ	နေတ္တိ၊ဋ
၄၅။	ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ(ပ) (သဒ္ဓမ္မပ္ပကာသိနီအဋ္ဌကထာ)	အရှင်မဟာနာမ	ပဋိသံ၊ဋ္ဌ၊၁။
၄၆။	ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ(ဒု) (သဒ္ဓမ္မပ္ပကာသိနီအဋ္ဌကထာ)	။	ပဋိသံ၊ဋ္ဌ၊၂။
၄၇။	ဓမ္မသင်္ဂဏီအဋ္ဌကထာ (အဋ္ဌသာလိနီအဋ္ဌကထာ)	အရှင်မဟာဗုဒ္ဓယောသ	အဘိ၊ဋ္ဌ၊၁။
၄၈။	ဝိဘင်္ဂအဋ္ဌကထာ (သမ္မောဟဝိနောဒနီအဋ္ဌကထာ)	။	အဘိ၊ဋ္ဌ၊၂။
၄၉။	ပဋ္ဌာနကရဏအဋ္ဌကထာ	။	အဘိ၊ဋ္ဌ၊၃။
၅၀။	ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(ပ)	။	ဝိသုဒ္ဓိ၊ဋ္ဌ၊၁။
၅၁။	ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(ဒု)	။	ဝိသုဒ္ဓိ၊ဋ္ဌ၊၂။

* * *

၈။ ဌီကာအပွင့်ကျမ်းများစာရင်း

စဉ်	ကျမ်းအမည်	ကျမ်းပြုဆရာ	သင်္ကေတ
၉။	ဝဇိရဗုဒ္ဓိဌီကာ	အရှင်ဝဇိရဗုဒ္ဓိ	ဝဇိရ။
၂။	သာရတ္ထဒီပနီဌီကာ(ပ)	အရှင်သာရိပုတ္တရာ	သာရတ္ထ၊၁။
၃။	သာရတ္ထဒီပနီဌီကာ(ဒု)	။	သာရတ္ထ၊၂။
၄။	သာရတ္ထဒီပနီဌီကာ(တ)	။	သာရတ္ထ၊၃။
၅။	ဝိမတိဝိနောဒနီဌီကာ	အရှင်စောဋ္ဌိယကဿပ	ဝိမတိ၊၁။
၆။	ဝိမတိဝိနောဒနီဌီကာ	။	ဝိမတိ၊၂။
၇။	သီလက္ခန်ဌီကာ(ဟောင်း) (လီနတ္ထပ္ပကာသနာဌီကာ)	အရှင်ဓမ္မပါလ	ဒီ၊ဌီ၊၁။
၈။	သီလက္ခန်ဌီကာ(သစ်) (သာဓုဇနဝိလာသိနီဌီကာ)	မောင်းထောင်သာသနာပိုင်	သီ၊ဌီ၊သစ်၊၁။
၉။	သီလက္ခန်ဌီကာ(သစ်) (သာဓုဇနဝိလာသိနီဌီကာ)	။	သီ၊ဌီ၊သစ်၊၂။

၁၀။	သုတ်မဟာဝါဠိကာ (လိနတ္ထပကာသနာဋီကာ)	အရှင်ဓမ္မပါလ	ဒီ၊ဋီ၊၂။
၁၁။	ပါထိကဋီကာ (လိနတ္ထပကာသနာဋီကာ)	။	ဒီ၊ဋီ၊၃။
၁၂။	မူလပဏ္ဏာသဋီကာ(၀) (လိနတ္ထပကာသနာဋီကာ)	။	မ၊ဋီ၊၁။
၁၃။	မူလပဏ္ဏာသဋီကာ(၃) (လိနတ္ထပကာသနာဋီကာ)	။	မ၊ဋီ၊၂။
၁၄။	မဇ္ဈိမနိဒ္ဒေသပရိပဏ္ဏာသဋီကာ (လိနတ္ထပကာသနာဋီကာ)	။	မ၊ဋီ၊၃။
၁၅။	သံယုတ္တဋီကာ(၀) (လိနတ္ထပကာသနာဋီကာ)	။	သံ၊ဋီ၊၁။
၁၆။	သံယုတ္တဋီကာ(၃)	။	သံ၊ဋီ၊၂။
၁၇။	အင်္ဂုတ္တရဋီကာ(၀) (သာရတ္ထမဉ္ဇူသာဋီကာ)	အရှင်သာရိပုတ္တရာ	အံ၊ဋီ၊၁။
၁၈။	အင်္ဂုတ္တရဋီကာ(၃) (သာရတ္ထမဉ္ဇူသာဋီကာ)	။	အံ၊ဋီ၊၂။
၁၉။	အင်္ဂုတ္တရဋီကာ(တ) (သာရတ္ထမဉ္ဇူသာဋီကာ)	။	အံ၊ဋီ၊၃။
၂၀။	ဓမ္မသင်္ဂဏိမူလဋီကာ(၀) ဓမ္မသင်္ဂဏိအနုဋီကာ(၀)	အရှင်သာရိပုတ္တရာ အရှင်အာနန္ဒာ	မူ၊ဋီ၊၁။ အနု၊ဋီ၊၁။
၂၁။	ဝိဘင်္ဂမူလဋီကာ(၃) ဝိဘင်္ဂအနုဋီကာ(၃)	အရှင်သာရိပုတ္တရာ အရှင်အာနန္ဒာ	မူလ၊ဋီ၊၂။ အနု၊ဋီ၊၂။
၂၂။	ပဉ္စပကရဏမူလဋီကာ(တ) ပဉ္စပကရဏအနုဋီကာ(တ)	အရှင်သာရိပုတ္တရာ အရှင်အာနန္ဒာ	မူလ၊ဋီ၊၃။ အနု၊ဋီ၊၃။
၂၃။	ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ(၀) (ပရမတ္ထမဉ္ဇူသာမဟာဋီကာ)	အရှင်ဓမ္မပါလ	ဝိသုဒ္ဓိ၊ဋီ၊၁။
၂၄။	ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ(၃) (ပရမတ္ထမဉ္ဇူသာမဟာဋီကာ)	။	ဝိသုဒ္ဓိ၊ဋီ၊၂။

၂၅။	(က)ကခ်ါဋီကာဟောင်း	(အမည်မသိ)	ကခ်ါ၊ဋီ။
	(ခ)ကခ်ါဋီကာသစ်	အရှင်ဗုဒ္ဓနာဂ	ကခ်ါ၊ဋီ၊သစ်။
၂၆။	(က)နေတ္တိဋီကာ	အရှင်ဓမ္မပါလ	နေတ္တိ၊ဋီ။
	(လီနတ္ထဝဏ္ဏနာဋီကာ)		
	(ခ)နေတ္တိဝိဘာဝနီ	အရှင်သဒ္ဓမ္မပါလ	နေတ္တိဝိဘာ။

* * *

ပြီးပါပြီ

"တစ်ရံတစ်ခါ ဆန့်ကျင်ဘက်တို့မှ လွတ်မြောက်သော မေတ္တာ၊ ကရုဏာ၊
မုဒိတာ၊ ဥပေက္ခာတို့ကို မိုဝဲလျက်လောကနှင့်မဆန့်ကျင်မှု၍
ကြံ့ခိုင်ပြီးမှ တစ်ယောက်တည်း ကျင့်ရာ၏ "

(ခဏ္ဍဝိသာဏသုတ်၊ သုတ္တနိပါတပါဠိတော်